# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့ (11-6-2015) (၈၂၂၈)


## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)



## ရှမ်းပြည်နယ် အင်းလေးဒေသကို မြန်မာနိုင်ငံ၏ ပထမဆုံး ဇီဝအဝန်းနယ်မြေအဖြစ် အသိအမှတ်ပြု သတ်မှတ်နိုင်ခဲ့

သတင်းစာမျက်နှာ ›› ၉

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

သတင်းစာမျက်နှာ ›› ၅

# မြန်မာ ယူ -၂၃ အသင်း အုပ်စုပထမဖြင့် ဆီမီးတက်




(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဘောလုံးပွဲစဉ်တွင် မြန်မာယူ – ၂၃ အသင်းက ကမ္ဘောဒီးယား ယူ – ၂၃ အသင်းကို အရှုံးမရှိ သရေကစားခဲ့ရာ စင်ကာပူနိုင်ငံရောက် မြန်မာပရိသတ်များက ဤသို့တစ်ခဲနက်အားပေးခဲ့သည်။ (သတင်း–ကျော်ဖုံး) [စိုးညွန့်]




## ကြေးမုံစာတည်းရှုထောင့် ၁၁-၆-၂၀၁၅ [ကြာသပတေးနေ့]

# ကလေးစာပေ တာဝန်သိ

ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် အာရှနိုင်ငံများအတွင်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေသည့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့ပူးပေါင်းပြီး ကလေးစာပေရေးသားသရုပ်ဖော်သော ပြိုင်ပွဲတစ်ရပ်ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ဆုရကလေးစာပေသရုပ်ဖော် စာအုပ်သုံးအုပ်ကို ပုံနှိပ်၍ နယ်မြို့များရှိ စာကြည့်တိုက်များသို့ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

ကလေးစာပေတိမ်ကောလာသော မျက်မှောက်ကာလ၌ ကလေးစာပေပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ထိုကဲ့သို့ ဆောင်ရွက်ပေးလိုက်ခြင်းသည် ကလေးများ၏အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာကောင်းမွန်သော ဆောင်ရွက်ချက်ဟု ဆိုရမည်ဖြစ်သည်။

ဤနေရာတွင် ကလေးဟူသောအဓိပ္ပာယ်ကို ဖွင့်ဆိုကြည့်ရမည်ဖြစ်သည်။ ကလေးဟူသည့်ဝေါဟာရကို Children ကလေးဟူသော အယူအဆတစ်ခုတည်းတွင်သာ ကန့်သတ်ထား၍ ရမည်မဟုတ်ချေ။ ကလေးသူငယ် Children နှင့် လူငယ် Youth နှစ်ရပ်စလုံးကို ခြုံငုံမိသော အရွယ်ကာလဖြစ်သင့်ပါသည်။

ကလေးသူငယ်ဆိုသည်မှာ မိခင်ရင်ခွင်တွင် ရှိစဉ်ကာလမှသည် စာရေး၊ စာဖတ်ခြင်းအတတ် မသင်ယူမီကာလမှ မူကြိုကျောင်းသို့ မတက်ရောက်မီကာလ ဖြစ်နိုင်ပါသည်။ ထိုအရွယ်မှာ စာမဖတ်နိုင်သေးမီကာလ၊ စကားပြောတတ်စကာလ၊ နားလည်ခါစအရွယ်မှစပြီး မိခင်၊ ဖခင်တို့ပြောပြသော ဒဏ္ဍာရီ၊ ပုံပြင်၊ ကဗျာများကို စတင်မှတ်သားသည့် ကာလဖြစ်နိုင်ပါသည်။

ထိုအရွယ်မှလွန်မြောက်ပြီး စာကို အတန်အသင့် ရေးတတ်၊ ဖတ်တတ်သော အရွယ်တွင် ပုံပြင်၊ ကဗျာတို့အပြင် ကာတွန်း၊ သရုပ်ဖော်ပန်းချီတို့သည် ကလေးငယ်များဖွံ့ဖြိုးရေးအတွက် ထိရောက်သောလက်နက်များဖြစ်ပါသည်။ မူလတန်းနှင့်အလယ်တန်းပညာသင်ယူချိန်အရွယ် အသက်ငါးနှစ်မှ ၁၂ နှစ်အရွယ် ကလေးများသည် အသိဉာဏ်ဖွံ့ဖြိုးမှုအား အကောင်းဆုံးအရွယ်များဖြစ်ပါသည်။ ထိုအရွယ်များအတွက် အသိပညာပေးစာပေ မျှဝေပေးခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။

ထို့ကြောင့် ကလေးသူငယ်ဆိုသည်ထက် ကလေးလူငယ်များအတွက် အသိအမြင်ပေးဝေခြင်းသည် ထိရောက်ပါသည်။ အနောက်နိုင်ငံများတွင် ထိုအရွယ်ကလေးလူငယ်များအတွက် ရည်စူးထုတ်ဝေသော သရုပ်ဖော်သမိုင်းဇာတ်လမ်းများတွင် ရှေးခေတ်သူရဲကောင်းများ၊ ကမ္ဘာ့သစ်ရှာဖွေသူများ၊ ကမ္ဘာကျော်ပုဂ္ဂိုလ်များအကြောင်းကို တခမ်းတနား ရေးသားတင်ပြကြသည်။

သမိုင်းသုတေသီဖြစ်ရန် အလားအလာရှိသည့် ကလေးသူငယ်များသည် ဤသရုပ်ဖော်ဇာတ်လမ်းများ ဖတ်ရှုရသောကြောင့် ၎င်းတို့အတွက် သမိုင်းစိတ်ဝင်စားမှု ပိုမိုထက်မြက်လာစေသည်။ ရှင်သန်လာသည်။ သမိုင်းဘာသာရပ်သာမက သဘာဝသိပ္ပံ၊ ပထဝီဝင်၊ သင်္ချာ၊ ဆေးသိပ္ပံ စသည်တို့ကို ထည့်သွင်းဖော်ပြခြင်းဖြင့် ထိုသရုပ်ဖော်စာပေသည် ကလေးများအတွက် စွယ်စုံကျမ်းကြီးတစ်ရပ်ထက်ပင် စိတ်ဝင်စားဖွယ်ကောင်းလာသည်။ ၎င်းတို့နိုင်ငံတွင် ထိပ်တန်း၌ရပ်တည်ခဲ့သော စာပေဖြစ်လာသည်။

မြန်မာနိုင်ငံတွင်လည်း လွန်ခဲ့သည့်ဆယ်စုနှစ် သုံးခုခန့်က ထိုသရုပ်ဖော်စာပေမျိုး စာပေဗိမာန်မှထွက်ခဲ့ဖူးသည်။ အကြောင်းအရာအလိုက် တစ်အုပ်ပြီးတစ်အုပ်ဆက်၍ထုတ်ထားသောကြောင့် ထိုစာစောင်များကို စုပေါင်း၍ချုပ်လိုက်သောအခါ စွယ်စုံကျမ်းသဖွယ်ဖြစ်လာသည်။ ထိုစာအုပ်များမှာ ရှားပါးပြီး ထိုအချိန်က ကလေးငယ်များ တန်ဖိုးထားဖတ်ရှုခဲ့ကြသည်။

ယနေ့တိုးတက်သည့်ခေတ်ကာလတွင် အသိဉာဏ်ပွင့်လင်းမှုတွင် ကလေးသူငယ်များအဆင့်ကျော်လွန်နေသည်ကို စာတည်းအဖွဲ့ဝင်များ သိမြင်ထားသင့်သည်။ ကလေးသူငယ်မကသည့် အသိအမြင်ကြားတွင် ခိုင်လုံသော သက်သေသက္ကာယ ပုံပြနိုင်မှုကို အထူးအလေးထားသည့် စာတည်းအဖွဲ့ဝင်များလည်း လိုအပ်လာသည်။

သို့ဖြစ်ရာ တိမ်မြုပ်နေသော ကလေးလူငယ်ဖွံ့ဖြိုးတိုးတက်ရေး သရုပ်ဖော်စာပေကို ရေးသားထုတ်လုပ်ကြရန်မှာ တာဝန်သိသော စာပေပညာရှင်တိုင်း၏ မဆိုင်းမတွလုပ်ကိုင်ကြရမည့် လုပ်ငန်းတာဝန်ဖြစ်သည်ဟု ကြေးမုံက ရှုမြင်ပါသည်။ ။

# မိုးရွာသော်လည်း မြန်န္တာကန်တော်ကြီး ရေလုံလောက်စွာမရရှိ၍ သောက်သုံးရေအခက်အခဲဖြစ်မည်ကို ဒေသခံများစိုးရိမ်နေ

**ငါ့သရောက် ဇွန် ၁၀**


မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် အမှတ်(၂)ဈေးကုန်းရပ်ကွက်အနီးရှိ မြန်န္တာကန်တော်ကြီးသည် နှစ်စဉ်မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်မှ ဒေသခံပြည်သူများနှင့် မြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသည့် ကျေးရွာအချို့ကို သောက်သုံးရေရရှိရေးအတွက် အကျိုးပြုလျက်ရှိရာ ယခုနှစ်တွင်ရာသီဥတုပူပြင်းမှုကြောင့် အဆိုပါကန်ကြီးအတွင်းမှ ရေများခန်းခြောက်စပြုလာပြီဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် သောက်သုံးရေအခက်အခဲဖြစ်မည်ကို စိုးရိမ်ပူပန်လျက်ရှိကြကြောင်း မြို့ပေါ်ရပ်ကွက်ဒေသခံပြည်သူများထံမှ သိရသည်။

ထိုသို့ ငါ့သရောက်မြို့နေ ဒေသခံပြည်သူများကို သောက်သုံးရေရရှိရေးအကျိုးပြုနေသည့် မြန်န္တာကန်တော်ကြီးသည်ပူပြင်းသည့်ရာသီဥတုဒဏ်ကြောင့် ရေများခန်းခြောက်လာပြီဖြစ်၍ ယခုလအတွင်း ရေဝင်ရောက်စေမည့် လုံလောက်သောမိုးရွာသွန်းမှုမရှိပါက မြို့ပေါ်ရပ်ကွက်များမှ ဒေသခံများအတွက် သောက်သုံးရေအခက်အခဲဖြစ်လာနိုင်ပြီး မြန်န္တာကန်တော်ကြီးအပြင် ငါ့သရောက်မြို့ပေါ်ရပ်ကွက်အချို့မှ ရေတွင်းအချို့မှာလည်း ရာသီဥတုပူပြင်းလွန်း၍ ရေမထွက်တော့ခြင်း၊ ရေထွက်သော်လည်း ရေထွက်နှုန်းနှင့် ရေသုံးစွဲမှုပမာဏမှာ မျှတမှုမရှိခြင်းတို့ကြောင့် သောက်သုံးရေအခက်အခဲများနှင့် ရင်ဆိုင်ရမည်ကို ဒေသခံများစိုးရိမ်နေကြခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ်က ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ မိုးရွာပြန်တော့လည်း ကွက်ကျားမိုးနဲ့ သီးနှံစိုက်ပျိုးကောင်းရုံသာမိုးကရွာတာဗျ။ ဒါ့ကြောင့် သောက်သုံးရေ အခက်အခဲဖြစ်မှာကို ကျွန်တော်တို့ဒေသခံတွေက စိုးရိမ်နေရတာပါ။ ဒီလအတွင်းမှာသာ ကန်တော်ကြီးအတွင်း မိုးရေမဝင်ရောက်ဘူးဆိုရင်တော့ လူတွေတင်မကဘူး၊ တိရစ္ဆာန်တွေပါ ဒုက္ခရောက်ကုန်ကြမှာပါ" ဟု အမှတ်(၂)ဈေးကုန်းရပ်နေသူတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(IPRD)**






## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၁၀**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၅၂၀၀၀ | - | ၇၅၈၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၅၂၀၀၀ | - | ၇၅၈၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၁၀၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၄၉. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၈. ၀၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၂. ၇၈၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၅. ၂၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၇. ၂၅၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၈၈. ၆၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၈. ၇၀၉ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၄၉. ၅၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၁၇. ၉၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ကိုအောင်အောင်မိုး CDC No. 56323 ၏ WK.D 00289114 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၇၄၈၅၈

**ဝန်ထမ်းအလိုရှိသည်**

1. Site Engineer (Civil) M(3)Post
AGTI/B-Tech/B.E လုပ်ငန်းအတွေ့အကြုံ(၂-၅)နှစ်အတွင်း ရှိရမည်။
2. Quantity Surveyor(Civil) M/F(2)Post
AGTI/B-Tech/B.E လုပ်ငန်းအတွေ့အကြုံ(၂)နှစ်အထက် ရှိရမည်။
AUTO CAD 2D/3D ကျွမ်းကျင်သူဦးစားပေးမည်။
English စာကျွမ်းကျင်ရမည်။

လျှောက်ထားလိုသူများသည် CV Form၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာနှင့် အခြားလိုအပ်သော စာရွက်စာတမ်းများနှင့်အတူ အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**T.I.CC**

(၃)လွှာ၊ C(5)၊ တော်ဝင်အိမ်ရာ၊ သမ္မတရုပ်ရှင်ရုံအနီး၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
**Ph:09-91919191, Email:admin@ticcmm.com**

**GOLDEN STAR**
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

**HTOO Car Rental**
PH: 09730531 23
09799990823

**ဖခင်အမည်မှန်**

အထက(မြန်အောင်)၊ သတ္တမတန်း (B) တွင် ပညာကြားနေသော မောင်ဖြိုးမင်းပိုင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း ဖြစ်ပါသည်။ ဦးထွန်းထွန်းဝင်း

**သီဟ(၄၀)သူငယ်ချင်းများသို့**

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၀)သီဟတပ်ခွဲ၏ (၄၅)နှစ်မြောက် ကျောင်းဆင်း နှစ်ပတ်လည်နေ့အား အောက်ပါအစီအစဉ်များအတိုင်း ကျင်းပပြုလုပ်ပါမည်။

| | | |
|---|---|---|
| ဆွမ်းကပ်လှူဒါန်းခြင်း | အချိန် | - ၂၀-၆-၂၀၁၅ရက်(စနေနေ့)၊ နံနက် ၉နာရီ |
| (မိသားစု) | နေရာ | သမ္မာသမ္ဗုဒ္ဓါဓမ္မာရုံ (သီဟ ၄၀ဓမ္မာရုံ)၊ စွယ်တော်မြတ်စေတီ |
| ညစာစားပွဲ | အချိန် | - ၂၀-၆-၂၀၁၅ရက်(စနေနေ့)၊ ည ၇နာရီ |
| | နေရာ | မြိုင်ဟေဝန်စားသောက်ဆိုင်(မရမ်းကုန်းလမ်းဆုံ) |
| ဂေါက်သီးရိုက်ကစားခြင်း | အချိန် | - ၂၁-၆-၂၀၁၅ရက်(တနင်္ဂနွေနေ့)၊ နံနက် ၇နာရီ |
| | နေရာ | တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ) |

**အမည်ပြောင်း**

အဖ ဦးသန်းညွန့်[၁၄/အဂပ(နိုင်)၁၃၆၈၉၅]၏သားဖြစ်သူ သာကေတမြို့နယ်၊ အထက(၁)၊ ဒသမတန်း(F)မှ မောင်သက်ဇွဲပိုင်အား မောင်သက်ဇွဲအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်သက်ဇွဲအောင်

**သင်္ချိုင်း ဦးအောင်ဖေသောင်း**

( 4 ) : ( 8 ) : ( 10 ) တန်းများ (15000)
( ၇၀ ) တ-ထပ် ၊ဗိုလ်ဆွန်ပက်လမ်း ၊ ပန်းဘဲတန်း။
ဖုန်း- 095192923 - 01246108

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် / နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

မဲဆန္ဒရှင်များ မဲပေးသင့်သည်၊
မဲပေးမည်ဆိုပါက
သင့်အမည် မဲစာရင်းတွင် ပါရန်လိုသည်။

## မြန်မာ-ဂျပန်အသင်း၏ ထူးချွန်ကျောင်းသားများအတွက် ဂျပန်သို့ လေ့လာရေးခရီးစဉ်

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ၂၀ ကို ယခုနှစ် စက်တင်ဘာလအတွင်း ဂျပန်နိုင်ငံသို့ ရှစ်ရက်ကြာ သွားရောက်လည်ပတ်သည့် အစီအစဉ်တစ်ရပ်အတွက် လျှောက်လွှာများ တင်သွင်းနိုင်ကြောင်း မြန်မာ-ဂျပန်အသင်း (MJA) မှ တာဝန်ရှိသူများက ပြောကြားသည်။

ဂျပန်နိုင်ငံသို့ သွားရောက်လည်ပတ်ခွင့်ရမည့် ယင်းလေ့လာရေးအစီအစဉ်အရ ပြီးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသူ ကျောင်းသား ၉၅ ဦး လျှောက်ထားနိုင်ကြပြီး လျှောက်လွှာ ပိတ်ရက်မှာ ဇူလိုင် ၁၀ ရက်ဖြစ်ကြောင်း၊ မြန်မာ-ဂျပန်အသင်းမှ တာဝန်ရှိသူများက လျှောက်ထားသူ ၉၅ ဦးထဲမှ ဆန်ခါတင် စာရင်းဝင်သူများကို ခေါ်ယူကာ အင်တာဗျူးပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-ဂျပန်အသင်း (MJA) ဥက္ကဋ္ဌ ဦးစောလှမင်းက နှစ်နိုင်ငံကြား အပြန်အလှန်သွားရောက်လည်ပတ်သည့် ခရီးစဉ်များ၏ ရည်ရွယ်ချက်မှာ နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော မြန်မာကျောင်းသားများကို ဂုဏ်ပြုချီးမြှင့်ရေးတို့ဖြစ်ကြောင်း ပြောကြားသည်။

ယခုအစီအစဉ်အရ ရွေးချယ်ခံရသော မြန်မာကျောင်းသားများသည် တိုကျိုမြို့သို့ ရောက်ရှိစဉ် တိုကျိုမြို့ပေါ်ရှိ တက္ကသိုလ်တစ်ခုနှင့် အထွေထွေသိပ္ပံပြတိုက်သို့ သွားရောက်လေ့လာလည်ပတ်ခွင့်နှင့် ဂျပန်နိုင်ငံ မြောက်ပိုင်းဒေသ၌ လေးရက်တာ အနားယူအပန်းဖြေခွင့်ရရှိမည် ဖြစ်သည်။

မြန်မာ-ဂျပန်အသင်းသည် ဇွန် ၂ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ ရွှေမြယာ ဘုန်းတော်ကြီးကျောင်းနှင့် ဖူးကြီးတိုက်နယ် အခြေခံမူလတန်းကျောင်းများမှ ကျောင်းသားများကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ လှူဒါန်းခဲ့ကြောင်း သိရသည်။

(ကျော်သဲအိမ်)

## လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာတွင် လူတော် လူကောင်းများရွေးချယ်

**နေပြည်တော် ဇွန် ၁၀**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် NIMD & DEMO FINLAND တို့မှ ဖွင့်လှစ်သည့် မြန်မာ့နိုင်ငံရေးသင်တန်းကျောင်း (Myanmar School of Politics) သို့ တက်ရောက်ခဲ့သည့် သင်တန်းသားဟောင်းများ တွေ့ဆုံပွဲကို နေပြည်တော်ရှိ တော်ဝင်နေပြည်တော်ဟိုတယ်၌ ယနေ့နံနက် ၈ နာရီခွဲတွင် ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ တက်ရောက်၍ အမှာစကားပြောကြားသည်။



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာ၌ နိုင်ငံရေးပါတီများအချင်းချင်း ချစ်ခင်စည်းလုံး၍ ပူးပေါင်းဆောင်ရွက်ခြင်းသည် အရေးကြီးကြောင်း၊ နိုင်ငံတော်အကျိုးအတွက် ပါတီများအချင်းချင်း နားလည်မှုရှိပြီး ပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ပထမဦးဆုံးသင်တန်းကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ၁၅-၁၂-၂၀၁၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဒုတိယသင်တန်းကို မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ၂၇-၄-၂၀၁၅ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း၊ သင်တန်းအစီရင်ခံစာအရ အကျိုးရလဒ်ကောင်းများ တွေ့ရှိရပါကြောင်း၊ အနာဂတ်ကို ဦးဆောင်မည့်သူများမှာ လူငယ်များဖြစ်၍ အားထားပါကြောင်း၊ လူငယ်များအနေဖြင့် ပညာတတ်မှု၊ ကျန်းမာမှု နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ယနေ့ တာဝန်ရှိသူများအနေဖြင့် လူငယ်များကို ပြုစုပျိုးထောင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရွေးကောက်ပွဲ အတွေ့အကြုံဗဟုသုတပိုင်း အားနည်းကြောင်း၊ လွတ်လပ်ရေးရပြီး(၆၇)နှစ်အတွင်းတွင် ရွေးကောက်ပွဲ အတွေ့အကြုံ (၅)ကြိမ်သာရှိကြောင်း၊ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ ကျင်းပခဲ့သော်လည်း ကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် လူထုမှာ ရွေးကောက်ပွဲအရေးကြီးပုံနှင့် အနှစ်သာရကို တိတိကျကျ သိရှိနားလည်ခြင်းမရှိခဲ့ကြောင်း၊ ရွေးကောက်ပွဲဆိုသည်မှာ လူထု၏ အချုပ်အခြာအာဏာကို နိုင်ငံတစ်ဝန်းပျံ့နှံ့စေရန်အတွက် ပြည်သူလူထုမှကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်၍ လွှတ်တော်တွင် အာဏာသုံးရပ်ကို ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ လူထုက လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက် တင်မြှောက်ရာတွင် လူတော်လူကောင်းများ ရွေးချယ်ရန်လိုကြောင်း၊ သို့မှသာ လွှတ်တော်အတွင်းသို့ အရည်အချင်းပြည့်ဝသော ကိုယ်စားလှယ်များ ရောက်ရှိပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အစိုးရဆိုသည်မှာ တစ်ဦးတစ်ယောက်၏ အစိုးရမဟုတ်ဘဲ အာဏာရပါတီသာလျှင်ဖြစ်ကြောင်း၊ ပါတီများအနေဖြင့် မိမိပါတီအာဏာရရှိပါက နိုင်ငံတော်တည်ဆောက်ရေးအတွက် မူဝါဒများချမှတ်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ အတိုက်အခံပါတီအနေဖြင့် အာဏာရပါတီ၏ လုပ်ဆောင်ချက်ကို စောင့်ကြည့်ပြီး လိုအပ်ချက်ကို ထောက်ပြတည့်မတ်ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အာဏာရပါတီ၏ လုပ်ဆောင်ချက်ကို အဆိုးမြင်ဆန့်ကျင်ပြီး ပူးပေါင်းဆောင်ရွက်မှုမရှိပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုရှိမည်မဟုတ်ကြောင်း၊ ပါတီဝင်များအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် နိုင်ငံတကာရေးရာ အမြင်စသည့် အမြင် ငါးမြင်ရှိရန်လိုကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် မိမိပါတီဝင်များ၏ စွမ်းဆောင်မှု အရည်အသွေးကို တိုးတက်အောင် အစဉ်မြှင့်တင်နေရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဖင်လန်နိုင်ငံ Green Party မှ လွှတ်တော်ကိုယ်စားလှယ် Ms. Helli Jarvinen က လွှတ်တော်အတွင်း အမျိုးသမီးကိုယ်စားလှယ်များ ပါဝင်မှုမြင့်မားစေရန် ဆန္ဒရှိကြောင်း၊ မိမိပါတီ သို့မဟုတ် အခြားပါတီမှ အမျိုးသမီးများ ပိုမိုပါဝင်ရေးကို ဆောင်ရွက်ကြရန်လိုကြောင်း၊ နယ်သာလန်နိုင်ငံ Labour Party မှ လွှတ်တော်ကိုယ်စားလှယ် Mr. Michiel Servaes က နိုင်ငံရေးဆိုသည်မှာ ပွင့်လင်းသည့် စကားစစ်ထိုးပွဲဖြစ်ကြောင်း၊ တက်ရောက်လာသည့် ပါတီဝင်များအနေဖြင့် ကော်မရှင်၏ တာဝန်ယူရမှုများကို သိရှိရန်လိုကြောင်း၊ သင်တန်းသားများအနေဖြင့် အနာဂတ်၏ ကြယ်ပွင့်များဖြစ်သဖြင့် ကြိုးစားလေ့လာရန်လိုကြောင်း ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အလုပ်ခွင်ထိခိုက်သေဆုံးသူ၏ အကျိုးခံစားခွင့် ထုတ်ပေး

**ပဲခူး ဇွန် ၁၀**

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ အလုပ်ခွင်တွင် ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်ငွေ တစ်လုံးတစ်ခဲတည်း ထုတ်ပေးခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ညောင်အင်းစက်မှုဇုန်ရှိ ဆုစ်စတားအထည်ချုပ်စက်ရုံ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး တိုင်းလူမှုဖူလုံရေးတာဝန်ခံ အရာရှိ ဦးစောတင်ဦးက အဖွင့်အမှာစကားပြောကြားပြီး လုပ်ငန်းခွင်မှ အပြန် ယာဉ်တိုက်ခံရမှုကြောင့် သေဆုံးခဲ့သည့် ဆုစ်စတားအထည်ချုပ်စက်ရုံမှ လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမား ဒေါ်အေးအေးမာ၏ ကျန်ရစ်သူမိသားစုအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ နာရေးစရိတ်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၁၃၉၆၂၀၀ ကို တစ်လုံးတစ်ခဲတည်း ထုတ်ပေးခဲ့ကြောင်း သိရသည်။

ကရင်(မြန်/ဆက်)

## စက်မှုလက်မှုသိပ္ပံနှင့်နည်းပညာအထက်တန်းကျောင်းများတွင် လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းရေး သင်ကြားပေး

**နေပြည်တော် ဇွန် ၁၀**

ပညာရပ် ကျွမ်းကျင်မှုများကို လေ့ကျင့် မွေးထုတ်ပေးရန်၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်၊ နိုင်ငံသားတိုင်း အလုပ်အကိုင်ရရှိရန်နှင့် တစ်ဦးချင်းဝင်ငွေ တိုးတက်စေရန်တို့ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်း ပေးနိုင်ရန်အတွက် အစိုးရ နည်းပညာအထက်တန်းကျောင်း(တောင်ငူ)ရှိ ဘက်စုံ ပညာသင်တန်းကျောင်း (Polytechnic Center)တွင် ဖွင့်လှစ်ထားရှိသော လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းရေးသင်တန်း၏ သင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ဇွန် ၅ ရက် မွန်းလွဲပိုင်းက အစိုးရနည်းပညာအထက်တန်းကျောင်း (တောင်ငူ)၊ ဘက်စုံပညာသင်တန်းကျောင်း၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ယခုနှစ် မေ ၂၁ ရက်မှ စတင်၍ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရ နည်းပညာအထက်တန်းကျောင်းများတွင် ဘက်စုံသက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပြီး သက်ဆိုင်ရာဒေသ လိုအပ်ချက်နှင့် ကိုက်ညီသည့်သင်တန်းများ ဖွင့်လှစ်ပေးရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာ အစိုးရနည်းပညာအထက်တန်းကျောင်းမှ ကျောင်းသားများသည်လည်း ယခုဖွင့်လှစ်သင်ကြားပေးမည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာ ပြုပြင်ထိန်းသိမ်းရေးသင်တန်းများ တက်ရောက်ခွင့်ရမည်ဖြစ်၍ ဘက်စုံသက်မွေးပညာသင်တန်းများသာမက အစိုးရနည်းပညာ အထက်တန်းကျောင်းသားများပါ သက်ဆိုင်ရာဘာသာရပ်များတွင် ကျွမ်းကျင်စွာတတ်မြောက်လာမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းရေးသင်တန်းတွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၈ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မေ ၂၇ ရက်မှ ဇွန် ၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်းနှင့် ဇွန် ၁၅ ရက်မှစတင်၍ အစိုးရ နည်းပညာအထက်တန်းကျောင်း(တောင်ငူ)ရှိ ဘက်စုံပညာသင်တန်းကျောင်းတွင် လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းရေးသင်တန်း၊ အိမ်တွင်းလျှပ်စစ်ဆက်သွယ်ရေးသင်တန်း၊ ဂဟေဆက် သင်တန်းနှင့် တွင်ခုံသင်တန်း လေးမျိုးကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ကြေးမုံ)

## အာဖရိက၏ အကြီးဆုံးသော ကုန်သွယ်ရေးဇုန် ထူထောင်မည်

**ကိုင်ရို ဇွန် ၁၀**

လူဦးရေအားဖြင့် သန်း ၆၀၀ ကျော်ရှိသော နိုင်ငံပေါင်း ၂၆ နိုင်ငံပါဝင်သည့်အာဖရိက၏ အကြီးဆုံး လွတ်လပ်သောကုန်သွယ်ရေးဇုန် ထူထောင်မည်ဖြစ်ကြောင်း ယနေ့ ရိုက်တာက ဖော်ပြသည်။

အီဂျစ်နိုင်ငံတွင် လက်မှတ်ရေးထိုးကြမည့် အဆိုပါစာချုပ်သည် အာဖရိကတိုက်၏ ဂျီဒီပီ ထက်ဝက်ကျော် ကိုယ်စားပြုသော နိုင်ငံများသို့ ဖြတ်သန်းလျက်ရှိသည့် ကုန်စည်များ လွယ်ကူစေရန် ရည်ရွယ်သည်။

ကိုလိုနီအုပ်ချုပ်မှုအောက်မှ လွတ်လပ်ရေးရပြီးချိန်ကတည်းက အစိုးရတို့သည် အာဖရိကတိုက်အတွင်း နိုင်ငံများအချင်းချင်း ကုန်သွယ်မှုတိုးတက်စေရန် နည်းလမ်းရှာဖွေလျက်ရှိကြသည်။

ကားလမ်းများ၊ ရထားလမ်းများနှင့် လေကြောင်းလိုင်းများ၏ ခေတ်နောက်ကျခြင်း၊ ချို့တဲ့ခြင်းများက ကုန်စည်များ နယ်စပ်ကို ဖြတ်ကျော်ရာတွင် အခက်အခဲများ ကြုံတွေ့ရစေသည်။

လက်ရှိ စီးပွားရေးအုပ်စုသုံးစုဖြစ်သော တောင်ပိုင်းအာဖရိက ဖွံ့ဖြိုးရေးအဖွဲ့ (အက်စ်အေဒီစီ)၊ အရှေ့ပိုင်းအာဖရိက ဖွံ့ဖြိုးရေးအဖွဲ့ (အီးအေစီ)နှင့် အရှေ့ပိုင်း တောင်ပိုင်းအာဖရိကဘုံဈေးကွက် (ကိုမီဆာ) တို့သည် ယခု တည်ထောင်မည့် စီးပွားရေးဇုန် စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

သုံးဖွဲ့ လွတ်လပ်စွာ ကုန်သွယ်ရေးဇုန် (တီအက်ဖ်တီအေ)ဟု ခေါ်တွင်မည့် ယင်းစာချုပ်ကို ယခုရက်သတ္တပတ်ကုန်တွင် တောင်အာဖရိကနိုင်ငံ၌ ကျင်းပမည့် အာဖရိက သမဂ္ဂထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ **ရိုက်တာ။**



## မားစ်ပိုင်းရပ်စ်ကူးစက်မှုမြင့်တက်သောကြောင့် တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေး အမေရိကန်ခရီးစဉ် ရွှေ့ဆိုင်းရ

ဆိုးလ် ဇွန် ၁၀

**တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးသည် နိုင်ငံအတွင်း မားစ်ပိုင်းရပ်စ်ကူးစက်မှုအခြေအနေ ပိုမိုမြင့်တက်လာသဖြင့် သူ၏အမေရိကန်နိုင်ငံသို့ သွားရောက်မည့်အစီအစဉ်ကို ရွှေ့ဆိုင်းလိုက်ကြောင်း သတင်းများအရသိရသည်။**

ဇွန် ၁၆ ရက်တွင် အမေရိကန်နှင့်တောင်ကိုရီးယားနိုင်ငံ နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးပွဲကျင်းပမည်ဖြစ်သောကြောင့် သမ္မတ ပတ်ဂွန်ဟေးက ဇွန် ၁၃ ရက်တွင် အမေရိကန်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားသည်။ သို့သော် နိုင်ငံအတွင်း မားစ်ရောဂါကူးစက်မှု အခြေအနေမှာ သိသိသာသာ မြင့်တက်ခဲ့သောကြောင့် ရောဂါကူးစက်မှုကို ထိရောက်စွာ ထိန်းချုပ်ဟန့်တားနိုင်ရန် သူ၏ခရီးစဉ်ကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် ဆော်ဒီအာရေဗျနိုင်ငံပြီးနောက် မားစ်ဗိုင်းရပ်စ်ပိုးကူးစက်ပြန့်ပွားမှု အများဆုံးတွေ့ရှိရသည့် နိုင်ငံဖြစ်လာသည်။ အဆိုပါမားစ်ဗိုင်းရပ်စ်ပိုးကို ၂၀၁၂ ခုနှစ်တွင် ဆော်ဒီအာရေဗျနိုင်ငံ၌ စတင်တွေ့ရှိခဲ့ပြီး ယခုအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ဗိုင်းရပ်စ်ပိုးတွေ့ရှိသူဦးရေ ၁၀၀၀ ကျော်ရှိပြီဖြစ်သည်။

တောင်ကိုရီးယားတွင် မားစ်ဗိုင်းရပ်စ်ပိုးတွေ့ရှိသူဦးရေမှာ လွန်ခဲ့သည့်သုံးပတ်အတွင်း ၁၀၀ ကျော်ရှိသည်။ ယင်းအနက် သေဆုံးသူ ကိုးဦးခန့်ရှိခဲ့သည်။ တောင်ကိုရီးယားနိုင်ငံတွင် မေ ၂၀ ရက်မှစတင်ပြီး မားစ်ဗိုင်းရပ်စ်ပိုးကူးစက်မှု စတင်တွေ့ရှိခဲ့သည်။ ဗိုင်းရပ်စ်ကူးစက်ခံရသူများကို နိုင်ငံအဝန်းရှိ ဆေးရုံ ၃၂ ရုံတွင်ဆေးကုသပေးမည်ဖြစ်သည်။ ဆိုးလ်၊ ဂျောင်ဂျီစီရင်စု၊ ချန်ချီရိုစီရင်စုတောင်ဘက်ပိုင်းရှိ ဒယ်ဂျီရိုနှင့် အာဆန်မြို့များရှိ အဆုတ်ရောင်ရောဂါဝေဒနာသည်များကို မားစ်ဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ အာဏာပိုင်များက စစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်သည်။ **ဆင်ဟွာ။**

## ကွန်ပျူတာ ကွန်ရက် ရာဇဝတ်မှုခင်း ကျူးလွန်ဖွယ်ရှိသူများကို ဖမ်းဆီး

**သည်ဟိတ် ဇွန် ၁၀**

ဥရောပတိုက်ရှိ ဘဏ်တိုက်များ၏ ဘဏ်စာရင်းများမှ ယူရိုငွေ သန်းနှင့်ချီကာ ခိုးယူခဲ့ကြသည်ဟု မသင်္ကာရသော ဂိုဏ်းတစ်ဂိုဏ်းမှ အဖွဲ့ဝင် ၄၉ ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ဥရောပရဲတပ်ဖွဲ့ (ယူရိုပိုလ်) က ဇွန် ၁၀ ရက်တွင် ပြောကြားသည်။

စပိန်၊ ပိုလန်နှင့် အီတလီနိုင်ငံတို့၌ ဂိုဏ်းဖွဲ့လှုပ်ရှားနေသော ကွန်ပျူတာ ကွန်ရက် ရာဇဝတ်မှုခင်း ကျူးလွန်သူများဟု မသင်္ကာသူများကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဥရောပတိုက်တစ်ဝန်းရှိဘဏ်တိုက်များ၏ ငွေစာရင်းများမှ ငွေကို ခိုးယူနိုင်ရန် ဂိုဏ်းဖွဲ့လှုပ်ရှားနေမှုကို စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ခဲ့ပြီးနောက် ရဲတပ်ဖွဲ့က နေရာပေါင်း ၅၈ ခုကို စီးနင်းရှာဖွေကာ မသင်္ကာသူများကို ထိန်းသိမ်းလိုက်ကြောင်း နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့အခြေစိုက် ဥရောပရဲတပ်ဖွဲ့ အေဂျင်စီက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ စုံစမ်းထောက်လှမ်းမှုနှင့် စစ်ဆင်ရေးလုပ်ငန်းတို့တွင် ဘယ်လ်ဂျီယံနှင့် ယူနိုက်တက်ကင်းဒမ်းတို့မှ တာဝန်ရှိသူများက ပါဝင်ကူညီခဲ့ကြသည်။

ကွန်ပျူတာကွန်ရက် ရာဇဝတ်မှုခင်း တိုက်ဖျက်ရေး စစ်ဆင်ရေး လုပ်ငန်းကို ဇွန် ၉ ရက်က ပြုလုပ်ခဲ့သည်။

အဖမ်းခံရသူများမှာ အများအားဖြင့် နိုင်ဂျီးရီးယားနှင့် ကင်မရွန်းနိုင်ငံတို့မှ ဖြစ်ကြပြီး ငွေကြေးခဝါချမှု ကွန်ရက်တစ်ခုမှတစ်ဆင့် ဥရောပသမဂ္ဂပြင်ပနိုင်ငံများသို့ ငွေမည်းများကို လွှဲပြောင်းပေးပို့နိုင်ရန် လိမ်လည်မှုများ ပြုလုပ်ခဲ့ကြသည်ဟု ယူဆရသည်။

**ရိုက်တာ။**



## အီရတ်သို့ အမေရိကန်စစ်သင်တန်း ဆရာများနှင့် အကြံပေးများ ထပ်လွှတ်ရန် စီစဉ်လျက်ရှိ

**ဝါရှင်တန် ဇွန် ၁၀**

အမေရိကန်ပြည်ထောင်စု သမ္မတအိုဘားမား အစိုးရသည် အီရတ်နိုင်ငံ အန်ဘာပြည်နယ်တွင် စစ်စခန်းအသစ်တစ်ခု တည်ဆောက်ရန်နှင့် အိုင်အက်စ် စစ်သွေးကြွများကို တိုက်ခိုက်ရာတွင် အခက်အခဲနှင့် ရင်ဆိုင်နေကြရသော အီရတ်တပ်များအား အကူအညီပေးရန်အတွက် စစ်သင်တန်းဆရာများနှင့် အကြံပေးဦးရေ ရာဂဏန်းကို စေလွှတ်ရန် စီမံကိန်းတစ်ရပ် ရေးဆွဲလျက်ရှိသည်ဟု အမေရိကန်တာဝန်ရှိသူများက ယမန်နေ့တွင် ပြောကြားခဲ့ကြောင်း ယနေ့ရိုက်တာ သတင်းတွင် ဖော်ပြသည်။

သမ္မတအိုဘားမားသည် အီရတ်နိုင်ငံရှိအမေရိကန်တပ်အင်အားကို တိုးချဲ့ရန် ယနေ့အစောဆုံးထား၍ အတည်ပြုပေးနိုင်သည်ဟု ဆွေးနွေးပွဲနှင့် နီးစပ်သော သတင်းအရင်းအမြစ်က ပြောသည်။

လွန်ခဲ့သည့်လတွင် အန်ဘာပြည်နယ် မြို့တော် ရာဇာဒီကို အိုင်အက်စ်တို့ သိမ်းယူပြီးနောက် အိုဘားမားက ၎င်း၏ ဗျူဟာအား ပထမဆုံးအကြိမ် ပြန်လည်ညှိနှိုင်းခြင်းဖြစ်သည်။

အိုဘားမားသည် အီရတ် စစ်မြေပြင်သို့ အမေရိကန် တိုက်ခိုက်ရေးတပ်များ စေလွှတ်ရန် သို့မဟုတ် ရှေ့တန်းစစ်မြေပြင် နီးကပ်သောစခန်းများသို့ စေလွှတ်ရန် ဆန့်ကျင်သော ၎င်း၏ သဘောထားကို စွဲမြဲစွာ ဆုပ်ကိုင်ထားမည်ဟု မျှော်လင့်ရကြောင်း အမည်မဖော်လိုသော တာဝန်ရှိသူများက ပြောသည်။

**ရိုက်တာ။**

## ယခုနှစ်အတွင်း ဥရောပသို့ ရွှေ့ပြောင်းလာသူ တစ်သိန်းကျော်ရှိ

**ကုလသမဂ္ဂ ဇွန် ၁၀။** ။ ယခုနှစ်အတွင်း မြေထဲပင်လယ်ကိုဖြတ်ကျော်၍ ဥရောပသို့ ရွှေ့ပြောင်းလာသူနှင့် ဒုက္ခသည်များ၏အရေအတွက်မှာ တစ်သိန်းကျော်ရှိသွားပြီဖြစ် ကြောင်း ကုလသမဂ္ဂအရာရှိများကပြောကြားသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ယခုနှစ်အတွင်း ဥရောပသို့ ရွှေ့ပြောင်းလာသူ ၅၄၀၀၀ သည် အီတလီနိုင်ငံသို့ ရောက်ရှိပြီး ၄၈၀၀၀ မှာ ဂရိနိုင်ငံသို့ရောက်ရှိလာခဲ့သည်ဟု ဇွန် ၉ ရက်တွင် ထုတ်ပြန်ကြေညာသည်။ ရွှေ့ပြောင်းလာသူများမှာ ဆီးရီးယား၊ အယ်ထရီယယ်နှင့် အာဖရိက ဆာဟာရဒေသခွဲတို့တွင် ပဋိပက္ခများနှင့် ဆင်းရဲဒုက္ခများရင်ဆိုင်နေရသည့်အတွက် ပိုမိုကောင်းမွန်သော ဘဝကိုပိုင်ဆိုင်နိုင်ရန်အတွက် ဥရောပသို့ ရွှေ့ပြောင်းလာကြခြင်းဖြစ်သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း ရွှေ့ပြောင်းလာသူ ၆၀၀၀ ခန့်ကို အီတလီနိုင်ငံတောင်ပိုင်းကမ်းလွန်တွင် ကယ်တင်ခဲ့ရသည်ဟု ကုလသမဂ္ဂ အရာရှိများက ပြောကြားသည်။ ဥရောပနိုင်ငံများသည် ဧပြီလအတွင်း ရွှေ့ပြောင်းလာသူ ၈၀၀ ခန့် လှေမှောက်နစ်မြုပ်သေဆုံးသွားပြီးကတည်းက ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ သို့သော် ဥရောပနိုင်ငံများသည် နေ့စဉ်ရောက်လာလျက်ရှိသည့် ရွှေ့ပြောင်းလာသူများနှင့် ဒုက္ခသည်များကို ခွဲဝေလက်ခံနေရသည်။ ဂရိနိုင်ငံသည် စုပြုံရောက်ရှိလာသည့် ရွှေ့ပြောင်းလာသူများအရေးနှင့်ပတ်သက်၍ ဝန်ထုပ်ဝန်ပိုးဖြစ်လျက်ရှိသည်။ ကုလသမဂ္ဂအရာရှိများက အမြန်ဆုံးအရေးယူဆောင်ရွက်ရန် ဂရိအစိုးရနှင့် လူမှုအဖွဲ့အစည်းများကို တောင်းဆိုလျက်ရှိသည်။ **အန်အိတ်ချ်လော။**



# ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် မွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇွန် ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စီပီကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ ဒါနင် ချရာဗနဲနော့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် မွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# စခန်းသွင်းလေ့ကျင့်ပေးသည့် အစီအစဉ်တက်ရောက်မည့် မြန်မာကျောင်းသား ကျောင်းသူများ အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်

**နေပြည်တော် ဇွန် ၁၀**

အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့၌ ဇွန် ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပလျက်ရှိသော အရှေ့တောင်အာရှနိုင်ငံများအတွင်းရှိ ကျောင်းသားလူငယ်များ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများရရှိလာစေရန် စခန်းသွင်းလေ့ကျင့်ပေးမှုအစီအစဉ်သို့ တက်ရောက်ကြမည့် မန္တလေးမြို့ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှ ပဥ္စမတန်းကျောင်းသား မောင်အာကာမောင်မောင်နှင့် မြိတ်မြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းမှ ပဥ္စမတန်းကျောင်းသူ မစိုးဝင်းမြတ်တို့သည် ကြီးကြပ်သူ မန္တလေးမြို့ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်သီဂီအုန်း (PGDMA) နှင့်အတူ ဇွန် ၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စတင်ထွက်ခွာသွားကြသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများသည် National ICT Award 2014 (Educational Project) ပြိုင်ပွဲတွင် နိုင်ငံတော်အဆင့် ဆုချီးမြှင့်ခြင်းခံခဲ့ရသူများဖြစ်ကြောင်း သိရသည်။ **မောင်ကျော်(ပညာရေး)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း**
**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်- )**

**၁၃၇၇ ခုနှစ်၊ လ ရက်**
**(၂၀၁၅ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ"** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉၊ ပုဒ်မခွဲ(ဃ)နှင့် ပုဒ်မခွဲ(စ) တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဃ) နိုင်ငံတော်အရေးအရာများဖြစ်သော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကာကွယ်ရေး စသည့် အမြင်များရှိရမည်။

(စ) မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏မိဘတစ်ပါးပါး သော်လည်းကောင်း၊ မိမိ၏ ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ မိမိ၏တရားဝင်သားသမီးတစ်ဦးဦး သော်လည်းကောင်း နိုင်ငံခြားအစိုးရ၏ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရိုသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူများ မဖြစ်စေရ။ ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသား သော်လည်းကောင်း ခံစားရသောအခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့် ရှိသူများမဖြစ်စေရ။"

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၀၊ ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) ယင်းအစုအဖွဲ့တစ်ဖွဲ့စီက ဒုတိယသမ္မတတစ်ဦးစီကို ပြည်ထောင်စုလွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးချယ်တင်မြှောက်ရမည်။"

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၈၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) ထိုသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့် နေ့ရက်မှစ၍ ထူးခြားသောအခြေအနေကို ဖြေရှင်းနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ခြွင်းချက်ပြုပြီး နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာလွှတ်တော်များ၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးထားသော အဖွဲ့အစည်းဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များအား တာဝန်မှ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။"

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၃၆။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း (၁) ပုဒ်မ ၁ မှ ၄၈ ထိ၊ အခန်း(၂) ပုဒ်မ ၄၉ မှ ၅၆ ထိ၊ အခန်း(၃) ပုဒ်မ ၅၉၊ ၆၀၊ အခန်း(၄) ပုဒ်မ ၇၄၊ ၁၀၉၊ ၁၄၁၊ ၁၆၁၊ အခန်း(၅) ပုဒ်မ ၂၀၀၊ ၂၀၁၊ ၂၄၈၊ ၂၇၆၊ အခန်း(၆) ပုဒ်မ ၂၉၃၊ ၂၉၄၊ ၃၀၅၊ ၃၁၄၊ ၃၂၀၊ အခန်း(၁၁) ပုဒ်မ ၄၁၀ မှ ၄၃၂ ထိ အခန်း(၁၂) ပုဒ်မ ၄၃၆ တို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ်ရာခိုင်နှုန်းအောက်မလျော့သော လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။

(ခ) ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ခုနစ်ဆယ်ရာခိုင်နှုန်းအောက် မလျော့သော လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။"

---

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**



## ပုံနှိပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ပါပြီ

လူကြီးမင်းတို့၏ စာအုပ်၊ စာစောင်၊ ဂျာနယ်နှင့် သတင်းစာ ပုံနှိပ်ခြင်းလုပ်ငန်းများအား ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့တွင် အဆင့်မီရောင်စုံစက်ကြီးများဖြင့် ပုံနှိပ်ခြင်းလုပ်ငန်းအား အရည်အသွေး အထူးအာမခံဖြင့် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ အသေးစိတ်အချက်အလက်များ သိလိုပါက အောက်ပါလိပ်စာများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(၁) နေပြည်တော်ပုံနှိပ်စက်ရုံ (ဇေယျာသီရိ)၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၆၁၇၃

(၂) စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ခလရ(၉၀)လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၁-၆၄၅၇၃၂

(၃) အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ၊ စစ-၁၁၊ ၄၈-လမ်း၊ အောင်ပင်လယ်၊ မန္တလေး၊ ဖုန်း-၀၂-၆၂၉၃၀

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

## ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ဆက်လက်ဖော်ပြမည်

**နေပြည်တော် ဇွန် ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (ပုဒ်မ ၄၃၆ (က)အတွက်)ကို ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဇွန် ၁၁ ရက် သတင်းစာများတွင် ဖော်ပြထားပြီး ဥပဒေကြမ်း (ပုဒ်မ ၄၃၆ (ခ) အတွက်)ကို ဇွန် ၁၂ ရက် သတင်းစာများတွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**(ကြေးမုံ)**

# ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် မြန်မာနိုင်ငံဂီတအစည်းအရုံးမှ တာဝန်ရှိသူများ၊ ဂီတအနုပညာရှင်များနှင့် တွေ့ဆုံဆွေးနွေး



**ရန်ကုန် ဇွန် ၁၀**

ဂီတအနုပညာသမားများ၏ အကျိုးစီးပွားများကို ကာကွယ်ရေး၊ ရသင့်ရထိုက်သော အခွင့်အရေးဆိုင်ရာများ ရရှိရေးတို့အတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးမှ ဥက္ကဋ္ဌ ဦးတင်ဦးလေးနှင့် တာဝန်ရှိသူများ၊ ဂီတအနုပညာရှင်များ၊ တေးရေးသူများနှင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီက တွေ့ဆုံဆွေးနွေးခဲ့သည်။**(ယာပုံ)**

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် တေးရေးပညာရှင်များ၏ မူပိုင်ခွင့်ကိစ္စ၊ လက်ရှိမြန်မာနိုင်ငံ ဂီတအစည်းအရုံးမှဆောင်ရွက်နေသည့် တေးရေးအလွှာ၊ တေးဆိုအလွှာ၊ အတီးအလွှာ၊ စက်မှုအလွှာ၊ ထုတ်လုပ်ဖြန့်ချိအလွှာတို့၏ အလွှာလိုက်မူပိုင်ခွင့်များ ခံစားနိုင်ရန် အကောင်အထည်ဖော်မှုအခြေအနေနှင့် ပြောင်းလဲလာသည့်နည်းပညာများနှင့်အညီ မူပိုင်ခွင့်အခွင့်အရေးများ ရရှိရေး၊စင်တင်တေးဂီတပွဲများ၊ KTV များနှင့်ပတ်သက်ပြီး ရရှိသင့်သည့် မူပိုင်ခွင့် အခွင့်အရေးကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

◆◆◆

# လက်ရှိမြန်မာရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသရန် ကာလကြာမြင့်စွာ တန်းစီစောင့်ဆိုင်းနေရသော ပြသရေးစနစ်မှ ရုံတွဲ အပြိုင်ပြသနိုင်သည့်စနစ်သစ်တစ်ခုကို အများသဘောတူ ဆုံးဖြတ်အတည်ပြုနိုင်ခဲ့ ယင်းအတည်ပြုချက်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ စမ်းသပ်ကျင့်သုံးသွားမည်

**ရန်ကုန် ဇွန် ၁၀**

လက်ရှိမြန်မာရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသရန် ကာလကြာမြင့်စွာ တန်းစီစောင့်ဆိုင်းနေရသော ပြသရေးစနစ်မှ ရုံတွဲအပြိုင်ပြသနိုင်သည့် စနစ်သစ်တစ်ခုကို အများသဘောတူ ဆုံးဖြတ်အတည်ပြုနိုင်ခဲ့ပြီး ယင်းအတည်ပြုချက်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ စမ်းသပ်ကျင့်သုံးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ရုံပိုင်ရှင်များ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး မြန်မာရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသမှုစနစ် ပြောင်းလဲနိုင်ရေးနှင့် စပ်လျဉ်း၍ ဒုတိယအကြိမ် ဆွေးနွေးပွဲတွင် အထက်ပါအတိုင်း အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

ယနေ့ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူအချို့အား မြန်မာ့သတင်းစဉ်သတင်းအဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။



ဒါရိုက်တာ ပန်းချီစိုးမိုး။

**ဒါရိုက်တာ ပန်းချီစိုးမိုး (နာယက၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)**

ဒီဆွေးနွေးပွဲက ရုပ်ရှင်ရုံနဲ့ပြသရေးစနစ်၊ ရိုက်ကူးရေးနဲ့လည်း ပတ်သက်တာပေါ့။ အထူးသဖြင့်ပြသရေးစနစ်ပါ၊ ဇာတ်ကားတွေက အခုချိန်မှာ ရိုက်တာများလာပြီ၊ ဇာတ်ကားရိုက်တာများလာတော့ ရုံများဖို့လိုတယ်။ ရုံများတော့ ရုံပိုင်ရှင်နဲ့ ထုတ်လုပ်သူ မျှတတဲ့ အချိုးအစားဖြစ်မှ ရုံပိုင်ရှင်လည်းအဆင်ပြေမယ်။ ထုတ်လုပ်သူလည်း အဆင်ပြေမယ်။ ထုတ်လုပ်သူနဲ့ ရုံပိုင်ရှင်မျှတအောင် ပြန်ကြားရေးဝန်ကြီးက အတတ်နိုင်ဆုံး ညှိနှိုင်းပေးတာ ကျေးဇူးတင်တယ်။ ဒီအတိုင်းဆက်သွားနေရင် ရိုက်ကူးရေး ပြန်ကျသွားမယ်။ အခုဆို ရိုက်ကူးရေးက တိုးတက်လာတယ်။ တိုးတက်လာတော့ ဇာတ်ကားတွေကရိုက်ပြီးပြီ၊ ပြဖို့ရုံက ရုံပြိုင်စနစ် မဟုတ်ဘူး။ တစ်ကားပြီးမှ တစ်ကားပြသရတဲ့အတွက် ဇာတ်ကားတွေက နှစ်နဲ့ချီစောင့်ရတယ်။ စောင့်ရတဲ့အတွက် ထုတ်လုပ်သူတွေက ငွေရေးကြေးရေး ကျန်သင့်သလောက် မကျန်ဘူး။ ကုန်ကျစရိတ်များတယ်၊ တစ်နှစ်ကြာမှ ပြရတယ်။ နောက်တစ်ကား ထပ်မရိုက်နိုင်ဘူး။ အဲဒီ အခက်အခဲရှိတယ်။ ရုံပြိုင်စနစ်က A Group, B Group နှစ်ခုခွဲလိုက်တဲ့အတွက် တစ်ချိန်တည်းမှာ ကားနှစ်ကားစုံပြတာဖြစ်တယ်။ စုံပြတဲ့အခါမှာ ရုံပိုင်ရှင်ဘက်ကလည်း လိုချင်တဲ့အချိုးအစားပြောတယ်။ ထုတ်လုပ်သူဘက်ကလည်းပြောမယ်။ အဲဒီအချိုးအစား နှစ်ခု ညီမျှအောင်ချိန်ပေးတယ်။ ဒီပွဲကအဆင်ပြေဖို့များပါတယ်။ အဆင်ပြေရင် ရုပ်ရှင်လောကလည်း တိုးတက်လာမယ်။ ပရိသတ်လည်း ရုပ်ရှင်ဇာတ်ကားများများ ကြည့်ရမယ်။ ရုပ်ရှင်လောကလည်း ရှင်သန်မယ်။



ဦးလူမင်း

ဝန်ကြီးကလည်း ကြိုးစားပြီးညှိနှိုင်းပေးတဲ့အတွက် ဝမ်းသာပါတယ်။ ရုပ်ရှင်လောကတစ်ခုလုံး တိုးတက်အောင်လုပ်ရတာ မလွယ်ဘူး။ စိတ်ပေါင်းများစွာကို တစ်စိတ်တည်းဖြစ်ဖို့ ညီမျှအောင်လုပ်ရတယ်။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိမှ၊ လုပ်ငန်းတိုင်း လုပ်ငန်းတိုင်း နားလည်မှုမရှိရင် အဲဒီလုပ်ငန်းပျက်စီးမှာ။ နားလည်မှုရှိမှ နှစ်ဦးနှစ်ဖက်အကျိုးရှိမှာ။ နိုင်ငံအတွက်လည်း ကောင်းမှာပါ။ ရုပ်ရှင်လောကအတွက်လည်း ကောင်းမယ်လို့ ယုံကြည်ပါတယ်။

**ဦးလူမင်း (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)**

မြန်မာနိုင်ငံမှာ ရုပ်ရှင်ရုံတွေ ရုံတင်ပြသရေးစနစ် နှစ်ပေါင်းများစွာ ဒီတစ်မျိုးတည်း ကျင့်သုံးလာရာကနေ ပြသရေးစနစ်ပြောင်းလဲနိုင်ဖို့အတွက် ထုတ်လုပ်သူတွေ၊ ရုံပိုင်ရှင်တွေ၊ ရုပ်ရှင်အစည်းအရုံးက တာဝန်ရှိသူတွေနဲ့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ပြီးခဲ့တဲ့ မေ ၁၆ ရက်က ဆွေးနွေးခဲ့ပြီး ၂၆ ရက်နေ့က ရုပ်ရှင်အစည်းအရုံးမှာ အသေးစိတ်ဆွေးနွေးခဲ့တယ်။ ပထမအကြိမ်ဆွေးနွေးပွဲရလဒ်ကို ဒီဆွေးနွေးပွဲမှာ အတည်ပြုဖို့။ ရုပ်ရှင်အနာဂတ်က လက်ရှိအခြေအနေထက် ကောင်းမွန်တဲ့ အလားအလာကောင်းတွေရှိနေပြီ။ အမိအရဆုပ်ကိုင်နိုင်ဖို့ ကျွန်တော်တို့လောကသားတွေ တာဝန်ဖြစ်တယ်။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေနဲ့ ဒီအလားအလာကောင်းတွေကို အမိအရဆုပ်ကိုင်ပြီး ရုပ်ရှင်လောကတိုးတက်အောင် ဖော်ဆောင်နိုင်ဖို့အတွက် အဓိကတာဝန်ရှိတဲ့ NGO အဖွဲ့ တစ်ခုဖြစ်တယ်။ အခု ရုပ်ရှင်ရုံအသစ်တွေ တစ်ရုံပြီးတစ်ရုံ နယ်တွေကအစ ဖွင့်နိုင်ပြီဆိုတော့ တိုးတက်တဲ့လက္ခဏာတွေအဖြစ် သာဓကပြလို့ရပြီ။ လက်ရှိရုပ်ရှင်ကို ဖလင်ကနေ ဒစ်ဂျစ်တယ်ကို ပြောင်းလိုက်တဲ့အတွက် ရုပ်ရှင်ရိုက်ကူးမှုက နှစ်ဆ၊ သုံးဆ တိုးတက်လာတယ်၊ ရိုက်ကူးမှုအပိုင်းက တိုးတက်လာသလို ရုပ်ရှင်ရုံတွေလည်း တိုးတက်လာပြီဖြစ်တဲ့အတွက် အဲဒီလိုပဲ ပြသရေးစနစ်ကို ပြောင်းလဲနိုင်မယ်ဆိုရင် အနာဂတ်ရုပ်ရှင်လောကရဲ့ အလားအလာကောင်းတွေဟာ လက်တစ်ကမ်းမှာ မဝေးတော့ဘူးလို့ ပြောလို့ရတယ်။ နိုင်ငံတကာကို ထိုးဖောက်ဖို့အတွက် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက် ဆက်သွယ်နေပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းထဲ ဝင်ဆံ့နိုင်အောင် တစ်ဆင့်ပြီးတစ်ဆင့်သွားရမှာပါ။



ကိုသက်

**ကိုသက် (ရွှေမင်းသမီးရုပ်ရှင်ထုတ်လုပ်ရေး၊ ရွှေမန်းရုပ်ရှင်ရုံ)**

ရုပ်ရှင်ထုတ်လုပ်သူရော ရုံပိုင်ရှင်ပါ နှစ်ခုလုံး လုပ်ခဲ့ဖူးတော့ ခံစားမှုလေးတွေ သိတယ်၊ ထုတ်လုပ်သူတွေ၊ ရုံပိုင်ရှင်တွေရဲ့ အခက်အခဲလေးတွေနဲ့ အတွေ့အကြုံလေးတွေကို ဆွေးနွေးခဲ့တယ်။ ပထမအစည်းအဝေး ဆုံးဖြတ်ချက်တွေကို ဒီဆွေးနွေးပွဲမှာ ဝန်ကြီးဆီ တင်ပြမှာပါ။ ဖြစ်စေချင်တာ ထုတ်လုပ်သူတွေရဲ့ ဆန္ဒ၊ ရုံပိုင်ရှင်တွေရဲ့ ဆန္ဒအရ အားလုံးပေါင်းစပ်ပြီး အကောင်းဆုံးဖြစ်မယ့် နည်းလမ်းကို ဝန်ကြီးကလည်း လမ်းညွှန်ပေးမယ်။ ထုတ်လုပ်သူ၊ ရုံရှင်တွေအားလုံးက သဘောတူမယ်ဆိုရင် မြန်မာ့ရုပ်ရှင်လုပ်ငန်းတိုးတက်ပြီး ရုပ်ရှင်ဇာတ်ကားတွေ အရေအတွက်များများထွက်လာနိုင်မယ်။ မကြာသေးခင်က ကျွန်တော်ကိုယ်တိုင်ရိုက်ထားတဲ့ ထိုင်းမင်းသမီးနဲ့ ပြေတီဦး ရုပ်ရှင်ဇာတ်ကားရှိတယ်။ မကြာမီရုံတင်တော့မယ်။ ပြသမှုစနစ်လေးတွေပြောင်းလာမယ်။ ရုံတွေလည်း အများကြီးပေါ်လာမယ်။ ဝန်ကြီးလမ်းညွှန်တဲ့ အချက်တွေနဲ့ ထုတ်လုပ်သူတွေ၊ ရုံပိုင်ရှင်တွေ သဘောတူညီချက်တွေနဲ့ ညှိနှိုင်းသွားမယ်ဆိုရင် အလွန်ကောင်းတဲ့ လမ်းကြောင်းတစ်ခုကို ရောက်သွားမယ်လို့ ယူဆပါတယ်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ - ရဲထွဋ်**

# မြန်မာ-တရုတ် သံတမန်ဆက်ဆံမှု (၆၅)နှစ်မြောက်နေ့အား ဂုဏ်ပြုဖျော်ဖြေ

**နေပြည်တော် ဇွန် ၁၀**

မြန်မာနှင့်တရုတ် သံတမန်ဆက်ဆံမှု ထူထောင်သည့်(၆၅)နှစ်မြောက်နေ့အခမ်းအနား ဂုဏ်ပြုအစီအစဉ်ကို ရှမ်းပြည်နယ်(မြောက်ပိုင်း)တာမိုးညဲဒေသ(မုန်းဝန်း) ဗမာယဉ်ကျေးမှုအဖွဲ့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် ကချင်ရိုးရာတိုင်းရင်းသား အကများ၊ ရှမ်းရိုးရာအကများနှင့် ဗမာရိုးရာအကများဖြင့် သွားရောက်ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

❐

**ရှမ်းတိုင်းရင်းသားရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။**



ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်တွင် မြန်မာနိုင်ငံမှ မတည်ရင်းနှီးငွေထည့်ဝင်ရန် ကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး



**နေပြည်တော် ဇွန် ၁၀**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၇) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က လွှတ်တော်သို့ ရှင်းလင်းတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းထားသည့် ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးက ဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါဥပဒေကြမ်းအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပြန်လည်ပေးပို့သွားရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်တွင် မြန်မာနိုင်ငံမှ မတည်ရင်းနှီးငွေထည့်ဝင်ရန် ကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး (ဒဂုံမြို့သစ်မြောက်ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးက ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အသေးစိတ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပလက်ဝမြို့ တစ်ဖက်ကမ်းတွင် ခေတ်မီဆိပ်ကမ်းတည်ဆောက်နေပြီး သင်္ဘောကြီးများ ဝင်/ထွက် သွားလာနိုင်ရန်အတွက် ရေလမ်းကင်းလွတ်အမြင့် ထည့်သွင်းတည်ဆောက်သွားမည်

**နေပြည်တော် ဇွန် ၁၀**

ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၆၁)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ပလက်ဝမဲဆန္ဒနယ်မှ ဦးပိုက်လင်း၏ **ကျောက်တော်-ပလက်ဝလမ်းနှင့် မတူပီ-ပလက်ဝ လမ်းပေါ် ဆက်စပ်မည့် ကုလားတန်မြစ်ကူးတံတား(ပလက်ဝ) ရေလမ်း အရှည်ပေ ၁၁၀၀ နှင့်ချဉ်းကပ်လမ်းပေ ၈၀၀ စုစုပေါင်း ပေ ၁၉၀၀ ရှိမည့် သံကူကွန်ကရစ် သံပေါင်ကြိုးတံတား တည်ဆောက်ပေးစေလိုပါသဖြင့် လာမည့် ဘတ်ဂျက်နှစ် သို့မဟုတ် မည်သည့်ခုနှစ်တွင်တည်ဆောက်ပေးမည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ကုလားတန်မြစ်ကူးတံတား (၁)စင်း ဆောက်လုပ်ရန်လိုအပ်ပါကြောင်း၊ ကျောက်တော်-ပလက်ဝ လမ်းပေါ်ရှိ ကုလားတန်မြစ်ကူးတံတား (ပလက်ဝ)အား ဆောက်လုပ်ရန်အတွက် ပဏာမလေ့လာမှုများ ပြုလုပ်ချက်အရ တံတားအရှည်ပေ ၁၂၀၀ ခန့် တည်ဆောက်ရန်လိုအပ်ပါကြောင်း၊ ပလက်ဝမြို့ တစ်ဖက်ကမ်းတွင် ခေတ်မီဆိပ်ကမ်း တည်ဆောက်နေပြီး သင်္ဘောကြီးများ ဝင်/ထွက် သွားလာနိုင်ရန်အတွက် ကစ္ဆပနဒီတံတား၏ ရေလမ်းကင်းလွတ်အမြင့်နှင့်အတူ ပေ၅၀ အမြင့် ထားရှိသွားမည်ဖြစ်ပါကြောင်း၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၂၀၀ ရရှိအောင် ပေ ၂၄၀ အကျယ် သံပေါင်နှစ်ခန်းပါ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ အသေးစိတ်ပုံစံထုတ်လုပ်ခြင်းနှင့် ခန့်မှန်းကုန်ကျစရိတ်တန်ဖိုးများ တွက်ချက်ပြီးပါက ဒုတိယ (၅)နှစ် စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူပြီး တည်ဆောက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး
ဦးစိုးတင့်။



ပလက်ဝမဲဆန္ဒနယ်မှ
ဦးပိုက်လင်း။

အောင်မြေသာစံမြို့နယ် မဲဆန္ဒနယ်မှ ဦးကိုကြီး၏ "စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် မင်းကွန်းဒေသရှိ သမိုင်းဝင်ကြက်ထောင့်ကန်တော်ကြီးကို အချိန်မီပြုပြင်ထိန်းသိမ်းမှုလုပ်ဆောင်ရန် အစီအစဉ် ရှိ မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေက ကြက်ထောင့်ကန်ကြီး၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်လက်ရာတန်ဖိုးများကြောင့် ယိုယွင်းပျက်စီးမှုများ ဆက်လက်မဖြစ်ပေါ်စေရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၆၈ သိန်းဖြင့် သစ်ငုတ်များတူးခြင်း၊ သဲကျောက်များ အစားထိုးခြင်း၊ ကြားသိပ်ခြင်း စသည့် ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေခွဲဝေရရှိမှုမရှိခြင်းတို့ကြောင့် ကြက်ထောင့်ကန်တော်ကြီး ထိန်းသိမ်းရန် ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်း။

သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ကြီးကြပ်မှုဖြင့် စစ်ကိုင်းမြို့နယ် မင်းကွန်းဒေသရှိ သမိုင်းဝင်ကြက်ထောင့်ကန်တော်ကြီးကို Tourist Attraction အဖြစ် ပြုပြင်ထိန်းသိမ်းလိုခြင်းနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာနက သဘောတူထားပြီး ထိုသို့ဆောင်ရွက်ရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းရေးလုပ်ငန်းကျွမ်းကျင်သည့် ဝန်ထမ်းများဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# သံလွင်မြစ်မှ ရေလွှဲပြောင်းသယ်ယူရေးမဟာစီမံကိန်း ဆက်လက်အကောင်အထည်ဖော်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၁၀**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၆၀)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်၏ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသကြီးများတွင် နှစ်စဉ်ခြောက်သွေ့ရာသီ ရေပြတ်လပ်မှု၊ မိုးရာသီရေကြီးနစ်မြုပ်မှုများကို ရေရှည်ကုစားနိုင်မည့် မြစ်ရေလွှဲပြောင်းသယ်ယူရေး စီမံကိန်း၊ မဟာစီမံချက် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်း၍ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ဖြိုးကျော်က အဆိုပါစီမံကိန်း၊ မဟာစီမံချက်သည် သံလွင်မြစ်ရေလွှဲပြောင်းသယ်ယူရေးစီမံကိန်း မဟာစီမံချက်ကို ပြည်သူများ၏ အကျိုးစီးပွားတိုးပွားစေရေးအလို့ငှာ တင်ပြခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါမဟာစီမံချက်ကို ဆောင်ရွက်မည်ဆိုပါက သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင်ဆိုင်ရာ အသေးစိတ်လေ့လာဆန်းစစ်မှုများ စနစ်တကျဆောင်ရွက်ရန် လိုအပ်ခြင်း၊ နိုင်ငံတကာအကူအညီများ လိုအပ်ခြင်း၊ ငွေကြေးအရင်းအနှီးများစွာလိုအပ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု နည်းစနစ်များ လိုအပ်ခြင်း၊ ဒေသခံတိုင်းရင်းသားလူမျိုးများ၏ ဆန္ဒရယူရန်လိုအပ်ခြင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ခြင်း စသည့် အချက်များကြောင့် လောလောဆယ် ဆောင်ရွက်ရန်မသင့်ဘဲ မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဌေးမောင်က အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်အာမခံနိုင်သည့် နှစ်စဉ် စီးဝင်ရေပေါ်များကြွယ်ဝသော သံလွင်မြစ်မှ ရေလွှဲပြောင်းသယ်ယူရေး မဟာစီမံကိန်းသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းဒေသကြီးနှင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်များအတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ရေရရှိရေး၊ မိုးရာသီရေကြီး၊ ရေလွှမ်းမှု ကာကွယ်ပေးနိုင်ရေး၊ ရေအားလျှပ်စစ်ထုတ်ယူ သုံးစွဲနိုင်ရေး၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး စသည့် အကျိုးတရားများကြောင့် လုပ်ဆောင်သင့်သည်ဟု သုံးသပ်လိုပါကြောင်း၊ ခက်ခဲစွာ လုပ်ဆောင်ရမည့် စီမံကိန်းကြီးဖြစ်သော်လည်း အဆင့်အလိုက်စူးစမ်းလေ့လာသည်မှ တည်ဆောက်အကောင်အထည်ဖော်သည်အထိ ဆောင်ရွက်ရန် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၁၂)မှ ဦးဌေးမောင်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) မှ ဦးစိုင်းသန့်ဇင်က သံလွင်မြစ်သည် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများရှိနေဆဲ နေရာဒေသများကို အဓိက ဖြတ်သန်းစီးဆင်းနေပြီး တိုင်းရင်းသားများအတွက် ကောင်းကျိုးထက်ဆိုးကျိုးများကိုသာ ဖြစ်ထွန်းစေနိုင်မည်ဟု ယူဆပါကြောင်း၊ လက်ရှိကြိုးပမ်းဆောင်ရွက်နေသည့် အမျိုးသား ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထိခိုက်စေနိုင်သည့် စီမံကိန်းလည်း ဖြစ်နေပါကြောင်း၊ တိုင်းရင်းသားများ၏ ယုံကြည်မှုကို လျော့ပါးပျက်စီးစေနိုင်မည့် မည်သည့်စီမံကိန်းကိုမျှ မပြုလုပ်သင့်သေးပါကြောင်းနှင့် တင်သွင်းသည့်အဆိုကို ကန့်ကွက်ပါကြောင်းဖြင့် ဆွေးနွေးသည်။



တပ်မတော်သားကိုယ်စားလှယ်
ဗိုလ်မှူးအောင်ဖြိုးကျော်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေးက ဖွံ့ဖြိုးပြီးတိုင်းပြည်များကို လေ့လာကြည့်လျှင် ရေရှည်စီမံကိန်းများ၏ အကျိုးဆက်များနှင့် စပ်လျဉ်း၍ ကောင်းကျိုးများကို ၎င်းတို့ပြည်သူများ ခံစားနေကြရသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံကိုလည်း ဖွံ့ဖြိုးသည့်နိုင်ငံ ဖြစ်လာစေရန် အခြေခံကောင်းများဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ ထွန်းကားလာစေရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး လျှပ်စစ်လိုအပ်ချက်ပြည့်မီရန် ဖြည့်ဆည်းပေးနိုင်မည့် ရေအားလျှပ်စစ်ကဏ္ဍ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးများကို ရေရှည်စီမံကိန်းများ ရေးဆွဲအတည်ပြုအကောင်အထည်ဖော်နိုင်မှသာ သားစဉ်မြေးဆက် အသီးအပွင့်များကို ခံစားသွားရမည် ဖြစ်ပါကြောင်း၊ မြစ်ရေလွှဲပြောင်းသယ်ယူအသုံးချရေးစီမံကိန်း မဟာစီမံချက်နှင့်ဆက်စပ်သည့် အဆိုအား ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်ကြီးမြို့ရှိ တန်ခိုးကြီးဘုရားများအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဇွန် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ရှိ တန်ခိုးကြီးဘုရားများအား ဖူးမြော်ကြည်ညိုသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စူဠာမုနိလောကချမ်းသာ စေတီတော်သို့ ရောက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရွှေဘုန်းပွင့်ဘုရားသို့ ရောက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဘုရားရင်ပြင် ရှုခင်းသာရှုရပ်မှနေ၍ တောင်ကြီးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စိမ်းလန်းစိုပြည် စည်ပင်သာယာနေမှုကို ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကို၊ ဦးသိန်းညွန့်တို့နှင့်အတူ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံးသို့ ရောက်ရှိကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် အစိုးရအဖွဲ့ဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးလမ်းညွှန် မှာကြားသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာ စေတီတော်အား လှည့်လည်ဖူးမြော်စဉ်။**

(သတင်းစဉ်)



**●မြန်မာနိုင်ငံမှ** ယူနက်စကို၏ ထိန်းသိမ်းစောင့်ရှောက်အပ်သည့် ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ခံရခြင်းဖြစ်သည်။

အင်းလေးကန်ဒေသသည် သန့်ရှင်းလတ်ဆတ်သည့်လေ၊ ရေနှင့် အေးမြသည့် ရာသီဥတုတို့ကို ပေးစွမ်းသည့် အပြင် ပေါ်များကြွယ်ဝသည့် ငါးသယံဇာတ၊ အခြားသယံဇာတအရင်းအမြစ်များနှင့် ဂေဟစနစ်ဝန်ဆောင်မှုများစွာ ထောက်ပံ့ပေးလျက်ရှိကာ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သည့်လုပ်ငန်းများတွင် နိုင်ငံတကာမှ နည်းပညာပံ့ပိုးကူညီမှုများ ထိရောက်အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် လူသားနှင့်ဇီဝအဝန်းနယ်မြေအဖြစ် ( MAB) သတ်မှတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အင်းလေးကန်သည် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့တွင် တည်ရှိပြီး မြန်မာနိုင်ငံရှိ သဘာဝကုန်းတွင်းရေကန်များအနက် ဒုတိယအကြီးဆုံးကန်လည်း ဖြစ်သည်။ အင်းလေးကန်၏ မူလရေပြင်နယ်နိမိတ်မှ တဖြည်းဖြည်း ရေပြင်ဧရိယာ ကျဉ်းမြောင်းလာပြီး ရေတိမ်ကောမှု၊ နုန်းပို့ချမှု၊ ရာသီဥတုဖောက်ပြန်မှု၊ လူဦးရေ တိုးပွားနေထိုင်လာမှုနှင့် ရေဝေရေလဲဒေသများတွင် သစ်တောပြုန်းတီးမှုများကြောင့် အင်းလေးကန်ထိန်းသိမ်းရေးလုပ်ငန်းများကို ၂၀၁၀ ခုနှစ်မှ စတင်ကာ စီမံချက်များ ချမှတ်ဆောင်ရွက်ခဲ့သည်။

အဆိုပါစီမံကိန်းများ၏ အကျိုးဆက်အဖြစ် ကိန်းဂဏန်း အချက်အလက် အထောက်အထားများ၊ သုတေသန ဆောင်ရွက်ချက်များ တင်ပြနိုင်ခဲ့ကာ ယူနက်စကို၏ လူသားနှင့်ဇီဝအဝန်းနယ်မြေ သတ်မှတ်ချက်တွင် ပါဝင်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်သည်။

အင်းလေးကန်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်တွင် တည်ရှိပြီး အလျား ၂၁ ကီလိုမီတာ၊ အနံ ၁၁ ကီလိုမီတာခန့် ကျယ်ဝန်းပြီး ပင်လယ်ရေမျက်နှာပြင်အထက် ကီလိုမီတာ ၁၅၀၀ ခန့်တွင် တည်ရှိနေသည့် ကုန်းတွင်းရေချိုအိုင်ဖြစ်သည်။ အင်းလေးကန်အတွင်းသို့ တာယောချောင်း၊ သန်းတောင်ချောင်း၊ အင်းတိမ်ချောင်း၊ သလဲဦးချောင်းတို့ စီးဝင်ပြီး တောင်ဘက်ရှိ ကယားပြည်နယ်သို့ ဘီလူးချောင်းအဖြစ် စီးထွက်ခြင်းဖြစ်သည်။

အင်းလေးကန်ဒေသ၏ ဇီဝအဝန်းနယ်မြေအဖြစ် ဧရိယာဟက်တာ ၄၈၉၇၂ ကို လွှမ်းခြုံမှုရှိပြီး ငှက်မျိုးစိတ် ၂၇၀၊ ငါး ၄၃ မျိုး၊ လိပ် သုံးမျိုး၊ လိပ်ပြာ ၉၄ မျိုး၊ ကုန်းနေရေနေ သတ္တဝါ ၃၄ မျိုး ကျက်စားနေထိုင်လျက်ရှိပြီး ဆေးဖက်ဝင်အပင် ၅၂၇ မျိုးနှင့် သစ်ခွ ၁၃၅ မျိုးတို့ ရှင်သန်ပေါက်ရောက်လျက်ရှိရာဒေသလည်း ဖြစ်သည်။

ထို့ပြင် ညောင်ရွှေ၊ ဖောင်တော်ဦးဘုရား၊ အလိုတော်ပေါက်ဘုရား၊ရွှေအင်းတိန်၊ ငါးဖယ်ချောင်း ရှေးဟောင်းကျောင်းနှင့် ရေခြံများ၊ ရေပေါ်ဈေး၊ နမ့်ပန်ဈေး၊ ဟဲယာရွာမဈေး စသည့် ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားသည့် နေရာများစွာ တည်ရှိနေသည်။

အင်းလေးကန်နှင့်ဆက်စပ်ပြီး နန်းပန်၊ စံကား၊ ဖယ်ခုံလမ်းကြောင်းတွင် လက်မှုပညာလုပ်ငန်းများဖြစ်သည့် ကြာသက်န်းရက်လုပ်သည့်လုပ်ငန်း၊ အင်းလေး ချည်ထည်ရက်ကန်းလုပ်ငန်း၊ ပန်းပဲလုပ်ငန်း၊ ပန်းထိမ်လုပ်ငန်း၊ အိုးလုပ်ငန်းများမှာလည်း ထိန်းသိမ်းစောင့်ရှောက်အပ်သည့် ယဉ်ကျေးမှုဆိုင်ရာ လက်မှုလုပ်ငန်းများဖြစ်သည်။

နန်းပန်- စံကား-ဖယ်ခုံသို့ ဘီလူးချောင်းမှတစ်ဆင့် အင်းလေးဒေသရှိ ရွာငယ်ပေါင်း ၃၀ ကျော်နှင့် ပတ်ဝန်းကျင်ရှိ တောင်စွယ်တောင်တန်းများ၊ ရေပြင်ကမ်းစပ်ရှိ ရာသီအလိုက်စိုက်ခင်းများ၊ တောတောင်သဘာဝပေါက်ပင်များနှင့် အင်းလေးရေပြင်ကို ဖြတ်သန်းရန် လှေကိုခြေဖြင့်လှော်ခတ်ကြသော ဒေသခံများ၏ မရိုးနိုင်သော အလှကို မြင်ရသူတိုင်း မမေ့နိုင်သည့် သဘာဝပန်းချီကားတစ်ချပ်သဖွယ်ပင် ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ပထမဆုံးအဖြစ် အင်းလေးကန်ဒေသကို ယူနက်စကို၏ ဇီဝအဝန်းနယ်မြေ (Biosphere Reserve)အဖြစ် သတ်မှတ်နိုင်ခြင်းသည်-

- ဒေသခံပြည်သူများနှင့် သဘာဝပတ်ဝန်းကျင် ဆက်စပ်မှုကို ဟန်ချက်ညီစေရန် မူဝါဒနှင့်လုပ်ငန်းစဉ်များ၊ စီမံအုပ်ချုပ်မှုစနစ်များကို ပေါင်းစပ်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းကောင်းများ ရရှိနိုင်ခြင်း၊
- ဇီဝမျိုးစုံ၊ မျိုးကွဲ ထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်မည် ဖြစ်ခြင်း၊
- အင်းလေးကန်ဒေသပတ်ဝန်းကျင် ပြန်လည်ကောင်းမွန်လာရေးကို အထောက်အကူပြုပြီး အခြားဒေသများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဘဝဖွံ့ဖြိုးရေးကို ဟန်ချက်ညီစွာဆောင်ရွက်နိုင်မည့် စံနမူနာ (Model ) အဖြစ် အသုံးပြုနိုင်ခြင်း၊
- နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာနှင့် ရန်ပုံငွေပံ့ပိုးမှုများ ရရှိနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ခံရပြီးနောက်တွင် အင်းလေးကန်ဒေသကို ဇီဝအဝန်းနယ်မြေ၏ နယ်မြေခွဲခြားသတ်မှတ်ချက်ဖြစ်သည့် ပင်မထိန်းသိမ်းရေးဇုန် နယ်မြေ၊ ကြားခံဇုန်နယ်မြေနှင့် ဖွံ့ဖြိုးရေးဇုန်နယ်မြေတို့ကို စနစ်တကျ အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ရေးဆွဲဆောင်ရွက်ရေး အင်းလေးကန်အတွင်းရေချို၊ ရေကောင်း၊ ရေသန့်များ ရရှိစေရန် သဘာဝစိုက်ပျိုးရေးလုပ်ငန်းများ (Organic Farming) ဦးစားပေး စိုက်ပျိုးနိုင်ရေး၊ ဒေသမျိုးရင်း စိုက်ပျိုးသီးနှံများကို အဓိကထားစိုက်ပျိုးရေးနှင့် ဓာတ်မြေသြဇာနှင့် ဓာတုဆေးဝါးများ အသုံးပြုမှု အနည်းဆုံးဖြစ်စေရေး၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှု တိုးတက်လာစေရန် အသိပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည်။

ဇွန် ၉ ရက်တွင် အင်းလေးကန်ဒေသသို့ သွားရောက်ခဲ့သော နိုင်ငံတော်သမ္မတက အင်းလေးဒေသ၏ အထင်ကရ ဖောင်တော်ဦးဘုရားကိုဖူးမြော်ကာ အင်းလေးကန် ရေပြင်တစ်လျှောက် စက်ယန္တရားများအသုံးပြုကာ နုန်းထိန်းတမံနှင့် နုန်းဖမ်းဆည်များ တည်ဆောက်နေမှု၊ သဲနုန်းတူးဖော်နေမှု၊ ရေလမ်းခြံစည်းရိုးနှင့် နုန်းမြေထိန်းခြံစည်းရိုးပြုလုပ်နေမှုများ၊ ကျွန်းမျောနှင့် ရေမှော် ရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့ပြင် အင်းလေးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေး၊ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့သည်။

ထို့ပြင် နိုင်ငံတော်သမ္မတကြီးက အင်းလေးဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် အင်းလေးပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ပြီး အစဉ်အမြဲသာယာလှပသန့်ရှင်းနေစေရန် သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်ဂေဟစနစ်များ မပျက်သုဉ်းစေရန်၊ အင်းလေးကန် ရေခန်းခြောက်မှု ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများတွင် အတူတကွ ပူးပေါင်းပါဝင် ထိန်းသိမ်းကာကွယ်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ယူနက်စကို၏ လူသားနှင့်ဇီဝအဝန်းနယ်မြေ အစီအစဉ်ကို ၁၉၇၂ ခုနှစ်တွင် စတင်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ လူသားနှင့်ဇီဝအဝန်းကွန်ရက်ကို လူသားနှင့်သဘာဝပတ်ဝန်းကျင်တို့အကြား ဆက်နွှယ်မှုပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ ၁၉၇၆ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးရှိ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ သိရှိမှုအခြေအနေထူးခြားကောင်းမွန်သည့် နေရာဒေသများတွင် လူသားများ၏ ယှဉ်တွဲနေထိုင်မှုနှင့်အတူ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်ထောက်ပံ့ရေးဆိုင်ရာ လုပ်ငန်းကြီး (၃)ရပ်တို့ကို ဟန်ချက်ညီစွာ ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ဇီဝအဝန်းနယ်မြေ (Biosphere Reserve ) များအဖြစ် သတ်မှတ်ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်သည့် အစီအစဉ်လည်းဖြစ်သည်။

ယင်းသို့ သတ်မှတ်နိုင်ခဲ့ခြင်းကြောင့် အင်းလေးကန်ဒေသ၏ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူတို့၏ လူမှုစီးပွားရေးမြှင့်တင်ခြင်း၊ ဒေသတွင်းယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းခြင်း၊ လူသားနှင့် သဘာဝပတ်ဝန်းကျင်ဆက်နွှယ်မှု ညီညွတ်မျှတစွာ တိုးတက်လာစေရန် ထိန်းညှိစီမံအုပ်ချုပ်မည့်စနစ်များ ချမှတ်ဆောင်ရွက်စေခြင်းတို့ကို အရှိန်မြှင့်တင်ဆောင်ရွက်ရင်း မြန်မာနိုင်ငံတွင် ပထမဆုံး ယူနက်စကို၏ ဇီဝအဝန်းနယ်မြေသစ်ဖြစ်လာသည့် အင်းလေးကန်ဒေသကို ဂုဏ်ပြုရေးလိုက်ပါသည်။

**(မိုးသူဇာစိုး)**

## ပြိုလဲနေသော ဓာတ်တိုင်ကြောင့် နွားထီးတစ်ကောင်ဓာတ်လိုက်သေဆုံး

**အင်းတော် ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နှင့်ဗန်းမောက်မြို့သို့ ဆက်သွယ်ထားသော ၁၁ ကေဗွီဓာတ်အားလိုင်းတွင် အင်းတော်မြို့နယ် နန့်ခင့်အုပ်စု လက်ပံကုန်းကွင်း ကွင်းအမှတ်(၁၀၃၃)တွင် ဆွေးမြည့်သစ်သားမီးတိုင် ပြိုလဲနေသောနေရာ၌ ဇွန် ၁၀ ရက် မွန်းလွဲ ၁ နာရီက နွားထီးတစ်ကောင် ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါပြိုလဲနေသော ဓာတ်တိုင်အနီးရှိ လယ်ကွင်းထဲတွင် မြက်စားနေသော နွားများထဲမှ အောင်ချမ်းသာရပ်ကွက်နေ ဦးတင်ဦး၏ နွားထီးတစ်ကောင်မှာ အဆိုပါ ဓာတ်ကြိုးအား တိုက်မိရာ ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ၁၁ ကေဗွီ ဓာတ်ကြိုးတစ်ပင် မီးလောင်ပြတ်တောက်ခဲ့ရာ ဗန်းမောက်မြို့သို့ ပို့လွှတ်ထားသော လျှပ်စစ်ဓာတ်အားများ ပြတ်တောက်ခဲ့ကြောင်း သိရသည်။

**(မောင်ချစ်လင်း)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပြည်တွင်းရေးရာ

# ရှမ်းပြည်နယ် အင်းလေးဒေသကို မြန်မာနိုင်ငံ၏ ပထမဆုံးဇီဝအဝန်းနယ်မြေအဖြစ် အသိအမှတ်ပြုသတ်မှတ်နိုင်ခဲ့




**နေပြည်တော် ဇွန် ၁၀**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်တို့မှ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များနှင့် ယနေ့နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးသိန်းညွန့်၊ ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဒေါက်တာကိုကိုဦး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုနှင့်အဖွဲ့ဝင်များ၊ တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်တို့မှ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် အင်းလေးဒေသသည် ရှမ်းပြည်နယ်၏ အဓိက Landmark တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် အင်းလေးဒေသ အမြဲတမ်းရှင်သန်ဖွံ့ဖြိုးနေစေရန် အားလုံးဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အင်းလေးကန်ရေရှည်တည်တံ့စေရန်၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် အင်းလေးကန်ရေခန်းခြောက်မှုကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပလျက်ရှိသည့် (၂၇) ကြိမ်မြောက် ကုလသမဂ္ဂပညာရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့၏ လူသားနှင့် ဇီဝအဝန်းနယ်မြေအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကောင်စီအစည်းအဝေးက ရှမ်းပြည်နယ် အင်းလေးဒေသကို မြန်မာနိုင်ငံ၏ ပထမဆုံးဇီဝအဝန်းနယ်မြေအဖြစ် အသိအမှတ်ပြုသတ်မှတ်နိုင်ခဲ့သဖြင့် နောင်တွင် ကူညီပံ့ပိုးမှုများစွာ ရရှိလာမည်ဖြစ်ပါကြောင်း။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပြီး ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန်အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ အဓိကလမ်းမကြီးများမှာလည်း ကောင်းမွန်နေပြီဖြစ်ပါကြောင်း၊ ဆက်သွယ်ရေးကဏ္ဍတွင် ကျေးလက်ဒေသအထိ လက်ကိုင်တယ်လီဖုန်းများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ပြီဖြစ်ပါကြောင်း၊ တိုင်းပြည်ကြွယ်ဝချမ်းသာရန် စိုက်ပျိုးရေးတစ်ခုတည်းဖြင့် မလုံလောက်ပါကြောင်း၊ စက်မှုနိုင်ငံတည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ စက်မှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် လျှပ်စစ်ရရှိရေးမှာ အရေးကြီးပါကြောင်း။

သို့ဖြစ်၍ လျှပ်စစ်မီးရရှိရေးကိုလည်း အထူးအလေးထားဆောင်ရွက်ပေးနေပါကြောင်း၊ လျှပ်စစ်မီးရရှိပါက မိမိတို့ဒေသနှင့်ကိုက်ညီသည့် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်မှာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးမှာလည်း အရေးကြီးပါကြောင်း၊ ရှမ်းပြည်နယ်တွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နည်းပညာတက္ကသိုလ်များ၊ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ပြီး မကြာမီတွင် တောင်ကြီးဆေးတက္ကသိုလ်ကို ဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်ပါကြောင်း။

တောင်ကြီးဆေးတက္ကသိုလ်မှ ဆရာဝန်များ ပေါ်ထွက်လာပြီး မိမိတို့ဒေသ၌ ပြန်လည်တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ပြီး ကျန်းမာရေးပိုင်းတွင် စောင့်ရှောက်မှုပေးနိုင်တော့မည်ဖြစ်ပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသာမက အသိပညာနှင့် အတတ်ပညာများပေါင်းစပ်ပြီး အသက်မွေးဝမ်းကျောင်းပြုနိုင်သည့် သင်တန်းကျောင်းများဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

အင်းလေးဒေသ၌ ဟိုတယ်များစွာရှိသည့်အတွက် ဟိုတယ်လုပ်ငန်းနှင့် ပတ်သက်သည့်သင်တန်းများ ဖွင့်လှစ်၍ သင်ကြားပေးခြင်းအားဖြင့် ဒေသခံများအနေဖြင့် ဟိုတယ်များတွင် သင့်လျော်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ယင်းအပြင် ဒေသတည်ငြိမ်အေးချမ်းမှုသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရန်အတွက် တရားဥပဒေစိုးမိုးရန် လိုအပ်ပါကြောင်း၊ အဆိုပါတရားဥပဒေများကို ပြည်သူများသိရှိလိုက်နာနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများက ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ အရေးကြီးဆုံးအချက်မှာ ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြိုးစားဆောင်ရွက်လျက်ရှိနေပါကြောင်း။

လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အစိုးရနှင့်အတူ နိုင်ငံသားအားလုံးက ဝိုင်းဝန်းပါဝင်ပူးပေါင်း၍ အမျိုးသားရေးတာဝန်အဖြစ်ခံယူပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ ရွေးကောက်ပွဲနီးကပ်လာချိန်တွင်လည်း တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးခင်မောင်စိုး၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဦးသန့်ရှင်းတို့က နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ လျှပ်စစ်ကဏ္ဍ၊ မွေးမြူရေးနှင့် စိုက်ပျိုးရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရေးဆိုင်ရာနှင့် အသက်မွေးဝမ်းကျောင်းမှုသင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးကဏ္ဍ၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်ပေးနေမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

■ မြန်မာယူ-၂၃ မှ

ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ကမ္ဘောဒီးယားအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ ၂၇ မိနစ်တွင် မြန်မာအသင်းဂိုးစပေးခဲ့ရပြီး ဆောပန်ကွမ်က ကမ္ဘောဒီးယားအတွက် ဂိုးစတင်သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းပြီးခါနီးတွင် မြန်မာအသင်း ပယ်နယ်တီနှစ်ကြိမ်ဆက်ပေးခဲ့ရပြီး မာသန်နာကာက ကမ္ဘောဒီးယားအတွက် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။

ပထမပိုင်းတွင် နှစ်ဂိုးပြတ်ရှုံးနေသည့် မြန်မာအသင်းမှာ ဒုတိယပိုင်းတွင် အမာခံကစားသမားများဖြစ်သည့် ကောင်းဆက်နိုင်၊ စည်သူအောင်နှင့် လှိုင်းဘိုဘိုတို့ကို ထည့်သွင်းကစားခဲ့သည်။ ၅၂ မိနစ်တွင် သီဟဇော်က မြန်မာအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သော်လည်း နှစ်မိနစ်အကြာတွင် မာသန်နာကာက ကမ္ဘောဒီးယားအသင်းအတွက် တတိယဂိုးသွင်းယူခဲ့ရာ မြန်မာအသင်း ရှုန်းကန်ခဲ့ရပြန်သည်။ ပွဲပြီးခါနီးမှ မြန်မာအသင်းကစားပုံပိုကောင်းလာခဲ့ပြီး ၈၉ မိနစ်တွင် ကောင်းဆက်နိုင်က ဒုတိယဂိုး၊ ၉၁ မိနစ်တွင် စည်သူအောင်က တတိယဂိုးကို သွင်းယူခဲ့သောကြောင့် မြန်မာအသင်းမှာ သရေတစ်မှတ် ရရှိခြင်းဖြစ်သည်။

မြန်မာအသင်းမှာ အုပ်စုလေးပွဲကစားအပြီးတွင် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ ၁၀ မှတ်ဖြင့် အုပ်စုပထမရရှိကာ ဆီမီးတက်သွားပြီဖြစ်သည်။ အုပ်စု(ခ)၏ ပထမနေရာလုပွဲတွင် ထိုင်းက ဗီယက်နမ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် ထိုင်းက အုပ်စုပထမ၊ ဗီယက်နမ်က အုပ်စုဒုတိယတို့ရရှိခဲ့သည်။ ယင်းအတွက်ကြောင့် မြန်မာအသင်းမှာ ဆီမီးတွင် ဗီယက်နမ်နှင့် ကစားရမည်ဖြစ်သည်။



**(၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာနှင့် ကမ္ဘောဒီးယားအသင်း ဘောလုံးယှဉ်ပြိုင်မှုကို LED မှ အားပေးနေကြသည့် မန္တလေးမှ ဘောလုံးချစ်သူ ကလေးပရိသတ်များမှာ အားရစရာ။**
ဓာတ်ပုံ-မောင်ဘဦး(မန္တလေး)

# ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇွန် ၁၀**

ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၆ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ခရီးစဉ်မှာ ယနေ့မှဇွန် ၁၄ ရက်အထိ ငါးရက်ကြာမြင့်မည်ဖြစ်ပြီး ခရီးစဉ်အတွင်း တရုတ်နိုင်ငံသမ္မတ အပါအဝင် တရုတ်ကွန်မြူနစ်ပါတီမှ ခေါင်းဆောင်များနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

**ကိုလတ်(သတင်းစဉ်)**




# တတိယအကြိမ်မြောက် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ မီဒီယာတွေ့ဆုံပွဲ ကူမင်းမြို့၌ ကျင်းပ

**ကူမင်း ဇွန် ၁၀**

တတိယအကြိမ်မြောက် မဟာမဲခေါင်မြစ်ဝှမ်းဒေသခွဲနိုင်ငံများမှ မီဒီယာလှုပ်ရှားမှုအစီအစဉ်ကို ဇွန် ၁၀ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ ဟိုင်တင်ဟိုတယ် ရှန်ရှမ်းရောဆွေခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားကို ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များ၊ ယူနန်ပြည်နယ်ပါတီကော်မတီအမြဲတမ်းကော်မတီဝင်၊ ပြန်ကြားရေးဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီသတင်းပြန်ကြားရေးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယူနန်ပြည်နယ်ပါတီကော်မတီအမြဲတမ်းကော်မတီဝင် ပြန်ကြားရေးဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် ကျောက်ကျင်းက "အခုလို လာရောက်တာ အလွန်ပဲဝမ်းသာပါတယ်။ မီဒီယာဆိုတာ နိုင်ငံတစ်နိုင်ငံနဲ့တစ်နိုင်ငံအကြား သတင်းအချက်အလက်တွေ ဖလှယ်ကြတဲ့အခါမှာ အရေးကြီးတဲ့အခန်းကဏ္ဍမှာပါဝင်ပါတယ်။ အခုပွဲပြုလုပ်ရတာဟာ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများရဲ့ စီးပွားရေးစည်ပင်ဝပြောမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတို့အတွက် အကျိုးဖြစ်ထွန်းစေကြောင်း မတူညီတဲ့ ယဉ်ကျေးမှုတွေကို ဖလှယ်ရင်း ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးကာ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုထက်သာလွန်ကောင်းမွန်တဲ့ ချစ်ကြည်ရေးတည်မြဲစေဖို့ ပြုလုပ်ရခြင်းပဲဖြစ်ပါတယ်" ဟုပြောသည်။

ယင်းနောက် တတိယအကြိမ်မြောက် မဟာမဲခေါင်မြစ်ဝှမ်းဒေသခွဲ လှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကို ဟိုင်တင်ဟိုတယ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံခြောက်နိုင်ငံမှ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များသည် စီးပွားရေး စကြံပြည်နယ်အုပ်ချုပ်ရေးမှူးဖိုရမ်သို့ သွားရောက်ခဲ့ကြပြီး ဒေသတွင်းနိုင်ငံများ၏ စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကို အလေးထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ခင်ဇာလီ**

# အင်ဒိုနီးရှားနိုင်ငံ ဘန်ဂျီနာကျွန်းတွင် ရောက်ရှိနေသော မြန်မာရေလုပ်သား ဒုက္ခသည်များအား စတုတ္ထအကြိမ် အခမဲ့ပြန်လည်ခေါ်ဆောင်

**ရန်ကုန် ဇွန် ၁၀**

အင်ဒိုနီးရှားနိုင်ငံ ဘန်ဂျီနာကျွန်းတွင် ရောက်ရှိနေသော မြန်မာရေလုပ်သား ဒုက္ခသည် ၁၃၂ ဦးအား စတုတ္ထအကြိမ်အဖြစ် ဇွန် ၁၀ ရက်က ကမ္ဘောဇဘဏ်လီမိတက်၏ လှူဒါန်းမှု အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ အခမဲ့စရိတ်ငြိမ်း ပြန်လည်ခေါ်ဆောင်ပေးခဲ့ရာ ည ၇ နာရီ မိနစ် ၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ထိုသို့ ခေါ်ဆောင်ရာတွင် အင်ဒိုနီးရှားနိုင်ငံ AMBON မြို့သို့ ကမ္ဘောဇဘဏ်လီမိတက်၏ လှူဒါန်းမှုဖြင့် မေ ၁၄ ရက်တွင် ၁၂၅ ဦး၊ မေ ၁၇ ရက် တွင် ၁၂၈ ဦးနှင့် မေ ၂၈ ရက်တွင် ၁၂၉ ဦးတို့ကို အင်ဒိုနီးရှားနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့၏ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် လေယာဉ်စင်းလုံးငှားကာ အခမဲ့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီး ယခု စတုတ္ထအကြိမ်အပါအဝင် ဒုက္ခသည် ၅၁၄ ဦး ပြန်လည်ခေါ် ဆောင်ပေးခဲ့ပြီး ဒုက္ခသည်တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ စီ ပေးအပ်လှူဒါန်းခဲ့သည်။

ကမ္ဘောဇဘဏ်လီမိတက်သည် ယခင်ကလည်း သီတဂူအဖွဲ့နှင့် ပူးပေါင်း၍ သီတဂူကမ္ဘောဇစီစဉ်လှူဒါန်းမှုအနေဖြင့်လည်းကောင်း၊ ကမ္ဘောဇသီးသန့်လှူဒါန်းမှု အနေဖြင့်လည်းကောင်း မလေးရှားနိုင်ငံသို့ ရောက်ရှိနေကြသော မြန်မာဒုက္ခသည် စုစုပေါင်း ၃၀၀၀ ကျော်ကို စင်းလုံးငှားလေယာဉ်များဖြင့် (၁၁)ကြိမ် တိုင်တိုင် အမိမြန်မာနိုင်ငံသို့ အခမဲ့ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။

အလားတူ အိန္ဒိယနိုင်ငံ Port Blair တွင် အခြေအနေအရပ်ရပ်ကြောင့် ရောက်ရှိနေကြသော မြန်မာရေလုပ်သားဒုက္ခသည် ၅၀၀ ခန့်အား ကမ္ဘောဇဘဏ်လီမိတက်၏ လှူဒါန်းမှု အစီအစဉ်ဖြင့် စင်းလုံးငှားလေယာဉ်များဖြင့် အမိမြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့သည်။

ဤကဲ့သို့ ပြည်ပနိုင်ငံများတွင် ဒုက္ခမျိုးစုံရင်ဆိုင်ကြုံတွေ့နေကြရသော မြန်မာနိုင်ငံသားများအား အမိမြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ယခုအချိန်ထိ ပြည်ပ(အင်ဒိုနီးရှား၊ မလေးရှား၊ အိန္ဒိယ)နိုင်ငံများရောက် မြန်မာဒုက္ခသည် စုစုပေါင်း ၄၀၀၀ ကျော်ကို စရိတ်ငြိမ်းအခမဲ့စင်းလုံးငှားလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့သည့်အပြင် လိုအပ်သောငွေကြေးထောက်ပံ့ပေးမှုများကိုလည်း ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

**(ဌေးအောင်)**



# MAN ခရီးသည်တင်ယာဉ်ဘတ်စ်ကားသစ်ကြီးများဖြင့် မကြာမီအဝေးပြေးခရီးစဉ်ပြေးဆွဲမည်

**ရန်ကုန် ဇွန် ၁၀**



ယနေ့တွေ့မြင်ရသော ဘတ်စ်ကားသစ်ကြီးများသည် ဌာနမှမကြာမီ အဝေးပြေးခရီးစဉ်များတွင် ပြေးဆွဲမည့် ဂျာမနီနိုင်ငံထုတ် MAN ခရီးသည်တင်ယာဉ် ဘတ်စ်ကားသစ်ကြီးများဖြစ်ပါကြောင်း၊ အဆိုပါ ကားသစ်ကြီးများကို ကိုင်တွယ်မောင်းနှင်ရန် ဌာနမှ ဝါရင့်စက်ပြင်/ ယာဉ်မောင်းများကို စာတွေ့လက်တွေ့ပို့ချပေးမည့် သင်တန်းဖြစ်သည့်အတွက် ဂရုတစိုက် သင်ယူမှတ်သားရန် မှာကြားလိုကြောင်း၊ မော်တော်ယာဉ်များကို ကိုင်တွယ်ထိန်းသိမ်းရာတွင် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ကိုင်တွယ်တတ်ဖို့လိုအပ်ကြောင်း၊ ယာဉ်လိုင်းများ၏အားသာချက်၊ အားနည်းချက်များကို လိုက်ပါစီးနင်းကြမည့် ခရီးသည်များက အဆုံးအဖြတ်ပေးမည်ဖြစ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် နိုင်ငံတော်အတွက် စံပြယာဉ်မောင်း/စက်ပြင်များ ဖြစ်အောင်ကြိုးစား ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ချယ်ရီဥယျာဉ်မြို့တော်ရှိ မြန်မာမော်တော်ကော်ပိုရေးရှင်းသင်တန်းကျောင်း၌ ကျင်းပသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးနှင့် မြန်မာမော်တော်ကော်ပိုရေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ဂျာမနီနိုင်ငံထုတ် MAN ခရီးသည်တင် ဘတ်စ်ကားကြီးများ ကိုင်တွယ် မောင်းနှင်မှုသင်တန်းနှင့် ပြင်ဆင်ထိန်းသိမ်းမှုသင်တန်း အပတ်စဉ်(၁/၂၀၁၅)တွင် ကုန်းလမ်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းမြင့်ဦးက ပြောကြားသည်။

ယင်းနောက် မြန်မာမော်တော်ကော်ပိုရေးရှင်း အင်ဂျင်နီယာချုပ် ဦးဆန်းဦးနှင့် သင်တန်းဆရာများက MAN ခရီးသည်တင်ဘတ်စ်ကား မောင်းနှင်မှုနှင့် ပြင်ဆင်ထိန်းသိမ်းမှုများကို သင်တန်းသားများအား စာတွေ့လက်တွေ့ သင်ကြားပေးသည်။ သင်တန်းကာလမှာ ယနေ့မှစ၍ ဇွန် ၁၁ ရက်အထိဖြစ်သည်။

အဆိုပါ သင်တန်းပြီးဆုံးပါက မကြာမီပြေးဆွဲမည့် MAN ခရီးသည်တင်ယာဉ် ဘတ်စ်ကားသစ်ကြီးများနှင့်အတူ အဝေးပြေးခရီးစဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေး၏ အဆင့်မြင့်ကျွမ်းကျင်ယာဉ်မောင်း၊ စက်ပြင်ဆရာများ ဦးဆောင်၍ သင့်တင့်သောဈေးနှုန်းများဖြင့် ခရီးသည်များကို အန္တရာယ်ကင်းစွာ မောင်းနှင်ပို့ဆောင်ပေးမည်ဖြစ်သည်။

MAN ခရီးသည်တင်ဘတ်စ်ကားသစ်ကြီးများသည် ဂျာမနီနိုင်ငံထုတ် (၂၀၁၄) မော်ဒယ်များဖြစ်ပြီး ယာဉ်အစီးရေများများဖြင့် ပြေးဆွဲနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# တရားခံပြေးအား သွားရောက်ဖမ်းဆီးစဉ် ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဟန့်တားခဲ့ရ

**နေပြည်တော် ဇွန် ၁၀**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် စေတီပြင်နယ်မြေရဲစခန်းတွင် ချုပ်နှောင်ထားသည့် စေတီပြင်နယ်မြေရဲစခန်း(ပ)၁၄/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၅၃ အမှုမှ တရားခံ ကာလာရာ(ခ) အီမာဟူဆောင်း (၃၇)နှစ်ပါ ခြောက်ဦးတို့သည် မတ် ၁၇ ရက် နံနက် ၄ နာရီတွင် ယာယီအချုပ်ခန်းမှ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

အဆိုပါ ထွက်ပြေးလွတ်မြောက်သွားသည့် တရားခံများအနက် ရသေ့တောင်မြို့နယ် အောက်နန်းကျေးရွာနေ ကာလာရာ (ခ)အီမာဟူဆောင်း (၃၇)နှစ်သည် ဇွန် ၉ ရက် ည ၁၀ နာရီခွဲက ၎င်း၏နေအိမ်၌ရောက်ရှိနေကြောင်း သတင်းအရ အမှတ်(၃)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးခဲ့သည်။ နေအိမ်တွင် ကာလာရာ(ခ)အီမာဟူဆောင်းနှင့် ယောက်ဖဖြစ်သူ မာမောက်ကာဆိန်း(၂၆)နှစ်တို့အား တွေ့ရှိဖမ်းဆီးရာ ကာလာရာ(ခ)အီမာဟူဆောင်းအား ဖမ်းဆီးရမိခဲ့ပြီး မာမောက်ကာဆိန်းက ဓားကိုင်ကာ နေအိမ်နောက်ဖေးဘက်သို့ ပြေးဆင်းသွားခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပိတ်ဆို့ထားရာ ဓားဖြင့်ပြေးခုတ်သဖြင့် ခုခံကာကွယ်သည့်အနေဖြင့် သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ ထွက်ပြေးသွားခဲ့သည်။ ဇွန် ၁၀ ရက် နံနက် ၁ နာရီတွင် အောက်နန်းကျေးရွာ တောင်ဘက်ရှိ နေအိမ်များကြားတွင် မာမောက်ကာဆိန်းမှာ ဓားတစ်ချောင်းကိုင်ဆောင်ကာ သေဆုံးနေကြောင်း အောက်နန်းကျေးရွာအုပ်ချုပ်ရေးမှူးက အကြောင်းကြားသဖြင့် စေတီပြင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးပြီး သေမှုသေခင်းအမှတ်စဉ် (၄/၂၀၁၅) ဖြင့် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**

ပြည်တွင်းရေးရာ

# မြန်မာ့ရုပ်မြင်သံကြားမှ အငြိမ့်အစီအစဉ်များ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇွန် ၁၀**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Home (House of Media & Entertainment) တို့ပူးပေါင်းထုတ်လုပ်သည့် **မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်းအစီအစဉ်**တွင် အငြိမ့်ခေတ်ဦး ထိုင်ဆိုအငြိမ့်၊ မော်လမြိုင်မစိန်ငုံအငြိမ့်၊ ဦးချစ်ဖွယ်၊ ဒေါ်စိန်သုံးအငြိမ့်၊ မြခြေကျင်း မငွေမြိုင်အငြိမ့်၊ လေဘာတီ မမြရင်အငြိမ့်၊ သြဘာသောင်း အငြိမ့်၊ ဥက္ကလာ မအေးကြည် အငြိမ့်၊ ဂီတမယ် လှကလေးစိန်အငြိမ့်၊ ဒဂုံ ခင်လှကြည်အငြိမ့်တို့ကို အပိုင်း (၇) ပိုင်းခွဲ၍ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအငြိမ့် အစီအစဉ်များကို မြန်မာ့ရုပ်မြင်သံကြား သတင်းအစီအစဉ်တွင် အပတ်စဉ် သောကြာနေ့တိုင်း ည ၉နာရီခွဲတွင် ပထမအကြိမ်နှင့် တနင်္လာနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ပြန်လည်ထုတ်လွှင့်ပြသခြင်း၊ မြန်မာ့ရုပ်မြင်သံကြား ဖျော်ဖြေရေး အစီအစဉ်တွင် အပတ်စဉ် စနေနေ့ နံနက် ၈ နာရီခွဲတွင်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ ည ၈ နာရီခွဲနှင့် နံနက် ၂ နာရီခွဲတို့တွင် (၄) ကြိမ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# အင်းလေးကန်ဒေသအား မြန်မာနိုင်ငံ၏ ပထမဆုံးလူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် UNESCO က အတည်ပြုသတ်မှတ်

**ပါရီ ဇွန် ၁၀**

(၂၇)ကြိမ်မြောက် ကုလသမဂ္ဂပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့ (UNESCO) ၏ လူသား နှင့် ဇီဝအဝန်းနယ်မြေ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကောင်စီ အစည်းအဝေး (27th Session of the International Coordinating Council (ICC) of the Man and the Biosphere (MAB) Programme) ကို ဇွန် ၈ ရက်မှ ၁၂ ရက်အထိ ပြင်သစ်နိုင်ငံ ပါရီမြို့ ယူနက်စကိုရုံးချုပ်၌ ကျင်းပလျက်ရှိရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးလျက်ရှိသည်။**(ယာပုံ)**

အဆိုပါ အစည်းအဝေး ဒုတိယနေ့ဖြစ်သော ဇွန် ၉ ရက်တွင် မြန်မာနိုင်ငံ၏ ပထမဆုံး ဇီဝအဝန်းနယ်မြေအဖြစ် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးကန်ဒေသကို အဆိုတင်သွင်းထားရှိမှုအား ကောင်စီအဖွဲ့ဝင် ၃၄ နိုင်ငံတို့မှ တညီတညွတ်တည်းသဘောတူအတည်ပြုသတ်မှတ်ခဲ့သည်။ ယခုနှစ်တွင် UNESCO အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉ နိုင်ငံတို့မှ နေရာဒေသ ၂၆ ခုကို ဇီဝအဝန်းနယ်မြေအဖြစ် အဆိုပြုတင်သွင်းခဲ့ကြပြီး အစည်းအဝေး၌ စုစုပေါင်းနယ်မြေ ၂၀ ကိုသာ အတည်ပြုသတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ်အထိ ကမ္ဘာတစ်ဝန်း၌ လူသားနှင့် ဇီဝအဝန်းနယ်မြေပေါင်း ၆၃၁ ခုရှိခဲ့ရာ ယခုဆိုလျှင် ၆၅၁ ခုထိ တိုးမြှင့် သတ်မှတ်နိုင်ခဲ့ပြီဖြစ်သည်။

UNESCO၏ လူသားနှင့်ဇီဝအဝန်းနယ်မြေ အစီအစဉ် (Man and the Biosphere Reserve Programme-MAB Programme) ကို ၁၉၇၁ ခုနှစ်တွင် စတင်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ လူသားနှင့် ဇီဝအဝန်းကွန်ရက် (The World Network of Biosphere Reserves)ကို လူသားနှင့် သဘာဝပတ်ဝန်းကျင်တို့အကြား ဆက်နွှယ်မှုပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ ၁၉၇၆ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်များ ဇီဝမျိုးစုံမျိုးကွဲများတည်ရှိမှု အခြေအနေထူးခြားကောင်းမွန်သည့် နေရာဒေသများတွင် လူသားများ၏ ယှဉ်တွဲနေထိုင်မှုနှင့်အတူ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်ထောက်ပံ့ရေးဆိုင်ရာလုပ်ငန်းကဏ္ဍကြီးသုံးရပ်တို့ကို ဟန်ချက်ညီစွာ ပေါင်းစပ်ဆောင်ရွက်နိုင်ရန်အတွက် ဇီဝအဝန်းနယ်မြေ (Biosphere Reserve)များအဖြစ် သတ်မှတ်ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်သည့်အစီအစဉ်ဖြစ်သည်။



ဇီဝအဝန်းနယ်မြေ အစီအစဉ်၏ အဓိက ရည်ရွယ်ချက်မှာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူတို့၏ လူမှုစီးပွားရေးမြှင့်တင်ခြင်း၊ ဒေသတွင်း ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်း၊ လူသားနှင့်သဘာဝပတ်ဝန်းကျင်တို့အကြား ဆက်နွှယ်မှုညီညွတ်မျှတစွာ တိုးတက်လာစေရန် ထိန်းညှိစီမံအုပ်ချုပ်မည့် စနစ်တစ်ရပ် ချမှတ်ဆောင်ရွက်စေခြင်းတို့ဖြစ်သည်။

အင်းလေးကန်ဒေသအား လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (United Nations Educational,Scientific and Cultural Organization-UNESCO) တို့ ၂၀၁၃ ခုနှစ်မှစ၍ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် UNESCO သို့ အမည်စာရင်းပေးပို့ အဆိုပြုခဲ့ခြင်းဖြစ်သည်။

အင်းလေးကန်ဒေသအား MAB အဖြစ်သတ်မှတ်နိုင်ခြင်းဖြင့်-

- ဒေသခံပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်အကြား ဆက်စပ်မှုကို ဟန်ချက်ညီစေရန်မူဝါဒနှင့် လုပ်ငန်းစဉ်များ၊ စီမံအုပ်ချုပ်စနစ်များကို ပေါင်းစပ်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းကောင်းများရရှိနိုင်ခြင်း၊
- ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးရေးကို ဟန်ချက်ညီညီဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊
- အင်းလေးကန်ဒေသ ပတ်ဝန်းကျင် ပြန်လည်ကောင်းမွန်လာရေးကို အထောက်အကူပြုပြီး အခြားသော ဒေသများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဘဝဖွံ့ဖြိုးရေးကို ဟန်ချက်ညီစွာဆောင်ရွက်နိုင်မည့် စံနမူနာ (Model) အဖြစ်အသုံးပြုနိုင်ခြင်း၊
- နိုင်ငံတကာ အဖွဲ့အစည်းများ၏ နည်းပညာနှင့်ရန်ပုံငွေပံ့ပိုးမှုများ ရရှိနိုင်ခြင်းအစရှိသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

အင်းလေးကန်ဒေသတွင် ငှက်မျိုးစိတ် ၂၇၀၊ ငါး ၄၃ မျိုး၊ လိပ်သုံးမျိုး၊ လိပ်ပြာ ၉၄ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၃၄ မျိုး ကျက်စားနေထိုင်လျက်ရှိပြီး ဆေးဖက်ဝင်အပင် ၅၂၇ မျိုး၊ သစ်ခွမျိုး ၁၃၅ မျိုးတို့ ရှင်သန်ပေါက်ရောက်လျက်ရှိသည်။ အင်းလေးကန်ဒေသသည် ဒေသခံများအတွက် သန့်ရှင်းလတ်ဆတ်သည့် လေ၊ ရေနှင့်အေးမြသည့် ရာသီဥတုတို့ကို ပေးစွမ်းသည့် အပြင် ပေါများကြွယ်ဝသည့် ငါးသယံဇာတများ၊ အခြားသော သယံဇာတ အရင်းအမြစ်များနှင့် ဂေဟစနစ်ဝန်ဆောင်မှုများစွာတို့ကို ထောက်ပံ့ပေးလျက်ရှိသည့်အတွက် အင်းလေးကန်ဒေသ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းစောင့်ရှောက်သည့် လုပ်ငန်းများတွင် နိုင်ငံတကာမှနည်းပညာပံ့ပိုးကူညီမှုများဖြင့် ပူးပေါင်းလျက်ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လူသားနှင့်ဇီဝအဝန်းနယ်မြေ (Man and the Biosphere Reserve-MAB) အဖြစ်သတ်မှတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အင်းလေးကန်ဒေသကို ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ပြီးဖြစ်သဖြင့် ဇီဝအဝန်းနယ်မြေ၏ နယ်မြေခွဲခြားသတ်မှတ်ချက်ဖြစ်သည့် ပင်မထိန်းသိမ်းရေးဇုန်နယ်မြေ၊ ကြားခံဇုန်နယ်မြေနှင့် ဖွံ့ဖြိုးရေးဇုန်နယ်မြေတို့ကို စနစ်တကျ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ရေးဆွဲဆောင်ရွက်ရေး၊ ဒေသခံ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှု တိုးတက်လာစေရန် အသိပညာပေးလုပ်ငန်းများတိုးတက်ဆောင်ရွက်ရေး၊ ကန်အတွင်းရေချိုရေကောင်းရေသန့်များ ရရှိစေရန်အတွက် Organic Farming များကို ဦးစားပေးစိုက်ပျိုးနိုင်ရေး၊ ဒေသမျိုးရင်းစိုက်ပျိုးသီးနှံများကို အဓိကထားစိုက်ပျိုးရေးနှင့် ဓာတ်မြေဩဇာနှင့် ဓာတုဆေးဝါးများ အသုံးပြုမှု အနည်းဆုံးဖြစ်စေရေးတို့ကို နိုင်ငံတော်နှင့်ဒေသခံပြည်သူတို့ ပူးပေါင်းလျက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သွေးလှူရှင်များ လိုအပ်နေသည် သင့်သွေးဖြင့် အသက်ကယ်ပါ

**ရန်ကုန် ဇွန် ၁၀**

ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ ဘရူဝါရီလီမိတက်မိသားစု ကရုဏာရှေးရှု မြန်မာမှုအစီအစဉ်၏ (၁၆)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ အမျိုးသားသွေးဌာန၌ ကျင်းပသည်။

သွေးလှူဒါန်းပွဲတွင် မြန်မာဘရူဝါရီလီမိတက် ဒုတိယမန်နေဂျင်းဒါရိုက်တာ ဦးစိုးကျော်သူက "သွေးလှူဘဏ်မှာ သွေးအလွန်လိုအပ်နေပါတယ်။ အရေးကြီးလူနာတွေအတွက် သွေးလှူဒါန်းဖို့ ရည်ရွယ်ပြီး လုပ်တာပါ။ ၂၀၀၆ ခုနှစ်ကစပြီး သွေးလှူဒါန်းခဲ့တာ အခု ၂၀၁၅ ခုနှစ်ဆိုရင် (၁၆)ကြိမ်မြောက် ရှိပါပြီ။ သွေးအိတ်ပေါင်း ၁၂၈၄၂ အိတ်ကို လှူဒါန်းခဲ့ပြီး မန္တလေး၊ ပုသိမ်၊ ပြည်၊ ပဲခူး၊ တောင်ငူနှင့် မော်လမြိုင်မြို့တွေမှာလည်း သွေးလှူဒါန်းပွဲတွေလုပ်ဖို့ရှိပါတယ်" ဟု ပြောပြီး အမျိုးသားသွေးဌာနသို့ အလှူငွေကျပ် ၁၅ သိန်း လှူဒါန်းသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန တာဝန်ခံဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဒေါ်သီတာအောင်က "သွေးလှူတဲ့နေရာမှာ နှစ်ပိုင်းရှိပါတယ်။ အဖွဲ့အစည်းနဲ့ လာလှူတာရှိတယ်။ တစ်ဦးချင်းလာလှူတဲ့လူလည်းရှိတယ်။ လှူသင့်တဲ့သူ ဟုတ်၊ မဟုတ် တာဝန်ခံပေးတယ်။ သွေးလှူမယ့်သူက အသက်(၁၈)နှစ်ပြည့်ရမယ်။ လှူမယ့်သွေးနီအား ပမာဏ လုံလောက်မှုရှိရဲ့လား။ တကယ်သတ်မှတ်ထားတဲ့ ကိုယ်အလေးချိန်ပြည့်ရဲ့လား။ သွေးလှူမယ့်သူရဲ့ ကျန်းမာရေးကို ကြည့်ရတယ်။ သွေးလှူလိုက်ရင် အန္တရာယ်ရှိသွားနိုင်သလား။ သူတို့လှူလိုက်တဲ့သွေးဟာ လူနာရှင်တွေဆီ အန္တရာယ်ကင်းစွာ ရောက်ဖို့ ဘယ်လိုနေထိုင်မှုစနစ်နဲ့ နေပါသလဲဆိုပြီးမေးတယ်။ ပြီးရင်သွေးဖောက်ပေးတယ်။

အခု နိုင်ငံတော်က သွေးအိတ်ကအစ စက်တွေ ပံ့ပိုးပေးထားတော့ သွေးအမျိုးအစားလိုက်ခွဲပြီး ထားပေးနိုင်တယ်။ သွေးကို သွေးအုပ်စု၊ ပိုးရှိ၊ မရှိ ဓာတ်ခွဲစစ်တယ်။ ပြီးရင်ဆေးရုံ ကိုးရုံကို ပို့ပေးတယ်။ အခု တစ်နေ့ကို သွေးလှူရှင် ၂၅၀ လောက်ထိလာလှူကြပါတယ်။ ၂၀၁၄ ခုနှစ်အထိ သွေးလုံလုံလောက်လောက် ရှိခဲ့ပါတယ်။ ၂၀၁၅ ဧပြီလအထိ သွေးလုံလောက်သေးတယ်။ မေလနဲ့ ဇွန်လမှာ သုံးတာများတဲ့အတွက် သွေးလိုအပ်မှု တက်လာတယ်။ တစ်လကို သွေးလှူရှင်အသစ် ၄၅၀ လောက်အထိ ရဖို့လိုတယ်။ ၂၀၁၅ ဇန်နဝါရီလကနေ ဧပြီလအထိ သွေးအိတ်ပေါင်း ၃၁၀၀၀ နီးပါးလှူပြီးသွားပြီ။ ကျန်းမာတဲ့လူတိုင်း နီးစပ်ရာ သွေးလှူဘဏ်ကို လာလှူကြဖို့ ဖိတ်ခေါ်ပါတယ်။ လူနာတွေရဲ့ ကျန်းမာရေးကို စောင့်ရှောက်မှုပေးဖို့ပါ။ သွေးလှူဖို့ စည်းရုံးပေးတဲ့ အဖွဲ့အစည်းတွေရော၊ သွေးလှူရှင်တွေရော ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

**ရီရီမြင့်**

# ကျွန်းစုမြို့နယ်တွင် မြို့နယ်အားကစားခန်းမနှင့် အားကစားပွဲကြည့်စင် တည်ဆောက်လျက်ရှိ

**ကျွန်းစု ဇွန် ၁၀**

ကျွန်းစုမြို့နယ်တွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၁၅-၁၆ခုနှစ်အတွင်း ဌာနခွင့်ပြုရန်ပုံငွေဖြင့် အားကစားခန်းမနှင့် အားကစားပွဲကြည့်စင်ကို ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများတွင် အားကစားခန်းမအား ခွင့်ပြုငွေကျပ် ၂၆၂၀ သိန်းဖြင့် ပေ(၁၂၀× ၉၀×၃၅)ကို Lion Emperor Co.,Ltd. က တာဝန်ယူဆောက်လုပ်လျက်ရှိပြီး အားကစားပွဲကြည့်စင်ကို ပေ(၉၀×၃၀×၂၂ဒသမ၆) အား ခွင့်ပြုရန်ပုံငွေကျပ် ၆၆၄ ဒသမ ၇ သိန်းဖြင့် TKT Co.,Ltd. မှ ဆောက်လုပ်လျက်ရှိကြောင်းသိရသည်။ လုပ်ငန်းများအချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးကြပ်၍ ဇွန် ၃ ရက် နံနက်ပိုင်းမှစတင်ကာ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရန်နိုင်(ကျွန်းစုပြန်/ဆက်)**

အနုပညာ

# ဟယ်ရီပေါ်တာဇာတ်ကားသစ်တွင် ဟော့ဂ်ဝက်ထ်ကျောင်းတော်ကို အမေရိကန်ပုံစံဖြင့်ရိုက်ကူးမည်



ဗြိတိန်လူမျိုး စာရေးဆရာမ ဂျေကေရိုးလင်း၏ နာမည်ကျော် မှော်ဇာတ်လမ်းတွဲများဖြစ်သော ဟယ်ရီပေါ်တာ (Harry Potter)ဇာတ်လမ်းများတွင် အဓိကဇာတ်အိမ်တည်သော ဟော့ဂ်ဝက်ထ်မှော်ကျောင်းတော်ကြီးကို အင်္ဂလန်နိုင်ငံတွင်သာ အများဆုံးရိုက်ကူးခဲ့ပြီး နောက်လာမည့်ဇာတ်ကားသစ်တွင်မူ အမေရိကန်၌ သွားရောက်ရိုက်ကူးမည်ဖြစ်ကြောင်း ဂျေကေရိုးလင်းက ဖွင့်ဟခဲ့သည်။

ယခုရိုက်ကူးမည့် ရုပ်ရှင်ကားတွင် ဟော့ဂ်ဝက်ထ်ကျောင်းတော်၏တည်နေရာကို အမေရိကန်ရှိကျောင်းတစ်ခုတွင်ရိုက်ကူးသွားမည်ဖြစ်ကာ အမေရိကန်တို့၏ ရိုးရာယဉ်ကျေးမှုအငွေ့အသက်များကိုပါ ထည့်သွင်းရိုက်ကူးသွားမည်ဖြစ်ကြောင်း ဆိုခဲ့သည်။

အမေရိကန်၌ ရိုက်ကူးမည့်ကျောင်းတော်ကို ယခုအထိ ရွေးချယ်ခြင်းမပြုရသေးဘဲ မှော်ကျောင်းတော်ကြီးတစ်ခုအဖြစ် ဖန်တီးရိုက်ကူးမည့်ကျောင်းဖြစ်သည့်အတွက် နယူးယော့ခ်မြို့တွင်းနေရာများကို ရွေးချယ်ရန်မဖြစ်နိုင်ဘဲ ကျေးလက်ဒေသများတွင်သာ ရိုက်ကူးရမည်ဖြစ်သောကြောင့် နေရာရွေးရခက်နေကြောင်းလည်း ဆိုခဲ့သည်။

**အေးပြည့်**

# ပရိသတ်ကို စိတ်ပျက်စေခဲ့တဲ့ ဘီယွန်းစေး



အမေရိကန်ပေါ့ပ်ဘုရင်မ ဘီယွန်းစေးသည် ရုပ်မြင်သံကြားအစီအစဉ်တစ်ခုဖြစ်သည့် “Good Morning America”တွင် ထုတ်ဖော်ပြောကြားချက်တစ်ခု ပြုလုပ်မည်ဟု ဆိုခဲ့ပြီးနောက် သူ၏လျှို့ဝှက်ကိုယ်အလေးချိန်လျှော့ချနည်းကို ထုတ်ဖော်ပြောဆိုခဲ့သည့်အတွက် ပရိသတ်များစိတ်ပျက်ခဲ့ရသည်။

ပရိသတ်များက ထုတ်ဖော်ချက်တစ်ခု ပြုလုပ်မည်ဟု ကြေညာခဲ့သည့်အချိန်တွင် သူ၏သီချင်းအသစ်တစ်ပုဒ်အကြောင်းလော၊ ဖျော်ဖြေရေးခရီးစဉ်အကြောင်းလော သို့တည်းမဟုတ် သူ၏ဖက်ရှင်ဒီဇိုင်းသစ်များအကြောင်းပေလောဟု မျှော်လင့်စောင့်စားကာ ရုပ်မြင်သံကြားရှေ့တွင် စောင့်ကြည့်နေခဲ့ကြသော်လည်း သူ၏ကိုယ်အလေးချိန်လျှော့ချနည်းကိုသာ ထုတ်လွှင့်ဖော်ပြသွားခဲ့သည်။

သူမက“ကျွန်မက ပိန်ပိန်ပါးပါး အမျိုးသမီးတစ်ယောက်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် သူ့နေရာနဲ့သူ အချိုးအဆစ်ကျတဲ့ အမျိုးသမီးပါ။ ဒီလို ခန္ဓာကိုယ်ကောက်ကြောင်းတွေနဲ့လှနေဖို့ ငယ်ရွယ်စဉ်ကတည်းက အစားအသောက်နဲ့ပတ်သက်ပြီး သေချာဂရုတစိုက် အလေ့အကျင့်လုပ်ခဲ့တာပါ”ဟု ဆိုသည်။

အဆိုပါအစီအစဉ်ကို ဘီယွန်းစေးက “The 22-Day Revolution”ဟုအမည်ပေးထားပြီး သူကိုယ်တိုင်ကလည်း အသီးအရွက်များအပေါ် အခြေခံကာချက်ပြုတ်ထားသည့် အစားအစာများကို ဖြန့်ဝေရောင်းချပေးသည့် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို လုပ်ကိုင်နေကြောင်းလည်းသိရသည်။ **အေးပြည့်**

# လီမင်ဟိုရဲ့ City Hunter ပြီးတော့ Bounty Hunters



အက်ရှင်ဇာတ်ကားတစ်ကားဖြစ်သော City Hunterနှင့် နာမည်ကြီးလာခဲ့သော တောင်ကိုရီးယားမင်းသားချော လီမင်ဟိုသည် နောက်လာမည့် “ Bounty Hunters”ရုပ်ရှင်ကားတွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သူ၏အေဂျင်စီ စတားဟတ်စ်က တနင်္လာနေ့က ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါရုပ်ရှင်ကို စတားဟတ်စ်ဖျော်ဖြေရေး အေဂျင်စီနှင့် ရှန်ဟိုင်းရှိ ဟာမိုနီးယက်စ်ဖျော်ဖြေရေးတို့က ပူးပေါင်းထုတ်လုပ်သွားမည်ဖြစ်ကာ ကိုရီးယားဒါရိုက်တာ ရှင်တေးရာက တာဝန်ယူရိုက်ကူးပေးမည်ဖြစ်သည်။

ယင်းရုပ်ရှင်ကားသည် ကိုရီးယား၊ တရုတ်၊ ထိုင်းနှင့် ဟောင်ကောင်တို့အပါအဝင် အာရှနိုင်ငံများရှိ ငွေမျက်နှာတစ်ခုတည်းကိုသာကြည့်သည့် အတ္တသမားများအကြောင်းကို ပုံဖော်ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

လီမင်ဟိုသည် အဆိုပါရုပ်ရှင်ကားတွင် ကိုယ်ခံပညာရပ်ကို ထူးချွန်ကာ အရည်အချင်းရှိသော ကြေးစားတိုက်ခိုက်ရေး မှုဆိုးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။ လီသည်တရုတ်မင်းသမီးနှင့်တွဲဖက်သရုပ်ဆောင်ရမည်ဖြစ်သော်လည်း အဆိုပါခေါင်းဆောင်မင်းသမီးကို ယခုထက်တိုင်

# ဝေလမင်းသား ဟယ်ရီကလည်း လေဒီဂါဂါရဲ့ ပရိသတ်ပဲလား

ပြီးခဲ့သည့် တနင်္လာနေ့က တော်ဝင်အဲလ်ဘက်ထ်ခန်းမ၌ ကျင်းပခဲ့သော the Well Child Charity Benefit ဖျော်ဖြေရေးတွင် ဝေလမင်းသား ဟယ်ရီသည် Poker Face အဆိုတော် လေဒီဂါဂါနှင့် တိုနီဘန်းနက်တို့အား သွားရောက်တွေ့ဆုံကာ နှုတ်ဆက်ခဲ့ကြောင်း The New York Postတွင် ဖော်ပြခဲ့သည်။

ပါတီပွဲများကိုနှစ်သက်သည့် မင်းသားသည် အဆိုပါပွဲတွင် လေဒီဂါဂါ၊ တိုနီဘန်းနက်တို့နှင့် အတူတွဲကာဓာတ်ပုံများရိုက်ကူးခဲ့ကာ ရာဇဝင်ငွေကြိုပင်မငဲ့ကွက်ဘဲ ဂါဂါကိုဖက်ကာဓာတ်ပုံအရိုက်ခံခဲ့သည်။

အဆိုတော် တိုနီဘန်းနက်က “မင်းသမီးဒိုင်ယာနာက ကျွန်တော့်အတွက် မိတ်ဆွေ ကောင်းပါ။ သူကျွန်တော့်ကို အကူအညီတွေလည်း အများကြီး ပေးခဲ့ပါတယ်”ဟု မင်းသားဟယ်ရီအား သူ၏မိခင်နှင့်ပတ်သက်၍ အမှတ်တရ ပြောခဲ့သည်။

**အေးပြည့်**

# ရုပ်မြင်သံကြားအစီအစဉ်များ

*11 - 6 -2015 (umoyaw;ae)*

## မြဝတီ

၆း၀၃ တရားတော်
၆း၂၀ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၆း၄၅ မျိုးချစ်တပ်မတော်
၈း၁၀ ရွှေဟောင်းသုတ
၈း၂၅ DVD Hits
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၈း၅၅ လျှပ်တစ်ပြက်
၄း၂၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၄၀ ဇာတ်လမ်းတို
၄း၄၅ ဗွီစီဒီကျော်ကြားတေး
၄း၅၀ မွေးမြူသုတ
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၀ မှော်အနုပညာ
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- အတိတ်ရဲ့ချစ်ခြင်း
(အပိုင်း-၄၆)
၆း၁၅ ရင်ခုန်လှုပ်ရှားအားကစား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ပန်းခူးသူဆူးစူးပါစေ
(အပိုင်း-၅၁)
- ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဟိုတယ်ဘုရင်
(အပိုင်း-၄၀)

## MRTV - 4

၅း၀၀ ပဋ္ဌာန်းပါဠိတော် +ဓဇဂ္ဂသုတ်
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
(ပျော်ရွှင်စိတ်လှုပ်ရှားမှုများစွာနဲ့ OOREDOO ၏စာနယ်ဇင်းရှင်းလင်းပွဲ)
၈း၀၀ Cartoon Series
(Go Go Giggles)
၈း၃၅ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
“အိုအေစစ်ကမ္ဘာလေး”
(အပိုင်း-၉၅)
၉း၄၀ အနုပညာမိုးကောင်းကင်
၁၀း၀၀ ခေတ်သစ်ပျိုမေ
၁၀း၄၅ ထောင်မင်းသားနှင့်တွေ့ဆုံခြင်း
၁၁း၀၀ Food & Decor
၁၁း၃၅ MRTV-4 Stage
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
“ရာဇဝင်ထဲကရင်ခုန်သံ”
(အပိုင်း-၂၆)
၁၂း၃၅ ဆယ့်နှစ်လရာသီ အလှပန်းချီ
(မိုးဦးဝသုန် လနယုန်)
၁း၀၀ “လျစ်လျူမရှု ကျောမခိုင်းသော ဥပေက္ခာတရား” တရားတော်
(ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောက်စ်ဖို့ဒ်
ဆရာတော်ပါမောက္ခဒေါက်တာ အရှင်ဓမ္မသာမိ)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
“ဟာသကျေးရွာ” (ရေချမ်းစင်)
၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
“လေဟုန်စီးတဲ့ပန်းလိပ်ပြာ”
(အပိုင်း-၃၇)
၅း၅၀ Miss Myanmar World 2015
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
“လေဟုန်စီးတဲ့ပန်းလိပ်ပြာ”
(အပိုင်း-၃၈)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ
“ဟာသကျေးရွာ”
(တို့ပိုင်တဲ့ရွာ)
၈း၂၀ ရသစုံညွှန်းတမ်းများ
၈း၄၅ Weekly Sports Diary
၉း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
“အိုအေစစ်ကမ္ဘာလေး”
(အပိုင်း-၉၆)
၉း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
“ရာဇဝင်ထဲကရင်ခုန်သံ”
(အပိုင်း-၂၇)
၁၀း၂၅ ကျွန်မကနှင်းဆီပါမောင် အနုပညာရှင်များ၏ရင်ခုန်သံ
၁၀း၅၅ MRTV-4 Stage

## mitv

- Great Shwedagon: The Religious Insignias Of pagodas In Myanmar
- Human Rights Human Dignity International Film Festival (HRHDIFF), 2015
- Ywar Thit's Monhinkhar
- Back To A Paradise (Ep-1)
- Products of Myanmar - Velvet Slipper
- A Visit To Ye
- Marvelous Solo Cane Ball Playing
- MONASTERY (Bargayar Kyaung)
- Rakhine Tourist Area
- Myanmar Street Food
- Myanmar Delicate Artistic Creations-Gem Stone Painting
- Talented Musicians
- Shwe U Min Natural Cave In Kalaw
- Myanmar Weaving
- Porcelain and Glass
- A Real Dream Of Accidental Gift
- Black Gold (P- I)
- Local Tour Guide: Pho Khant
- We'll Leave After 12 Passengers Are On Board ……..
- Paper Flower
- Shots & Logs "Ko Taike"
- Tea Leaves

28th SEA GAMES

# (၂၈)ကြိမ်မြောက် စင်ကာပူ ဆီးဂိမ်းပုံရိပ်များ

စင်ကာပူနိုင်ငံ၌ ကျင်းပလျက်ရှိသော (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာနိုင်ငံကိုယ်စားပြုအားကစားသမားများ၏ ပြိုင်ပွဲဝင်ပုံရိပ်များကို ကြေးမုံပရိသတ်ထံ ဝေမျှလိုက်ရပါသည် . . . .



## အကြိုဗိုလ်လုပွဲတက်ရောက်ရန် အင်ဒိုနီးရှားယုံကြည်ချက်အပြည့်ရှိ




အင်ဒိုနီးရှားနည်းပြ ဟာဒက်က အင်ဒိုနီးရှားအနေဖြင့် ဇွန် ၁၁ ရက်တွင် ယှဉ်ပြိုင်ကစားမည့် အိမ်ရှင်စင်ကာပူနှင့် အကြိုဗိုလ်လုပွဲတက်ရေး အဆုံးအဖြတ်ပွဲစဉ်တွင် အိမ်ရှင်အသင်းအား အနိုင်ယူကာ အကြိုဗိုလ်လုပွဲသို့ သေချာပေါက် တက်ရောက်နိုင်မည်ဟု ယုံကြည်ထားကြောင်း အင်ဒိုနီးရှားအွန်လိုင်းသတင်းစာ ဘိုလာက ဖော်ပြသည်။

အင်ဒိုနီးရှားအသင်းသည် ပြီးခဲ့သည့် မြန်မာဆီးဂိမ်းတွင်လည်း အုပ်စုပွဲစဉ်၌ ထိုင်းအသင်းအား လေးဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သော်လည်း အုပ်စုနောက်ဆုံးပွဲစဉ်တွင် အိမ်ရှင်မြန်မာအား တစ်ဂိုး-ဂိုးမရှိဖြင့် ပြန်လည်အနိုင်ယူကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ဖူးသည့် အစဉ်အလာရှိကြောင်းလည်း ဆက်လက်ဖော်ပြထားသည်။

အင်ဒိုနီးရှားအသင်းသည် ပွဲဦးထွက်၌ မြန်မာအား လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲစဉ်တွင် ကမ္ဘောဒီးယားအသင်းအား ခြောက်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ဖိလစ်ပိုင်အသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း ပြန်လည်အနိုင်ယူနိုင်ခဲ့သည်။

အင်ဒိုနီးရှားနည်းပြချုပ် ဟာဒက်က“ နောက်နှစ်ပွဲမှာ ကစားခဲ့တဲ့ခြေစွမ်းကမှ တကယ့် အင်ဒိုနီးရှားအစစ်ပါ။ မြန်မာနဲ့ပွဲမှာ ကျွန်တော်တို့ အိပ်ပျော်နေခဲ့ရာက အခုမှ နိုးထလာခဲ့တာပါ။ ကျွန်တော်တို့ အကြိုဗိုလ်လုပွဲကို သေချာပေါက် တက်ရောက်နိုင်မယ်လို့ ယုံကြည်ထားပါတယ်။ မနှစ်က ထိုင်းကို ဂိုးပြတ်ရှုံးခဲ့ပေမယ့် ဖိအားတွေအောက်က ရုန်းထွက်ပြီး အိမ်ရှင်မြန်မာကို ကျွန်တော်တို့ အနိုင်ယူခဲ့တာလေ။ အခုဆို စင်ကာပူကိုသရေကစားနိုင်ရုံနဲ့ နောက်တစ်ဆင့်တက်ရောက်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဖိအားကင်းကင်းနဲ့ လိုချင်တဲ့ ပန်းတိုင်ဆီကို အရောက်သွားမှာပါ” ဟု ရှင်းပြခဲ့သည်။

ထို့ကြောင့် အင်ဒိုနီးရှားအနေဖြင့် စင်ကာပူအား သရေကစားနိုင်ရုံဖြင့် ဂိုးကွာခြားချက်သာလွန်မှုအရ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားနိုင်မည်ဖြစ်သည်။

မေလဲ့သင်း စုစည်းရေးသားသည်

### ၂၀၁၅ စင်ကာပူဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | စင်ကာပူ | ၆၀ | ၅၁ | ၆၄ | ၁၇၅ |
| ၂ | ဗီယက်နမ် | ၄၈ | ၂၃ | ၄၄ | ၁၁၅ |
| ၃ | ထိုင်း | ၄၆ | ၅၄ | ၄၀ | ၁၄၀ |
| ၄ | မလေးရှား | ၂၇ | ၃၁ | ၃၈ | ၉၆ |
| ၅ | အင်ဒိုနီးရှား | ၂၂ | ၂၈ | ၄၂ | ၉၂ |
| ၆ | ဖိလစ်ပိုင် | ၂၀ | ၂၃ | ၃၆ | ၈၀ |
| ၇ | မြန်မာ | ၁၁ | ၁၉ | ၁၉ | ၄၉ |
| ၈ | ကမ္ဘောဒီးယား | ၁ | ၄ | ၃ | ၈ |
| ၉ | လာအို | ၀ | ၃ | ၁၂ | ၁၅ |
| ၁၀ | ဘရူနိုင်း | ၀ | ၀ | ၅ | ၅ |
| ၁၁ | တီမော | ၀ | ၀ | ၁ | ၁ |

### ဆီးဂိမ်းပြိုင်ပွဲ သတင်းတိုများ

- ကနူးလှေလှော်ပြိုင်ပွဲနောက်ဆုံးနေ့တွင် ထိုင်းအသင်းက စုစုပေါင်း ရွှေတံဆိပ်သုံးဆုဆွတ်ခူးကာ ရွှေတံဆိပ်နှစ်ဆုသာရရှိခဲ့သော အိမ်ရှင်စင်ကာပူအသင်းထက် ကျော်လွန်အောင် စွမ်းဆောင်နိုင်ခဲ့သည်။
- မလေးရှားအသင်းနည်းပြ အော်ကင်ဆွိက လက်ကျန်ပွဲများအားလုံးကို အနိုင်ယူပြီး မလေးရှား၏ ဘောလုံးအဆင့်အတန်းအမှန်ကိုပြသသွားမည်ဟု ဆိုခဲ့သည်။
- အင်ဒိုနီးရှားက ဖိလစ်ပိုင်အား နှစ်ဂိုးပြတ်ဖြင့် အနိုင်ယူနိုင်ခဲ့သောကြောင့် စင်ကာပူအသင်း ပိုမိုဖိအားများသွားခဲ့ပြီဟု အင်ဒိုနီးရှားနည်းပြချုပ်ဟာဒက်က ပွဲကြိုအနေဖြင့်စကားစစ်ထိုးခဲ့သည်။
- ယခုဆီးဂိမ်းပြိုင်ပွဲမတိုင်မီက စင်ကာပူနိုင်ငံအနေဖြင့် ရွှေတံဆိပ် ၅၀ ဆွတ်ခူးရရှိရန် ပစ်မှတ်ထားနေကြောင်း ပြောခဲ့သော်လည်း ပြိုင်ပွဲပြီးဆုံးရန် တစ်ပတ်ခန့်လိုသေးချိန်မှာပင် ရွှေတံဆိပ် ၅၀ ကျော် ဆွတ်ခူးထားပြီးဖြစ်သည်။
- မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ဖိလစ်ပိုင်မှ အဲရစ်ခရေးနှင့် ရစ်ချက်ဆန်တို့နှစ်ဦးက ရွှေတံဆိပ်ဆုနှစ်ဆုဆွတ်ခူးရရှိခဲ့သည်။
- မလေးရှားအမျိုးသမီးဟော်ကီအသင်းက အင်ဒိုနီးရှားအသင်းအား အကြိုဗိုလ်လုပွဲတွင် ၅-၁ဖြင့်အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားနိုင်ခဲ့သောကြောင့် လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ရန် အလားအလာကောင်းသွားခဲ့ပြီဖြစ်သည်။

## ဘိလိယက်နှင့်စနူကာ နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာရွှေတံဆိပ်ဆွတ်ခူး

ဘိလိယက်နှင့်စနူကာ နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာမှ အောင်ဌေးနှင့် မင်းစည်သူထွန်းတို့အတွဲက စင်ကာပူမှ ပီတာဂေးလ်ခရစ္စနှင့် ချန်ဂွမ်ကွမ်တို့အတွဲအား အနိုင်ယူကာ ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သည်။ အိုစီဘီစီအရီနာကွင်းတွင် ကျင်းပခဲ့သော ယင်းဗိုလ်လုပွဲတွင် စင်ကာပူနှစ်ယောက်တွဲက ပထမနှင့် ဒုတိယအဆင့်ပွဲငယ်နှစ်ပွဲတွင် ၁၀၀-၈၆ ၊ ၁၀၀-၅၃ဖြင့် ဦးဆောင်ကစားနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် အောင်ဌေးနှင့် မင်းစည်သူထွန်းတို့က အကောင်းဆုံးပုံစံပြန်လည်ရရှိခဲ့ကာ ၂၅-၁၀၀၊၂၀-၁၀၁၊၉၀-၁၀၂ ဖြင့် အနိုင်ယူခဲ့ခြင်းဖြစ်သည်။

စင်ကာပူမှ ဂေးလ်ခရစ္စသည် ယခုနှစ်ဆီးဂိမ်းမှာပင် အင်္ဂလိပ်ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ ပွဲစဉ်နှစ်ပွဲတွင် ရွှေတံဆိပ်ဆုနှစ်ဆုရရှိခဲ့သော ကစားသမားလည်းဖြစ်သည်။

## အင်ဒိုနီးရှားကစားသမားအား လိင်စစ်ဆေးမှုပြုရန် ဖိလစ်ပိုင်တောင်းဆို



ဇွန် ၈ ရက်တွင် ဖိလစ်ပိုင်ဘတ်စကက်ဘောတာဝန်ရှိသူများက အင်ဒိုနီးရှားအမျိုးသမီးဘတ်စကက်ဘောအသင်းမှ ကစားသမားတစ်ဦးအား လိင်ပိုင်းဆိုင်ရာ ဆေးစစ်မှုပြုရန် တောင်းဆိုခဲ့သည်။ ဖိလစ်ပိုင်အသင်း တာဝန်ရှိသူများက အင်ဒိုနီးရှားမှ အသက်(၂၃)နှစ်အရွယ် ဆန်တီနီမန်ဂီနန်အား လိင်စစ်ဆေးမှုပြုရန်တောင်းဆိုခဲ့ခြင်းမှာ အမှန်ပင်ဖြစ်သည်ဟု ဇွန် ၉ ရက်က အတည်ပြုပြောကြားခဲ့သည်။

ဖိလစ်ပိုင်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက“သူက တကယ့်ကို အမျိုးသားတစ်ဦးမှာရှိတဲ့ ခွန်အားမျိုးနဲ့ ပွဲကိုချဉ်းကပ်ကစားခဲ့တာပါ။ ကျွန်မစိတ်ထင် အမျိုးသားတစ်ဦးကို အမျိုးသမီးအဖွဲ့ထဲ ထည့်သွင်းကစားစေသလားပေါ့။ တကယ်လို့ သူဟာ အမျိုးသားတစ်ဦးဖြစ်နေခဲ့တယ်ဆိုရင်တော့ မျှမျှတတဖြစ်သွားအောင် ပွဲကို ပြန်ပြီးကစားခိုင်းဖို့တောင်းဆိုမှာပါ” ဟု ရှင်းလင်းပြောကြားခဲ့သည်။

သို့သော် လတ်တလောတွင် ဆီးဂိမ်းကျင်းပရေးတာဝန်ရှိသူများက ဖိလစ်ပိုင်တာဝန်ရှိသူများ၏ တောင်းဆိုချက်ကို ချက်ချင်းမဆောင်ရွက်နိုင်သေးပေ။

## ထိုင်းအမျိုးသမီးဟော်ကီအသင်း အိမ်ရှင်ကို အနိုင်ယူကာ ဗိုလ်လုပွဲ တက်ရောက်



ဇွန် ၉ ရက်က အမျိုးသမီးဟော်ကီပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်မှာ ထိုင်းအသင်းက အိမ်ရှင်စင်ကာပူအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့အနိုင်ယူပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်ပါတယ်။ ၂၀၁၃ ဆီးဂိမ်းမှာလည်း ထိုင်းအသင်းက ငွေတံဆိပ်ဆုရရှိထားတဲ့အသင်းဖြစ်ပါတယ်။

ပထမပိုင်းမှာ ထိုင်းအသင်းရဲ့ လျင်မြန်လှတဲ့ တိုက်စစ်တွေကြောင့် စင်ကာပူက ဂိုးမပေးရရေးအတွက် အားထုတ်နေပြီး ခံစစ်ကြောင်းမှာပဲလူတွေစုပြုံ ပိတ်ဆို့ကစားနေခဲ့ပါတယ်။ ဒါပေမယ့် ပွဲအစ ၉ မိနစ်မှာ ထိုင်းအသင်းမှ ကျောနံပါတ်(၇) ဆောင်ခွန်ပီတက်က ဒီပွဲရဲ့ တစ်လုံးတည်းသော ဂိုးကို သွင်းယူပေးခဲ့ပါတယ်။

ဒုတိယပိုင်းမှာတော့ စင်ကာပူအသင်းက ချေပဂိုးရရှိဖို့ တိုက်စစ်ဆင်ကစားခဲ့ပြီး ထိုင်းအသင်းကတော့ အနိုင်ကို ဆက်လက်ထိန်းထားနိုင်ဖို့ ခံစစ်ကိုပဲ အဓိကအားပြုကစားသွားခဲ့ပါတယ်။ ဒါကြောင့် ပွဲအပြီးမှာ ထိုင်းအသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ယူပြီး ဗိုလ်လုပွဲမှာ မလေးရှားအသင်းနဲ့ ရင်ဆိုင်ရတော့မှာ ဖြစ်ပါတယ်။

## အောင်လံမြို့၌ ဆေးခြောက် တစ်ပိဿာကျော် သိမ်းဆည်းရမိ

**အောင်လံ ဇွန် ၁၀**

အောင်လံမြို့ ရွာထောင်ရပ်ကွက်ရှိ နေအိမ်တစ်အိမ်မှ ဇွန် ၈ ရက် နံနက်ပိုင်းက ဆေးခြောက် တစ်ပိဿာကျော် သိမ်းဆည်းရမိခဲ့ကြောင်း အောင်လံမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၈ ရက် နံနက်ပိုင်းက ရွာထောင်ရပ်ကွက်နေ ဘိုင်လေး(ခ)ညွန့်လှိုင် (၄၉)နှစ်၏နေအိမ်တွင် ဆေးခြောက်များရောင်းချနေကြောင်း သတင်းအရ ၎င်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိုင်လေး၏ အစ်ကို ဘိုင်ကြီး (ခ)ညွန့်နိုင်မှာ နေအိမ်အတွင်းမှ ဆာလာအိတ်ထုပ် တစ်ထုပ်အား ဆွဲယူထွက်ပြေးခဲ့သဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ဆေးခြောက်ဟု ယူဆရသော အရိုး၊ အရွက်၊ အစေ့များပါ အလေးချိန် တစ်ပိဿာ ၇၅ ကျပ်သားခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဘိုင်ကြီး(ခ)ညွန့်နိုင်နှင့် ဘိုင်လေး(ခ)ညွန့်လှိုင်တို့ နှစ်ဦးအား အောင်လံမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**(ကျော်ဇေယျ)**

## လိုင်စင်မဲ့ဆိုင်ကယ် သယ်ဆောင်သူနှစ်ဦးအား အရေးယူ

**တောင်တွင်းကြီး ဇွန် ၁၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လှည့်ကင်းဆောင်ရွက်နေစဉ် ဇွန် ၄ ရက် နံနက်ပိုင်းက တောင်တွင်းကြီး-ပြည်ကားလမ်းဘေးရှိ ကိုနိုင် ဆိုင်ကယ် ပစ္စည်းရောင်းဝယ်ရေးဆိုင်ရှေ့ တံတားပေါ်တွင် တောင်တွင်းကြီးဘက်မှ ပြည်ဘက်သို့ ဆိုင်ကယ်တစ်စီးပေါ် နောက်တစ်စီး ကန့်လန့်ဖြတ်တင်ဆောင်ပြီး မောင်းနှင်လာသော လူငယ်နှစ်ဦးအား တွေ့ရှိ၍ စစ်ဆေးမေးမြန်းရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ သီရိမင်္ဂလာရပ်ကွက်နေ စိုးမင်းသန့်(ခ)စိုးမင်းနှင့် မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက်နေ ကျော်နိုင်လွင်တို့ဖြစ်ပြီး ၎င်းတို့ စီးနင်းလာသော ဆိုင်ကယ်နှင့် တင်ဆောင်လာသော ဆိုင်ကယ်များအား လိုင်စင်ရှိ/မရှိ စိစစ်ရာ လိုင်စင်မရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဆိုင်ကယ်များအား သိမ်းဆည်းခဲ့ပြီး တရားဝင်ခွင့်ပြုချက်မရှိသည့် ဆိုင်ကယ်များ လက်ဝယ်ထားရှိသူ စိုးမင်းသန့်(ခ)စိုးမင်းနှင့် ကျော်နိုင်လွင်တို့အား တောင်တွင်းကြီးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## မျှော်လင့်ချက်တို့ထားနိုင်ရာ သတင်းစကားလေးတစ်ခုပါ မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ်ကုသနိုင်တဲ့အရာ

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူလူထုဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



## မူဆယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၁၆၀၊ အိုက်စ် သုည ဒသမ ၃ ကီလိုနှင့် ဘိန်းဆီရည် ၃ လီတာ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း ရွှေလီစစ်ဆင်ရေး(၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၇ ရက်က မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်၊ မူးယစ်တပ်ဖွဲ့စု(၁၀၂)နေပြည်တော်နှင့် နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် မူဆယ်မြို့ ကောင်းမှုတံရပ်ကွက်နေ မြင့်ဦး၏နေအိမ်ကိုရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ နေအိမ်မီးဖိုချောင်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀ နှင့် မြန်မာငွေကျပ် ၁ ဒသမ ၂၉၅ သိန်း၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀၀၀၊ ဘိန်းဆီရည် ၃ လီတာ၊ အိုက်စ် သုည ဒသမ ၃ ကီလို၊ မြန်မာငွေကျပ် ၉၈ ဒသမ ၆၅ သိန်း၊ တရုတ်ငွေ ၂၀၇၀၀ ယွမ်၊ ကျောက်စိမ်းအရိုင်းတုံး သုံးတုံး၊ မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသည့် မင်းမင်း၊ ဇော်ထွေးနိုင်၊ ရန်ရှန်းရီ၊ ငယ်လေး၊ အိုက်ထွန်း၊ ထွန်းလှအောင်၊ ကျောင်သဲရာ၊ ကျော်ခိုင်၊ အိုက်ပါပေါင်းနှင့် အားရန်ကျိုး (ခ) ကျော်ကျော်တို့အား တွေ့ရှိရပြီး ငါးပစ်ဂိမ်းစက် နှစ်လုံးနှင့် မြန်မာငွေကျပ် ၂၅၇၀၀ ကို သိမ်းဆည်းရမိသဖြင့် အိုက်ပါပေါင်းနှင့် မြင့်ဦး(ဖမ်းမမိသေး)အပါအဝင် ၎င်းတို့ ၁၂ ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

## မေလအတွင်း မူးယစ်ဆေးဝါးသိမ်းဆည်းရမိမှုများ

**နေပြည်တော် ဇွန် ၁၀**

မေလအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့မှ ဘိန်း ၃၉ မှု(အလေးချိန် ၁၁၅ ဒသမ ၂၆၈ ကီလို)၊ ဘိန်းဖြူ ၂၉၂ မှု(အလေးချိန် ၆ ဒသမ ၁၈၁၃ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၀ မှု(၁၁၁၃၁၆၁ ပြား)၊ ဆေးခြောက် ၃၀ မှု(အလေးချိန် ၇ ဒသမ ၀၉၃၂ ကီလို)၊ ဘိန်းဆီခဲငါးမှု (အလေးချိန် ၂ ဒသမ ၅၂၄၈ ကီလို)၊ အဆင့်နိမ့်ဘိန်း ၂၅ မှု(အလေးချိန် ၅ ဒသမ ၆၂၀၄ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့်(အလေးချိန် သုည ဒသမ ၁၆၂၄ ကီလို)၊ အိုက်စ် ရှစ်မှု(အလေးချိန် ၁၂ ဒသမ ၀၉၆၁ ကီလို)၊ ကဖင်း(အလေးချိန် သုည ဒသမ ၇၇ ကီလို)၊ အက်ဖီဒရင်း (အလေးချိန် သုည ဒသမ ၀၄၁၅ ကီလို)၊ ဘိန်းစာမှုန့် ခုနစ်မှု(သုည ဒသမ ၇၉၃ ကီလို)၊ ဆူဒိုအက်ဖီဒရင်းဆေးပြား(၁၅၀၀၀၀ ပြား)၊ ဆူဒိုအက်ဖီဒရင်းအမှုန့် (သုည ဒသမ ၀၀၃ ကီလို)၊ ဒိုင်ယာဇီပန့်ဆေးပြား တစ်မှု(၂၉ ပြား)၊ ထရာမဒေါလ်မှု(၂၀ တောင့်)၊ ဘိန်းရည်တစ်မှု(၂၅ ဒသမ ၉၈၅ လီတာ)၊ ဘိန်းဆီရည် တစ်မှု(၂၂ လီတာ)၊ ဓာတုဆေးရည်မှု(တစ်လီတာ)၊ အခြားမှု ခြောက်မှု၊ မှတ်ပုံတင်ပျက် သုံးမှုတို့အား သိမ်းဆည်းရမိခဲ့ပြီး အမှုပေါင်း ၇၂၈ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ အမျိုးသား ၉၂၄ ဦး၊ အမျိုးသမီး ၁၂၇ ဦး စုစုပေါင်း တရားခံ ၁၀၅၁ ဦးတို့အား ဥပဒေအရ အရေးယူခဲ့သည်။

**(သတင်းစဉ်)**

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ အောင်ချက်(၅၁. ၇၈)ရာခိုင်နှုန်းဖြင့် တစ်နိုင်ငံလုံး အောင်ချက်အများဆုံး(ပထမ)ရရှိခဲ့ကြောင်းနှင့် ဘာသာစုံဂုဏ်ထူးရှင် ၃၆ ဦး၊ (၅)ဘာသာဂုဏ်ထူးရှင် ၁၀၆ ဦးပေါ်ထွက်ခဲ့ကြောင်း သိရှိရပါသဖြင့် ထူးချွန်အောင်မြင် ကျောင်းသား/ကျောင်းသူများ၊ မိသားစုများနှင့် ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

ထိုသို့အောင်မြင်မှုများရရှိအောင် ဦးဆောင်လမ်းညွှန်မှုပေးခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ၊ သင်ကြားပေးခဲ့ကြသည့် ဆရာ/ဆရာမများ၊ ပညာရေးဝန်ထမ်းများအားလုံးကို လေးစားစွာဂုဏ်ပြုအပ်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ အောင်မြင်မှုများရရှိပြီး နိုင်ငံ့အကျိုး ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ဥက္ကဋ္ဌ ဦးဇော်ဝင်းရှိန်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ
ဧရာဟသ်ာဟိုးလ်ဒင်းကုမ္ပဏီလီမိတက်
ဧရာဝတီဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်

# ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေး မိဘပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ပေး

**à** မောင်သောင်းဝင်း(တမန်ဟောင်း)

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံရှိ ပြည်သူအားလုံး ပညာတတ်မြောက်မှုနှုန်းအပေါ်တွင် များစွာမူတည်နေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံသားများ၏ ပညာရည်မြင့်မားရေးအတွက် ရေတို၊ ရေရှည်စီမံချက်များ၊ သုတေသနလုပ်ငန်းများလုပ်ဆောင်လျက် ငွေကြေးရင်းနှီး မြှုပ်နှံဆောင်ရွက်လျက်ရှိကြသည်။ ထို့အတူ မြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသားပြည်သူများမှမွေးဖွားလာသော မျိုးဆက်သစ် ရင်သွေးငယ်များ ပညာရည်မြင့်မားရေးအတွက် ပညာရေးကဏ္ဍတွင် ငွေကြေးမြောက်မြားစွာ ကျခံသုံးစွဲပြီး အလေးထားဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာ၌ နှစ်စဉ်ပညာသင်နှစ်အစတွင် နိုင်ငံတစ်ဝန်းရှိ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေးအတွက် အမျိုးသားရေးအသွင်ဖြင့် ပုံဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးအတွက် ကျောင်းအပ်နှံရေးသီတင်းပတ်ကို မေ ၂၅ ရက်မှ ၃၁ ရက်အထိဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ထို့သို့ဆောင်ရွက်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နှံရန်ကျန်ရှိနေသော ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေနိုင်ရေးအတွက် သန်းခေါင်စာရင်းနှင့်တိုက်ဆိုင်စိစစ်ပြီး ကျောင်းစတင်ဖွင့်လှစ်သည့် ဇွန် ၁ ရက်မှ ၁၄ ရက်အထိ ကျောင်းနေရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသားမိဘများဖြစ်ကြသည့် စာရေးသူတို့သည် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့်စေတနာကို အသိအမှတ်ပြုလျက် ကလေးငယ်များကျောင်းနေနိုင်ရေးလုပ်ငန်းတွင်တတ်အားသရွေ့ ပါဝင်ဆောင်ရွက်သွားသင့်ပါသည်။

ယနေ့ခေတ်ကာလသည် ပညာခေတ်ဖြစ်လာသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် စိန်ခေါ်မှုများစွာဖြင့် ရင်ဆိုင်ရလျက်ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မျက်မှောက်ကာလစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မည့် စဉ်ဆက်မပြတ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာနိုင်ရေးအတွက် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးလုပ်ငန်းများကို စီမံချက်ချ၍ ဆောင်ရွက်နေခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းသား၊ ဆရာ၊ မိဘ၊ ပြည်သူများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့တို့အကြား တက်ညီလက်ညီကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပေသည်။

အထူးသဖြင့် လက်လုပ်လက်စားလူ့အဖွဲ့အစည်းများအတွင်းရှိ မိသားစုများတွင် ကျောင်းနေအရွယ် ကလေးများအား အချိန်မီကျောင်းအပ်နှံနိုင်ခြင်း မရှိကြချေ။ အချို့သော မိဘများသည် လတ်တလောကြုံတွေ့နေရသည့် မိသားစုစားဝတ်နေရေးအခက်အခဲအရ ရင်သွေးငယ်များကို ကျောင်းအပ်နှံလေ့မရှိဘဲ အလုပ်လုပ်ခိုင်းလေ့ရှိကြသည်။ ကျောင်းနေအရွယ်ကလေးတစ်ဦးသည် သည်။ ထိုကလေးများသည် လူလားမြောက် အရွယ်ရောက်သည့်အခါ အတန်းပညာရေး ဆုံးခန်းတိုင်အောင်သင်ကြားခဲ့ရသော ကလေးများကဲ့သို့ အမှား၊ အမှန် ခွဲခြားနိုင်စွမ်းမရှိခြင်း၊ လူ့အဖွဲ့အစည်းနှင့် တိုင်းပြည်အကျိုးပြုလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်နိုင်စွမ်းမရှိသည့်အပြင် နေ့စဉ်ဘဝရပ်တည်ရေးအတွက်ပါ အခက်အခဲဖြစ်လာမည်ဖြစ်သည်။ ထိုကလေးများ၏ ဘဝနေဝင်ချိန်သည် အဆုံးသတ်ကောင်းနိုင်မည်မဟုတ်ချေ။

ထို့ကြောင့် 'ဘူးသီးနုနုကိုအမွေးသပ်' သကဲ့သို ကျောင်းနေအရွယ်ကလေးများကို အရွယ်မတိုင်မီ လုပ်ငန်းခွင်ဝင်ခိုင်းစေခြင်းမျိုးကို အထူးအလေးထားရှောင်ရှားသွားသင့်ပါသည်။ မိသားစု၏ လတ်တလောအခက်အခဲကို အခြားနည်းလမ်းဖြင့်သာ ဖြေရှင်းသင့်ပါသည်။ 'ကမ္ဘာမီးလောင် သားကောင်ချနင်း' ဆိုသလို မိမိတို့၏အခက်အခဲအတွက် သားသမီးများကိုစတေးသည့် မိဘမျိုးလည်း မဖြစ်သင့်ပေ။

## မိမိတို့၏အခက်အခဲအတွက် သားသမီးများကိုစတေးသည့် မိဘမျိုးလည်းမဖြစ်သင့်ပေ။ ဖြူစင်သော . . .

ဖြူစင်သောလူငယ်များကို လမ်းပေါ်သို့ စေလွှတ်ခိုင်းစေမည့်အစား စာသင်ခန်းအတွင်းသို့ ဝင်ခွင့်ပေးသင့်ပါသည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည် မျိုးဆက်သစ်လူငယ်များပေါ်တွင် များစွာတည်မှီနေသောကြောင့် ကျောင်းသားလူငယ်များ ကျောင်းနေနိုင်ရေးလုပ်ငန်းကို မိဘ၊ ဆရာ၊ အုပ်ချုပ်သူအဖွဲ့အစည်းများနှင့် ပြည်သူ လူထုတို့ တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်သွားရန် လိုအပ်ပေသည်။

နိုင်ငံတော်အစိုးရသည် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရာ၌ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များချမှတ်၍ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နှစ်စဉ်ဘဏ္ဍာငွေများ တိုးမြှင့်သုံးစွဲလျက်ရှိပါသည်။ ပညာရေးအသုံးစရိတ်ကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၃၆၉ ဒသမ ၇၁၄ ဘီလီယံကျပ်သုံးစွဲခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၅၁၄ ဒသမ ၇၇ ဘီလီယံကျပ်အထိ တိုးမြှင့်သုံးစွဲသွားမည်ဖြစ်သည်။ ထိုငွေကြေးပမာဏများသည် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွက် အားတက်ဖွယ်ရာကောင်းသည့် ကိန်းဂဏန်းအချက်အလက်များပင်ဖြစ်သည်။

ထို့အပြင် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးတွင် မောင်းနှင်အားများဖြစ်သည့် ဘက်စုံထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန် ဆောင်ရွက်ရာ၌ အဓိကကျပြီး ပဓာနအရင်းခံဖြစ်သည့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်စေရန် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ အခမဲ့မသင်မနေရ မူလတန်းပညာရေးအစီအစဉ်ကို စတင်ခဲ့သည်။ ထို့နောက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခမဲ့ အလယ်တန်းပညာရေးအစီအစဉ်များကို စတင်နိုင်ခဲ့သည်။ ထို့အပြင် အခမဲ့အထက်တန်းပညာရေး အစီအစဉ်ကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။ ထိုအစီအစဉ်ကောင်းများသည် နိုင်ငံတော်အစိုးရ၏ လက်တွေ့ကျသည့် ဆောင်ရွက်ချက်များပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ ပြည်သူအားလုံးသည် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးလုပ်ငန်းတွင် အစိုးရနှင့်အတူ တစ်တပ်တစ်အား ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ၂၀၁၅ ခုနှစ် မေ ၅ ရက်တွင် ဘက်စုံပညာထူးချွန်အပန်းဖြေစခန်း (ငွေဆောင်)၌ ဘက်စုံပညာထူးချွန်လူငယ်မောင်မယ်များနှင့် တွေ့ဆုံစဉ် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မာရေးအတွက် ပြောကြားချက်များအနက် အချို့ကို ကောက်နုတ်ဖော်ပြရလျှင် "မိမိတို့နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရန်အတွက် သယံဇာတအရင်းအမြစ်များနှင့် အခြေအနေကောင်းများရှိသော်လည်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်ချက်များစွာရှိနေကြောင်း၊ ဘက်စုံပညာထူးချွန်လူငယ်များသည်

**စာမျက်နှာ (၁၆) သို့**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊ မြေကွက်အမှတ်-၁၁၊ မြေကွက်တည်နေရာအမှတ်-၁၁၊ စက်ရုံလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးပူး[၁၂/ဒပန(နိုင်)၀၂၄၀၃၅] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးပူး(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ခင်ကြည်[၁၂/ဒပန(နိုင်)၀၂၄၀၃၆]မှ ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်ကာ ၎င်းထံမှ GP ၂၅၃၁/၁၄(၁၆-၉-၁၄)ရရှိသူ ဦးကျော်ဝင်း[၁၂/ပဘတ(နိုင်)၀၃၅၅၀၈]နှင့် ဒေါ်ဇူးဇူးထက်[၁၂/လသယ(နိုင်)၀၄၇၂၆၆]တို့မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းများ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ




**ဂရန်မူရင်းပယ်ဖျက်ပြီးကြောင်း အသိပေးကြေညာခြင်း**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ မြေကွက်အမှတ်-က/၃၃၃၊ မြေကွက်တည်နေရာအမှတ်-၁၀၁၊ ၉-လမ်း၊ သဘော်ကျင်း ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးကျော်ရင်[၁၂/ဒပန(နိုင်)၀၂၃၃၁၉]နှင့် ဦးကျော်ဝင်း[၁၂/ဒပန(နိုင်)၀၂၃၃၉၁]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်များဖြစ်ကြသော ဦးကျော်ရင်နှင့် ဦးကျော်ဝင်းတို့ ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်၊ သဘော်ကျင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊ ကတိသစ္စာပြုကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်များတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ပြီး ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်၍ အမှုတွဲအမှတ်(ဒပ/၁၄/၀၀၁၃/၉၃)(၂၃-၉-၉၃)ဖြင့် မူလထုတ်ပေးထားသည့် ဦးကျော်ရင်၊ ဦးကျော်ဝင်း အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်(မူရင်း)စာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀ တောင်၊ မြေကွက်အမှတ် ၂၁၆၁/ခ၊ မြေကွက်တည် နေရာအမှတ် ၂၁၆၁/ခ၊ ဇေယျဝတီ(၃)လမ်း၊ ၁၀ တောင်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးကျော်ကျော်ဝင်း) အမည်ပေါက်၊ နှစ် ၆၀ ဂရန် မြေအား သာကေတမြို့နယ် တရားရုံး၌ ဦးမြတ်ဝင်းရွှေမှ ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၃ ဖြင့် ဦးကျော်ကျော်ဝင်း ပါ-၃ အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ် - ၄၀ အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဒေါ်တင်မေလွင်(၁၂/ဗဟန(နိုင်)၀၂၀၈၆ရ မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၅။ နည်းဥပဒေ-၂၀)**
**သနပ်ပင်မြို့နယ်တရားရုံး**
**၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇**

ဦးမြင့်ရွှေ နှင့် ၁။ဦးတင်ငွေ၊ ၂။ဒေါ်ဝင်းမြင့်
၃။ဒေါ်ခင်စန်း၊ ၄။ဦးသိန်းမြင့်
၅။ဦးခင်ဝင်း၊ ၆။ဒေါ်လှဝင်း
၇။ဦးသိန်းထွန်း၊ ၈။ဒေါ်ဝင်းရီ
တရားလို တရားပြိုင်များ

သနပ်ပင်မြို့နယ်၊ ကံကြီးဝိုင်ကျေးရွာနေ (၁)တရားပြိုင် ဦးတင်ငွေ၊ (၂) တရားပြိုင် ဒေါ်ဝင်းမြင့်နှင့် သနပ်ပင်မြို့နယ်၊ ရွှေလှေစုကျေးရွာနေ (၇) တရားပြိုင် ဦးသိန်းထွန်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်)၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေပါစေ၍ဖြစ်စေ၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၅ရက် (၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့် မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်စပ်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာ ရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ်၊ မေလ ၁၅ ရက်၌ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

တင်နွယ်အောင်
ဒုတိယမြို့နယ်တရားသူကြီး
သနပ်ပင်မြို့နယ်တရားရုံး

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

အဖ ဦးမောင်ကျော်[၁၂/ဥကမ(နိုင်)၀၄၀၀၈၆] အမိ (ဒေါ်ချို)တို့၏သားဖြစ်သူ မောင်အောင်မင်းနိုင်[၁၂/ဥကမ(နိုင်)၂၁၇၅၇၁]သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ၎င်းအား သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

0;armiau

**စာမျက်နှာ (၁၅) မှ အဆက်**

တိုင်းကျိုးပြည်ပြု ပခုံးပြောင်းတာဝန်ကို ဆောင်ရွက်နိုင်စွမ်းရှိသည့် အနာဂတ်နိုင်ငံ့ခေါင်းဆောင်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များဖြစ်အောင် ပြည်သူ့သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်အောင် ကြိုးစားအားထုတ်ကြရန် တိုက်တွန်းပါကြောင်း” ဖြင့် ပြောကြားခဲ့ပါသည်။ မျိုးဆက်သစ်လူငယ်များ ထူးချွန်ထက်မြက်ရေးအတွက် နိုင်ငံ့ခေါင်းဆောင်တစ်ဦး၏ ကြီးမားထက်သန်သော စိတ်စေတနာများပင်ဖြစ်သည်။

ကျောင်းသားလူငယ်များ ထိရောက်အောင်မြင်စွာ စာပေလေ့လာသင်ယူနိုင်ရန်အတွက် ပတ်ဝန်းကျင်အခြေအနေကောင်းများ ဖန်တီးပေးရန် လိုအပ်ပေသည်။ စာသင်ကျောင်းများ၊ သင်ထောက်ကူပစ္စည်းများအပြင် အထောက်အကူပြု ကျောင်းစာကြည့်တိုက်များလည်း ဖန်တီးပေးရန် လိုအပ်ပေသည်။ အထူးသဖြင့် စာသင်ကျောင်းများသည် တိတ်ဆိတ်ငြိမ်သက်မှုရှိသည့်နေရာများတွင်သာ ရှိသင့်ပါသည်။ ထိုသို့ တိတ်ဆိတ်ငြိမ်သက်သည့်နေရာမျိုး၌ ကျောင်းသားလူငယ်များ အနှောင့်အယှက်ကင်းစွာ ပညာသင်ကြားနိုင်သဖြင့် ထူးချွန်ထက်မြက်သည့်လူငယ်များ ပေါ်ထွန်းရေးတွင် များစွာအထောက်အကူပြုပေသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၁၅ ခုနှစ် ဇွန် ၄ ရက်တွင် ထားဝယ်မြို့ အခြေခံပညာအထက်တန်းကျောင်း (ညောင်းရမ်းတောင်) ကျောင်းဆောင်သစ်များ ဖွင့်လှစ်ခြင်းနှင့် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား၌ ကျောင်းသားလူငယ်များ ပညာရေးထူးချွန်ရေးအတွက် ပြောကြားချက်များအနက် အချို့ကို ကောက်နုတ်ဖော်ပြရလျှင် “ဆရာ၊ ဆရာမများကလည်း အတန်းအလိုက် စာတကယ်တတ်မြောက်အောင် သင်ကြားပေးရမည်ဖြစ်သလို မိဘများကလည်း သားသမီးများ ပညာရေးကို စိတ်ပါဝင်စားမှုရှိအောင် ဝိုင်းဝန်းကြပ်မတ်လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပညာရေးမြှင့်တင်မှုလုပ်ငန်းများတွင် ကျောင်းသား၊ ဆရာ၊ မိဘ သာမက အုပ်ချုပ်ရေးပိုင်းတာဝန်ရှိသူများ၊ ဒေသခံပြည်သူများကပါ ဝိုင်းဝန်းအားပေး ကူညီဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကျောင်းသားလူငယ်များတွင် ကောင်းမွန်သည့် ရည်မှန်းချက်၊ ရည်ရွယ်ချက်များရှိကြောင်း၊ ယင်းတို့အတိုင်း အောင်မြင်မှုရှိအောင် ဝိုင်းဝန်းမြေတောင်မြှောက်ပေးရမည်ဖြစ်ကြောင်း” ဖြင့်ပြောကြားသွားခဲ့ပါသည်။ တပ်မတော်အကြီးအကဲသည် ပညာရေးမြှင့်တင်မှုလုပ်ငန်း အရေးပါမှုကို အလေးထား၍ ပြောကြားသွားခြင်းဖြစ်သည်။ ထို့ကြောင့် ကျောင်းသားမိဘများဖြစ်ကြသည့် ကျွန်ုပ်တို့သည် မိမိတို့ကျရာအခန်းကဏ္ဍကို ကျေပွန်စွာဆောင်ရွက်သွားနိုင်ရန် လိုအပ်ပါသည်။

ခြုံ၍တင်ပြရလျှင် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ထိုနိုင်ငံရှိ မျိုးဆက်သစ်လူငယ်များ၏ ပညာရေးထူးချွန်ထက်မြက်မှုအပေါ်တွင် များစွာတည်မှီလျက်ရှိပေသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ ထိုသို့ ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရအပြင် မိဘ၊ ဆရာနှင့် ဒေသခံပြည်သူများ၏ တက်ညီလက်ညီ ပါဝင် ဆောင်ရွက်မှုစွမ်းအားများလည်း လိုအပ်ပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံးသည် မိမိရင်သွေးငယ်များ ကျောင်းနေနိုင်ရေးကို အလေးထားဆောင်ရွက်သွားကြပါစို့ဟု အကြံပြုတိုက်တွန်းအပ်ပါသည်။ ။

# ရာသီပေါ်သီးနှံ ဒူးရင်းသီးနှင့် တည်းသီးများဈေးကောင်းရရှိ

**ဘောဂလိ ဇွန် ၁၀**

ယခုနှစ် ကရင်ပြည်နယ်အတွင်းရှိ ဘောဂလိမြို့အပြင် သံတောင်ကြီးမြို့နယ်နှင့် လိပ်သိုမြို့များတွင် တည်းသီးများမှာ ပုံမှန်အားဖြင့် တစ်နှစ်သီးပြီး နောက်တစ်နှစ်တွင် အားပြန်ယူရသည့်အနေအထားအရ အထွက်နှုန်းနည်းသော်လည်း ပုံမှန်ဈေးရရှိကာ ဒူးရင်းသီးမှာ အထွက်နှုန်းကောင်း၊ ဈေးနှုန်းကောင်းလျက်ရှိကြောင်း သိရသည်။

ဘောဂလိမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ပလက်ဝချောင်းအနီးရှိ ကျေးရွာများမှ ဒေသထွက်သီးနှံများအား လက်လီလက်ကားဖြင့် ဆိုင်ကယ်ကယ်ရီများမှ ခြံအရောက် လာရောက်ဝယ်ယူခြင်းဖြင့်လည်းကောင်း၊ ကိုယ်တိုင် တောင်ငူမြို့ပွဲရုံများသို့လည်းကောင်း သွားရောက်ရောင်းချသည်။

ယခုနှစ် ဘောဂလိ-သံတောင်-တောင်ငူ ကားလမ်းသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်းကြောင့် ဈေးကွက်ပိုမိုရရှိခြင်းဖြစ်ပြီး ယခုနှစ် ဒူးရင်းသီးလေးထောင့်သံပုံး တစ်ပုံးလျှင် ကျပ် ၂၅၀၀၀ မှ ကျပ် ၃၀၀၀၀၊ ဒူးရင်းသီးတစ်လုံးလျှင် ကျပ် ၁၀၀၀မှ ကျပ် ၂၀၀၀၊ အလုံးကောင်းများအတွက် ကျပ် ၃၀၀၀ မှ ကျပ် ၄၀၀၀ အထိရရှိကြောင်း သိရသည်။

ကရင်ပြည်နယ် ဘားအံခရိုင် ဘောဂလိမြို့သည် တောင်ပေါ်ဒေသဖြစ်ပြီး တောင်ကုန်းတောင်တန်းဒေသဖြစ်သည်နှင့်အညီ ဥယျာဉ်ခြံများတွင် ဒူးရင်း၊ မင်းဂွတ်၊ တည်း၊ ကွမ်းသီး၊



ဖာလာ စသည့်ရာသီပေါ်သီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**ဘောဂလိ(ပြန်/ဆက်)**

## အင်းတော်မြို့၌ ၂၀၁၄-၂၀၁၅ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း ယခင်နှစ်ကထက်မြင့်တက်

**မော်လူး ဇွန် ၁၀**

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုထားကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ အောင်စာရင်းကို ဇွန် ၆ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးစာစစ်ဌာနမှ ဝင်ရောက်ဖြေဆိုပြီး အောင်မြင်ခဲ့ကြသည့် အောင်ချက်ရာခိုင်နှုန်းမှာ ယခင်နှစ်ကထက် သာလွန်ကောင်းမွန်ခဲ့ကြောင်း သိရသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မော်လူးစာစစ်ဌာနမှ ၅ ဘာသာဂုဏ်ထူးရှင် သုံးဦး၊ ၄ ဘာသာဂုဏ်ထူးရှင် လေးဦး၊ ၃ ဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၂၀၊ ၁ ဘာသာဂုဏ်ထူးရှင် ၁၉ ဦး ပေါ်ထွက်ခဲ့သည်။

ဂုဏ်ထူးရကျောင်းသား ၅၉ ဦး၊ ရိုးရိုးအောင်မြင်သူ ၁၀၇ ဦး စုစုပေါင်း ၁၆၆ ဦး ရှိကြောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မော်လူးစာစစ်ဌာနမှ ၃၃၃ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း၊ အောင်ချက်ရာခိုင်နှုန်းမှာ ၄၉ ဒသမ ၄ ရာခိုင်နှုန်းရှိရာ ယခင်နှစ်က အောင်ချက်နှုန်းမှာ ၄၂ ဒသမ ၆ ရာခိုင်နှုန်းသာရှိခဲ့သဖြင့် ယခုနှစ် အောင်ချက်ရာခိုင်နှုန်းမှာ ယခင်နှစ်ကထက် သာလွန်ကောင်းမွန်ခဲ့သည်။

**ခင်မောင်ဆွေ**

## သိပ္ပံနည်းကျ နည်းစနစ်နှင့်အညီ စိုက်ပျိုးပါက တစ်ဧကတင်း ၁၀၀ အထက် ထွက်ရှိနိုင်

**ပုသိမ်ကြီး ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် လက်သစ်ကျေးရွာအုပ်စု ကွင်းအမှတ် (၅၅၂) တောင်သူဦးငွေ၏ နွေစပါးပုလဲသွယ် (GW1) အထူးအထွက်ကောင်း စပါးမျိုးအား စံကွက်ရိတ်သိမ်းပွဲကို ဇွန် ၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ပုသိမ်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊တောင်သူများ တက်ရောက်ကြသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက GW1 ပုလဲသွယ် စပါးမျိုးအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ တစ်မြို့နယ်လုံး နွေစပါးစိုက်ဧကပေါင်း ၂၀၇၉၁ ဧကတွင် ပုလဲသွယ်စပါးမျိုးစပါး၃၅၆၅ ဧက စိုက်ပျိုးထားရှိကြောင်း သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များနှင့်အညီ စိုက်ပျိုးပါက တစ်ဧကလျှင် တင်း၁၀၀ အထက် ထွက်ရှိနိုင်ကြောင်း ပြောကြားခဲ့သည်။

**ဖြိုးဝေ(ဆင်တဲဝ)**

“ဓမ္မပီတိ” ဗုဒ္ဓဂယာ နှင့် သီရိလင်္ကာ ဘုရားဖူးအဖွဲ့
ဓမ္မပီတိ နှင့် ဘုရားဖူးလိုက်ပါမည့် ဘုရားဖူးသူတော်စင်များရှင့် ......
၂၀၁၅-၂၀၁၆ ဘုရားဖူးခရီးစဉ်များအတွက် အမည်စာရင်းပေးသွင်းသူများကို တီရှပ်အင်္ကျီများလက်ဆောင်ပေးနေပါပြီ။
“၁.၆.၂၀၁၅ မှ ၁.၁၀.၂၀၁၅” အတွင်း အမှတ်(၄၆)၊မြေညီထပ်၊အောင်သပြေလမ်း၊စမ်းချောင်းမြို့နယ်သို့ လာရောက်ထုတ်ယူနိုင်ပါသည်။
“၂၀၁၁ခုနှစ်မှ ၂၀၁၅ခုနှစ် အတွင်း
ဓမ္မပီတိအဖွဲ့နှင့် ဘုရားဖူးသွားရောက်ခဲ့ သူများလည်းကိုယ်တိုင်ကိုယ်ကျလာရောက်ထုတ်ယူနိုင်ပါသည်။”
အထူးခရီးစဉ် - ၁၉.၇.၂၀၁၅ - ဇူလိုင်လ(၁၉)ရက်နေ့တွင် သီရိလင်္ကာအထူးခရီးစဉ်ရှိပါသည်။
ဖုန်း-၀၁ ၅၃၆၇၄၇၊ ၀၉ ၂၀၃၉၈၃၃၊ ၀၉ ၇၉၁၆၀၆၀၄၀၊ ၀၉ ၆၈၀၂၁၀၄၊ ၀၉၂၅၄၄၅၀၉၇၈၊ ၀၉ ၅၀၀၃၉၇၃။

ဂုဏ်ယူဝမ်းမြောက်ခြင်းနှင့် ကျေးဇူးတင်ရှိခြင်း
၂၀၁၅ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်၍ မြန်မာတစ်နိုင်ငံလုံး အဆင့်(၄) ရရှိသော မခေသီခေသီဟာန် ဆလသ(၂၇၂) အ.ထ.က(၂) လသာ အတွက် ဂုဏ်ယူဝမ်းမြောက် ကြောင်း နှင့် သင်ကြားပေးခဲ့သော ဆရာ/ဆရာမ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။
ဘိုးဘိုး - ဦးလှကျော်၊ (ဦးထွန်းညွန့်)၊ ဘွားဘွား ဒေါ်လှသိန်း၊ ဒေါ်တင်ဦး (ဥက္ကံမြို့)၊
ဖေဖေ - ဦးကျော်မိုးဦး၊ မေမေ Dr. မိမိခိုင် (ရွှေပြည်သာမြို့နယ် ကုသရေးဦးစီးဌာနမှူး)
မမ - Dr.ခိုင်ကျော်ငြိမ်းချမ်း (အလုပ်သင်ဆရာဝန် ရန်ကင်းကလေးဆေးရုံကြီး)၊
ကိုကို - ကိုရဲရင့်မိုး၊ (3rd.EC )YTU (C.O.E) အန်တီလေး ဒေါ်အေးအေးခိုင်၊ ဦးဦး ဦးနေမျိုးထွန်း+ ဒေါ်မြမြကြည်

ဆရာအာသာ SUCCESS Language Academy
လှည်းတန်းကျောင်းခွဲ
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှည်းတန်းယဉ်တိုက်)
Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ

| | | |
|---|---|---|
| 10-11:30 | (Mon – Thurs) | 17 Jun |
| 9 - 12:00 | (Sat + Sun) | 20 Jun |
| 1 - 2:30 | (Mon – Thurs) | 22,29 Jun |
| 1 - 4:00 | (Sat + Sun) | 5 Jul |
| 1 - 2:30 | (Mon – Thurs) | 10,23 Jun |
| 3:30 - 5 | (Mon – Thurs) | 15 Jun |
| 6 - 7:30 | (Mon – Thurs) | 15 Jun |
| 1 - 4:00 | (Sat + Sun) | 20 Jun |
| 10-11:30 | (Mon – Thurs) | 22 Jun |
| 1 - 4:00 | (Sat + Sun) | 27 Jun |
| 10-11:30 | (Mon – Thurs) | 6 Jul |
| 10-11:30 | (Mon – Thurs) | 17 Jun |
| 9 - 12:00 | (Sat + Sun) | 20 Jun |
| 10-11:30 | (Mon – Thurs) | 13 Jul |
| 3:30 - 5 | (Mon – Thurs) | 22 Jul |
| 1 - 2:30 | (Mon – Thurs) | 1 Jun |
| 9 - 12:00 | (Sat + Sun) | 27 Jun |
| 7:30 - 9 | (Mon – Thurs) | 22 Jul |
| 10-11:30 | (Mon – Thurs) | 22 Jun |
| 1 - 4:00 | (Sat + Sun) | 12 Jul |
| 10-11:30 | (Mon – Thurs) | 6 Jul |
| 7:30 - 9 | (Mon – Thurs) | 10 Jun |
| 10-11:30 | (Mon – Thurs) | 22 Jun |
| 1 - 2:30 | (Mon – Thurs) | 22 Jun |
| 3:30 - 5 | (Mon – Thurs) | 15 Jun |
| 12 - 3:00 | (Sat + Sun) | 21 Jun |
| 1 - 2:30 | (Mon – Thurs) | 22 Jun |
| 6 - 7:30 | (Mon – Thurs) | 29 Jun |
| 7:30-10:30 | (Sat + Sun) | 27 Jun |
| 6 - 7:30 | (Mon – Thurs) | 13 Jul |
| 12 - 3:00 | (Sat + Sun) | 12 Jul |

IELTS (Preparation)
12:30 - 3:30 (Sat + Sun) 20 Jun
IELTS (Preparation)
1 - 3:30 (Mon – Thurs) 1 Jun
1 - 4:30 (Sat + Sun) 25 Jul
IELTS Exam Practice
3:30 - 5 (Mon – Thurs) 25 May
IELTS (Speaking)
1 - 2:30 (Mon – Thurs) 8 Jun
IELTS (Reading)
7:30-9:30 (Mon – Thurs) 15 Jun
IELTS (Writing)
7:30-9:00 (Mon – Thurs) 29 Jun

POSSIBLE Travels & Tours
Ph: 01-706716, 09-259257821~3, 09-250790919, 09-420179988

ဝန်ထမ်းအမြန်အလိုရှိသည်
Natural Clay Co.,Ltd
Email.humanresource@naturalclaytile.com
ဖုန်း-၀၁-၆၀၀၂၆၉၊ ၀၁-၆၀၀၂၉၉၊
၀၉-၇၉၇၈၁၂၃၄၄၊ ၀၉-၄၂၁၁၆၁၉၃၀
Natural Clay Co.,Ltd ၏ သဘာဝမြေထည်ပစ္စည်းစက်ရုံ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် လ/ထမန်နေဂျာ (Production) တာဝန်ထမ်းဆောင်ရန် ဂျပန်နိုင်ငံရှိ အုတ်ကြွပ်အမိုးစက်ရုံတွင် အလုပ်လုပ်ဖူးသော လုပ်ငန်းအတွေ့အကြုံရှိသူ A.G.T.I/B.Tech/B.E (Mechanical Power) ဘွဲ့ရဝန်ထမ်းများ အလို ရှိသည်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း
အမှတ်(၄၇၅)၊ ရတနာလမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်နေ အမိ ဒေါ်သန်းရွှေ(ED-၀၀၆၃၁၀)၏သားဖြစ်သူ ဦးဝင်းကြည်[၁၀/ကထန(နိုင်)၁၀၃၈၀၆]သည် မိခင်ဖြစ်သူအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ၎င်းအား သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ a':oe;a&

အမျိုးသမီးယာဉ်မောင်း အမြန်အလိုရှိသည်
အိမ်ကားမောင်းရန်(ရန်ကုန်)
- ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။
- မြို့တွင်း(၆)မြို့နယ်တွင် နေထိုင်သူဖြစ်ရမည်။
ဆက်သွယ်ရန်-ဦးကိုကိုမောင်၊ ဖုန်း-၀၉-၅၀၈၈၀၁၁/၀၁-၂၃၀၁၈၈၆၊ ၀၁-၂၃၀၁၈၈၇
အမှတ်-(၁၀)စီ၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

# ဖွံ့ဖြိုးစေဖို့ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း(Global Supply Chain)သို့ပိုမိုဝင်ရောက်ရေး

ဒေါက်တာမောင်မောင်အောင်

**ယနေ့ပွင့်လင်းလာသည့် မြန်မာနိုင်ငံအတွက် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သည့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းစနစ်နှင့် ပိုမိုပေါင်းစည်းနိုင်ရေး အတွက် အသိပညာဗဟုသုတများ ပြည်သူများအကြား ပြန့်ပွားစေရန်ရည်ရွယ်ပြီး ဒေါက်တာမောင်မောင်အောင်ရေးသားသော ဆောင်းပါးများကို ဖော်ပြလိုက်ပါသည်။**

**ပြည်သူလူထုအတွက် တန်ဖိုးရှိသည့်အချိန်များ မကုန်ဆုံးရေး၊ ထုတ်လုပ်မှု စွမ်းအားရှိလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရေးနှင့် Logistic များ လျှော့ချနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဆောင်းပါးများကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ဖော်ပြလျက်ရှိပါသည်။ (စာတည်း)**

**ယခင်အပတ်မှအဆက်**

လူငယ်တိုင်းကျောင်းပညာရေးသာမက မိမိဝါသနာပါသည့် ဘာသာရပ် သို့မဟုတ် လုပ်ငန်းများနှင့်ဆိုင်သည့် လက်တွေ့ပညာ သင်တန်းများ (vocational training)အပြင် internet ကို အသုံးပြု၍ လေ့လာသင်ကြားမှုများ လုပ်ဆောင်နိုင်ပြီဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ GSC နှင့် ဆက်စပ်နေသည့် ထုတ်လုပ်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ တစ်နေ့တခြားပိုမို ဝင်ရောက်နေပြီဖြစ်သည်။ အဆိုပါ လုပ်ငန်းကြီးများအတွက် လူစွမ်းအားအရင်းအမြစ်ကို မြန်မာနိုင်ငံသားကိုသာ အဓိကခန့်ထားပေးနေပြီဖြစ်သည်။ အဆင့်မြင့်စီမံခန့်ခွဲသူများ အဆင့်အထိ မြန်မာနိုင်ငံသားများကိုသာ အစားထိုးခန့်ထားနိုင်ရေးအတွက်ပါ တည်ဆဲဥပဒေများအရ ပြဋ္ဌာန်းထားသောကြောင့် အဆိုပါရာထူးများအတွက် လူငယ်များမျှော်မှန်းအထူးကြိုးစားရမည် ဖြစ်သည်။ လူငယ်တိုင်းစဉ်ဆက်မပြတ် အသိပညာတိုးပွားအောင်လုပ်ဆောင်နိုင်မှသာ GSC နှင့် ဆက်စပ်နေသည့် လုပ်ငန်းများ၊ ဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ လက်တွေ့လုပ်ငန်းများနှင့် နီးစပ်သည့် လက်တွေ့ပညာသင်တန်းများ ယခုအခါ ကဏ္ဍတိုင်းတွင် ရှိလာပြီဖြစ်သော်လည်း ယခုထက်တိုးချဲ့ရန် လိုသလို ဒေသအလိုက်လည်း ပျံ့နှံ့ရန်လိုအပ်နေဆဲပင်ဖြစ်သည်။

**မြန်မာနိုင်ငံအနေဖြင့် (global supply chain)သို့ ပိုမိုဝင်ရောက်ရေးအလားအလာနှင့် စိန်ခေါ်မှုများ**

ယနေ့မြန်မာနိုင်ငံအနေဖြင့် global supply chain သို့ ဝင်ရောက်နိုင်ရေး အခွင့်အရေးကောင်းများ ယခင်ကထက်ရှိနေပြီဖြစ်သည်။ အဘက်ဘက်မှပြုပြင်ပြောင်းလဲမှုများနှင့် ကမ္ဘာ၏အသိအမှတ်ပြုလာမှုတို့ နိုင်ငံတကာ၏ ပေါင်းစည်းဆက်စပ်မှုများ တစ်နေ့တခြားများလာပြီဖြစ်သည်။ အထူးသဖြင့် EU ၏ စီးပွားရေးပိတ်ဆို့မှုများ ကင်းလွတ်လာမှုနှင့်အတူ ကုန်သွယ်မှုကင်းလွတ်ခွင့် (generalized system of preference-GSP) ပြန်လည်ရရှိလာခြင်း၊ ဒေသတွင်းဆက်သွယ်သည့် အခြေခံအဆောက်အအုံဆိုင်ရာ ပရောဂျက်များ ပြန်လည်ရရှိလာခြင်း၊ အာရှ၏ မဟာဗျူဟာကျသည့် တည်နေရာရှိခြင်း၊ ယခုထိလည်း အပြည့်အဝအသုံးမချရသေးသည့် မြေပေါ်မြေအောက် သဘာဝသယံဇာတများနှင့် လုပ်ခသက်သာသည့် လုပ်အားအရင်းအမြစ်များရှိနေသေးခြင်း ကုန်သွယ်မှုတွင်လည်း တောင်ဘက်နိုင်ငံအချင်းချင်း ကုန်သွယ်မှု (south-south trading) မှ တစ်ကမ္ဘာလုံးနီးပါး ကုန်သွယ်မှုပြုလာခြင်းစသည့်အချက်များ အပြင် ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့် အပိုရရှိနိုင်မှု သီအိုရီ (vent-for-surplus theory)အရ လည်းကောင်း၊ လုပ်ခသက်သာသည့်ဒေသများသို့ ပျံ့နေသည့်ပုံစံ (Flying geese model)အရလည်းကောင်း မြန်မာနိုင်ငံသည် အာရှ၏စီးပွားရေး ဗဟိုဌာနတစ်ခု ဖြစ်လာနိုင်မှုကြောင့်လည်း လက်ရှိကာလများအတွင်း မြန်မာနိုင်ငံသို့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ယခင်ကထက် ပိုမိုဝင်ရောက်လာနေပြီဖြစ်သည်။ ထူးခြားသည့်အချက်မှာ ယခင်က FDI အများစု သဘာဝသယံဇာတများ ထုတ်ယူသည့်လုပ်ငန်းများ (natural based FDI) ဖြစ်ခဲ့ခြင်းကြောင့် (multiplier effects)ဆင့်ပွားအကျိုးသက်ရောက်မှုများဖြစ်သည့် ထုတ်ကုန်တန်ဖိုးမြင့်တက်လာခြင်း၊ နည်းပညာလွှဲပြောင်းပေးခြင်း၊ အလုပ်အကိုင်များ ဖန်တီးပေးခြင်းနှင့် စီမံအုပ်ချုပ်မှုနည်းပညာကောင်းပေးနိုင်ခြင်းတို့ မပြုလုပ်နိုင်သေးသည့်အတွက်လည်း ယခင်သယံဇာတသွင်းအားစု အခြေပြု FDI များသည် GSC နှင့်ဆက်စပ်မှုအားနည်းခဲ့သည်။

ယခုအစိုးရသစ်(၃)နှစ်ကျော် ကာလအတွင်းဝင်ရောက်လာသည့် FDI ဒေါ်လာ (၁၃)ဘီလီယံကျော်အနက် အများစုမှာ လျှပ်စစ်နှင့် စက်မှုကဏ္ဍများတွင် ရင်းနှီးလာသည့်အတွက် ယခင်ကထက် ဈေးကွက်ဦးစားပေး FDI (market oriented FDI) ပိုများလာသလို ထုတ်ကုန်တန်ဖိုးသိသိသာသာတိုးလာခြင်း၊ နည်းပညာနှင့် စီမံအုပ်ချုပ်မှု၊ လွှဲပြောင်းမှုအလုပ်အကိုင်သစ်များဖန်တီးလာမှုတို့ကြောင့် အဆိုပါ FDI များသည် G.S.C နှင့် တိုက်ရိုက်ဆက်စပ်နေသည့်အတွက်လည်း ယခင်ကထက် မြန်မာနိုင်ငံအနေဖြင့် G.S.C နှင့် G.S.C trading လုပ်ဆောင်လာပြီဖြစ်သည်။ ယခုအခါ အခြေခံကုန်စည်ပို့ကုန်များ တန်ဖိုးမြင့်ပို့ကုန် ပြောင်းလဲနိုင် ရေး၊ FDI များ လယ်ယာအခြေပြုစက်မှုလုပ်ငန်း (agro-based industries)များတွင်လည်းကောင်း၊ သစ်နှင့် ရော်ဘာအခြေပြုလုပ်ငန်းများတွင်လည်းကောင်း၊ အထည်ချုပ်နှင့် အခြား CMP လုပ်ငန်းများတွင်လည်းကောင်း ပိုမိုဝင်ရောက်လာနေပြီဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံတကာလုပ်ငန်းကြီးများ ဈေးကွက်ဦးတည်သည့် FDI များ များများဝင်ရောက်လာလေ GSC သို့ ဝင်ရောက်လေဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံအနေအထားအရ နိုင်ငံတကာ FDI လုပ်ငန်းများ မျက်စိကျနေသည့် ကာလဖြစ်သည်။ မြန်မာအနေဖြင့် အားသာသည့်အချက်များစွာရှိသော်လည်း အရေးပါဆုံးမှာ မဟာဗျူဟာကျသည့် တည်နေရာပင်ဖြစ်သည်။ အကယ်၍ ဒေသဆိုင်ရာဆက်သွယ်ရေးလမ်းကြောင်းများသာ ပြီးစီးလျှင် ဒေသ၏စီးပွားရေးဗဟို (regional business hub) ဖြစ်လာမည်ဖြစ်ပြီး ဒေသဆိုင်ရာဈေးကွက်သို့ ဦးတည်သည့် FDI လုပ်ငန်းများစွာ ဖွံ့ဖြိုးလာမည်ဖြစ်သည်။ ထို့အပြင် လက်ရှိရရှိနေသည့် အထူးကုန်သွယ်မှုကင်းလွတ်ခွင့်ကြောင့် FDI လုပ်ငန်းများ မြန်မာနိုင်ငံ၌ လာရောက်ထုတ်လုပ်ကုန်သွယ်ခြင်းကြောင့် နိုင်ငံတကာဈေးကွက်သို့ ဈေးနှုန်း သက်သက်သာသာဖြင့် ပိုမိုယှဉ်ပြိုင်ရောင်းချနိုင်မှုပင်ဖြစ်သည်။ အခြားအခွင့်သာသည့် အချက်မှာဒေသတွင်း နိုင်ငံများအကြား လုပ်ခသက်သာမှုတွင်လည်း အချိုသာဆုံးဖြစ်နေခြင်းကြောင့် လုပ်အားစူးစိုက်သည့်လုပ်ငန်းများ များစွာတိုးတက်လာမည်ဖြစ်သည်။

တစ်ဖက်တွင်လည်း မြန်မာအနေဖြင့် "စိန်ခေါ်မှုများ" များစွာရင်ဆိုင်နေရဆဲဖြစ်သည်။ အထူးသဖြင့် အခြေခံအဆောက်အအုံပိုင်းမပြည့်စုံမှုအနက် လျှပ်စစ်ပုံမှန်ရရှိရန် အခက်အခဲ၊ အာရှ၏ ထွန်းတောက်လာသည့် နိုင်ငံအဖြစ် တစ်ကမ္ဘာလုံး၏စိတ်ဝင်စားမှုနှင့်အတူ ဝယ်လိုအားလွန်ကဲမှုနှင့် ဈေးနှုန်းတိုးတက်မှုကို မျှော်မှန်းမှု (excess demand and speculative motive)တို့ကြောင့် real estate ဖြစ်သည့်မြေအပါအဝင် အဆောက်အအုံ၊ ရုံးခန်း၊ ဟိုတယ်ခစသည်တို့၏ဈေးနှုန်းနှင့် ငှားရမ်းခများမြင့်တက်နေခြင်း၊ IP အကာအကွယ်ပေးမှုအားနည်းနေသေးခြင်း FDI များအတွက် လိုအပ်သည့် တည်ငြိမ်မှုနှင့်လုံခြုံစိတ်ချရမှု ပိုမိုပေးနိုင်ရေးအတွက် ဘာသာရေးအခြေခံသည့် ပဋိပက္ခများနှင့် မတည်ငြိမ်မှုများ မဖြစ်ပွားစေရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေး အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် နိုင်ငံသားတိုင်းဝိုင်းဝန်းကြိုးစားပူးပေါင်းထိန်းသိမ်း လုပ်ဆောင်ရန် လိုအပ်နေခြင်းတို့သည် လက်ရှိမြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အရေးပါသည့် စိန်ခေါ်ချက်များဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သတင်းစာတိုက်ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှ ရရှိသော စွန့်ပစ်ပစ္စည်းများအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၁၆-၆-၂၀၁၅ရက် ၁၀း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၆-၆-၂၀၁၅ရက် ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း နေပြည်တော်သတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန် ဖြစ်ပါသည်။သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အဆိုပါစွန့်ပစ်ပစ္စည်းအမျိုးအမည် အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက နေပြည်တော်သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၆၇-၃၆၁၀၇ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
နေပြည်တော်သတင်းစာတိုက်၊
ဇေယျာသီရိမြို့နယ်၊ နေပြည်တော်။

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ(ဝိပ္ပံဘာသာတွဲ)တွင် အထက(၅) ကမာရွတ်မှ အဖ ဦးကျော်ဝင်း၏သား မောင်ဟိန်းထက်အောင်(ဆကရ-၂၁၄၂)သည် မြန်မာတစ်နိုင်ငံလုံးတွင် ပထမ၊ အဖ ဦးထွန်းထွန်းအောင်၏သမီး မချိုသဲပိုက်ပိုက် (ဆကရ-၂၀၇၃)သည် မြန်မာတစ်နိုင်ငံလုံးတွင် စတုတ္ထရရှိသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ
မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့
အထက(၅) ကမာရွတ်

## ဦးသူရရှိန် စာရင်းကိုင် သင်တန်းများ MAS

# LCCI Level 1,2,3 & ACCA

Series 4-2015 November Exam အတွက်
တန်းခွဲသစ်များကို ကျောင်းအပ် စတင်လက်ခံ နေပါပြီ။

Centre I -အမှတ် (၁၈၄-၁၈၆)၊ ဒုတိယထပ်၊ ၄၅လမ်း (အထက်)၊ ဗိုလ်တထောင်မြို့နယ်။
Centre II -အမှတ် (၁၀၆-A)၊ ပထမထပ်၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်။

**09-8581000, 01-398715, 01-705016**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## အိတ်ဖွင့်တင်ဒါ(Open Tender)များခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းမှ အောက်ပါပစ္စည်းများကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍အိတ်ဖွင့်တင်ဒါ (Open Tender)ကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (က) | 1(S)/MTE/Local/2015 | ရုံးသုံးစာရေးကိရိယာ | (၁၅) မျိုး |
| (ခ) | 2(Off)/MTE/Local/2015 | ရုံးသုံးစက်ကိရိယာပစ္စည်းများ | (၈) မျိုး |
| (ဂ) | 3(M)/MTE/Local/2015 | Media Accessories | (၆) မျိုး |
| (ဃ) | 4(F)/MTE/Local/2015 | ရုံးသုံးပရိဘောဂပစ္စည်း | (၇) မျိုး |

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက်/အချိန် - ၁၁-၆-၂၀၁၅ရက်၊ နံနက် ၉း၃၀နာရီ
တင်ဒါပိတ်မည့်ရက်/အချိန် - ၃၀-၆-၂၀၁၅ရက်၊ မွန်းတည့် ၁၂း၀၀နာရီထိ
တင်ဒါပုံစံတစ်စုံ - ၂၀၀၀ကျပ်

အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း
အမှတ်-၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၂၅၄၆၇၆၊ ၀၉-၇၃၂၀၇၉၆၆

## ပိုင်ရှင်ကိုယ်တိုင်ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်

ပေ(၃၇×၉၅) (နှစ်ထပ်အိမ်ပါ၊ မီးပါ) ကျောက်ရေတွင်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း-၀၉-၇၉၅၈၄၅၇၄၉

## ယာဉ်မောင်းအလိုရှိသည်

ရန်ကုန်မြို့တွင်းကို ကျွမ်းကျင်စွာ မောင်းနှင် နိုင်ရမည်။ ယာဉ်မောင်းသက်တမ်း (၂)နှစ် အထက်ရှိသူဖြစ်ရမည်။
ဖုန်း- ၀၉-၂၅၀၂၃၆၀၇၀၊
၀၉-၇၃၀၄၃၃၄၉

## ငှားမည်/ရောင်းမည် (ဝယ်ယူ/ငှားယူ)လိုသည်

၁။ ရန်ကင်း၊ဘောက်ထော်(35'x70')ပေါ် RC 1½ ထပ်တိုက် ရေမီးစုံ ၁၂ သိန်း
၂။ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)ပေါ်(25'x50')ထူးရှယ်(ပြင်ဆင်ပြီး)Lift ပါ ၁၄ သိန်းနှင့်မဟာဗန္ဓုလတံတားအနီး(3040)Sqft ထူးရှယ်(ပြင်ပြီး) Lift ပါ ၂၉ သိန်း
၃။ လှည်းကူးမြို့မြေသီးသန့် (၂.၃၃)ဧကလက်ကျန်မြေပုံစံ(၁၀၅)ထွက်ပြီး အမည်ပေါက် (ဒေါ်သန်းသန့်ဦး၊ 0943152463) ၃၅၀၀ သိန်း
၄။ တောင်ဒဂုံဆိပ်ကမ်း တိုးချဲ့ဇုန် (၃) ပဲခူးမြစ်လမ်း(သုံးကွက်တွဲ)ဆက်လျက် တစ်ကွက်လျှင် (200'x195') စီရှိ (တစ်ကွက်ဈေးနှုန်း = ၁၄၀၀ သိန်း)
၅။ ရန်ကုန်အနီး မြေကွက်ကျယ် ၊လုံးချင်းတိုက်နှင့် တိုက်ခန်းများ ဝယ်ယူငှားယူလိုသည်
ရွှေအိမ်ကမ္ဘာ - 0943133981, 09254042009, 245585, 246663

## ပညာရေးဝန်ကြီးဌာန
## အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
## National Management College (NMC)

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့် **Wisdom Power Co.,Ltd.** တို့ပူးပေါင်း၍ **Diploma in IT** သင်တန်းများဖွင့်လှစ်မည်ဖြစ်ပါသဖြင့် တက္ကသိုလ်ဝင်တန်း ဖြေဆို/အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ကြောင်း ကြေညာပါသည်။

၁။ သင်တန်းအမည် --- **Diploma in Information Technology**
၂။ သင်တန်းအမှတ်စဉ်---(၂၄)
၃။ သင်တန်းကာလ--- (၉)လ
၄။ သင်တန်းဖွင့်လှစ်မည့်နေ့ရက်- ဇွန်လ၊ (၁၅)ရက်(တနင်္လာနေ့)၊ ၂၀၁၅ခုနှစ်။
၅။ လက်ခံမည့်သင်တန်းသားဦးရေ--- သင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
၆။ အသေးစိတ်အချက်အလက်များကို အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ **Wisdom Power** (ရုံးခန်း)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား၊ ဗိုလ်တထောင်မြို့နယ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း -၀၁- ၂၉၁၉၂၅/ ၃၈၁၀၁၅/ ၃၉၁၂၈၆/ ၃၉၁၂၈၇

# ရေပေးဝေမှုကိုထောက်ပံ့ရန် ထန်းဇလုပ်ရေကူတမံဆောက်လုပ်

**မုံရွာ ဇွန် ၁၀**

မုံရွာမြို့နယ် ကျောက္ကာတောင်ကျေးရွာအနီးရှိ ဘူးခါးချောင်း(ထန်းဇလုပ်ချောင်း)ကို ဖြတ်ကျော်တည်ဆောက်ထားသော ထန်းဇလုပ်ဆည်ကို နွေ၊ မိုး၊ ဆောင်း ရာသီမရွေး အထောက်အကူ ဖြစ်စေမည့် ထန်းဇလုပ်ရေကူတမံတစ်ခုကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် တည်ဆောက်ရေး(၄)၊ ဆည်မြောင်းမှ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်သည် အပူပိုင်းဇုန်အတွင်းကျရောက်လျက်ရှိပြီး နှစ်စဉ်မိုးရွာသွန်းမှု နည်းပါးလျက်ရှိရာ စိုက်ပျိုးရေးလုပ်ငန်းများကို ဆည်၊ တမံ၊ ချောင်းပိတ်မြောင်းပိတ်၊ မြစ်ရေတင်စီမံကိန်းများကို အားကိုးအားထားပြု စိုက်ပျိုးကြလျက်ရှိကြောင်း သိရသည်။

"ဒီဒေသက မိုးနည်းဒေသဖြစ်တဲ့အတွက် မိုးရွာသွန်းမှုနည်းတယ်။ နည်းရတဲ့အထဲမှာရရှိတဲ့ရေကလည်း အလေအလွင့်များတဲ့အတွက် ဒေသခံတောင်သူတွေ၊ မြို့နေလူထုအတွက်ပါ အကျိုးရှိဖို့အတွက် ရေကူတမံတည်ဆောက်ခြင်းဖြစ်ပါတယ်။

ထန်းဇလုပ်ဆည်က ၁၉၉၆ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၈ ခုနှစ်မှာ ရေစတင်သိုလှောင်ခဲ့ပါတယ်။ ဆည်ရဲ့ ရေသိုလှောင်မှုပမာဏက ဧကပေ ၂၈၀၀ ပဲရှိတယ်။ ဆည်ထဲကို နှစ်စဉ်ပျမ်းမျှရေစီးဝင်မှုက ဧကပေ ၅၃၇၀ စီးဝင်တယ်။

ထက်ဝက်ကျော်လောက်က ဆည်ရေပိုလွှဲကနေစီးထွက်သွားပြီး စိုက်ပျိုးရေ လေလွင့်တဲ့အပြင် ဘူးခါးချောင်းတစ်လျှောက်ရှိ သက္ကယ်ကျင်း လယ်ဇင်၊ ညောင်ပင်၊ သပြေပင်ကျေးရွာတွေနဲ့ မုံရွာမြို့ အဝင်တစ်လျှောက်မှာ ရေလွှမ်းမှုတွေဖြစ်တယ်။ အဲဒီအခက်အခဲတွေကို ဖြေရှင်းဖို့၊ စိုက်ပျိုးရေအတွက် အထောက်အကူဖြစ်စေဖို့နဲ့ မုံရွာမြို့အတွက် မြို့ရေပေးဝေရေးစနစ်မှာ အထောက်အကူဖြစ်စေဖို့အတွက် တိုင်းဒေသကြီးအစိုးရ အဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့ မူလဆည်ရဲ့ အထက် ငါးမိုင်ခန့်အကွာမှာရှိ တဲ့ ဘူးခါးချောင်း နေရာမှာပဲ ရေဆင်းဧရိယာ ၂၂ ဒသမ ၅ စတုရန်းမိုင်အကျယ်ကို အလျား ၁၈၉၀ ပေအရှည်ရှိတဲ့ မြေသား အမျိုးအစား ရေကူတမံတစ်ခုကို တည်ဆောက်တာပါ" ဟု တည်ဆောက်ရေး (၄)ဆည်မြောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထန်းဇလုပ်ရေကူတမံ တည်ဆောက်ရန်အတွက် တည်ဆောက်ရေးအကြိုလုပ်ငန်းများအဖြစ် တိုင်းတာရေး၊ ဝန်ထမ်းအိမ်ရာနဲ့ လမ်းတွေကိုတော့ ၂၀၁၄ ခုနှစ် ဇွန်လတွင် အပြီးလုပ်ဆောင်ခဲ့ပြီး ရေကူတမံတည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက်က စတင်ပြီး သတ်မှတ်အချိန်အတွင်း ပြီးစီးရေးအတွက် နေ့၊ ညမပြတ် တည်ဆောက်ရေး ယာဉ်ယန္တရားစက်ကြီးများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

"တည်ဆောက်ရေးအနေနဲ့ ဘူးခါးချောင်းကို ဖြတ်ကျော် မြေသားဖို့လုပ်ငန်းတွေမှာ အောက်ခံတွေက ကျောက်သားတွေ ဖြစ်တဲ့အတွက် ရွှံ့စေးမြေတွေကို အသုံးပြုပြီး ကျောက်သားတွေကိုလူအားနဲ့ ပစ်ပေါက်ကပ်ပြီး မြေဖို့ခြင်းလုပ်ငန်းတွေကို လုပ်ဆောင်ရတဲ့ အခက်အခဲတွေရှိတယ်၊

နောက်တစ်ခုက ဒီဒေသရဲ့ ရာသီဥတုအခြေအနေအရ သစ်ပင်တွေနည်းပါးတဲ့အတွက် မိုးကြီးရုတ်တရက်ရွာရင် ရေကူတမံမှာ ရေလျှံမှုကိုကာကွယ်ဖို့အတွက် အကျယ်ပေ ၁၀၀ ရှိတဲ့ သံကူကွန်ကရစ် အမျိုးအစားရေလွှဲနေရာတစ်ခုကို တည်ဆောက်ပါတယ်။ အဲဒီလိုတည်ဆောက်တဲ့ အခါမှာအောက်ခံတွေက ကျောက်သားတွေဖြစ်တဲ့အတွက် စက်တွေနဲ့ ဖောက်လုပ်ရတဲ့အခါမှာ အချိန်ကုန်ကြန့်ကြာမှုတွေ ရှိတယ်။



"ဘယ်လိုပဲပြောပြော ခိုင်ခန့်မှုအနေနဲ့ကတော့ ကောင်းပါတယ်။ တည်ဆောက်ရေးလုပ်ငန်းတွေဖြစ်တဲ့ တမံအမြင့် ၆၆ ပေ၊ အလျားပေ ၁၈၉၀ ရှိ တာတမံမြေဖို့ခြင်းလုပ်ငန်းတွေကို ဇွန်လအကုန်လောက်မှာ ပြီးစီးမှာပါ၊ အရွယ်အစား(၆ပေ × ၄ပေ) အရှည် ၁၄၃ ပေရှိ၊ ရေထုတ်ပြွန် တည်ဆောက်ရေးလုပ်ငန်းနဲ့ အကျယ်ပေ ၁၀၀ရှိ ရေပိုလွှဲ တည်ဆောက်ရေးလုပ်ငန်းတွေကိုလည်း အချိန်မီပြီးစီးရေးအတွက် နေ့၊ ညမပြတ်ဆောင်ရွက်နေပါတယ်။

လာမည့်စက်တင်ဘာလ လောက်ဆိုရင်တော့ လုပ်ငန်းအားလုံးပြီးစီးပြီး ဖွင့်လှစ်နိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အခုအခြေအနေရ တည်ဆောက်ရေး လုပ်ငန်းများအားလုံး ၆၈ ဒသမ ၉၇ ရာခိုင်နှုန်း ပြီးစီးနေပါပြီ" ဟု တည်ဆောက်ရေး(၄)ဆည်မြောင်းမှ အင်ဂျင်နီယာ ဦးဇော်မင်းထွန်းက ပြောသည်။

မူလတည်ဆောက်ထားသောထန်းဇလုပ်ဆည်သည် စိစစ်ရေသောက်ဧရိယာ ၁၄၆၈ ဧကအား ရေပေးဝေလျက်ရှိရာ ယခုထပ်မံတည်ဆောက်သည့် ရေကူတမံပြီးစီးပါကဆည်ရေကို ပိုမိုသိုလှောင်နိုင်မည်ဖြစ်ပြီး ရေသိုလှောင်မှုမှရရှိမည့် ဆည်ရေဖြင့်ရာသီမရွေး စိုက်ပျိုးရေအပြည့်အဝပေးဝေနိုင်မည်ဖြစ်သည်။

ဒေသခံတောင်သူများအနေဖြင့်လည်း စိုက်ပျိုးမြေဧကများ တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်သည့်အပြင်၊ ယခင်ဘူးခါးချောင်း တစ်လျှောက်ရှိ ကျေးရွာများရေလျှံမှုများ ကင်းဝေးကာ မြို့ရေပေးဝေရေး စနစ်ကိုပါ အထောက်အကူ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ပိုးဦးကျေးရွာတွင် လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**ဂန့်ဂေါ ဇွန် ၁၀**

ဂန့်ဂေါမြို့နယ် ပိုးဦးကျေးရွာတွင် မကွေးတိုင်းဒေသကြီးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှလေဘေးသင့်အိမ်ထောင်စုများထံ ကယ်ဆယ်ရေးပစ္စည်းများပေးအပ်ပွဲကို ဇွန် ၈ ရက် မွန်းလွဲ ၂ နာရီက ယင်းကျေးရွာ ရွာဦးကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီးနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးသန်းထက်အောင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုလဝကမှူးဒေါ်မြင့်မြင့်ဝင်းတို့က တက်ရောက်လာကြသည့် လေဘေးသင့်အိမ်ထောင်စု ၃၉ စုထံသို့ ကယ်ဆယ်ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဂန့်ဂေါမြို့နယ် ပိုးဦးကျေးရွာတွင် ဇွန် ၁ ရက်က လေပြင်းတိုက်ခတ်ခဲ့သောကြောင့်ပိုးဦးကျေးရွာအနီး ကွမ်းဇဲချောင်းလူကူးတံတားမှာ ကြမ်းခင်းဆိုင်းကြိုးတစ်ချောင်း ပြတ်တောက်သွားပြီးအလျားပေ ၃၀ ခန့် အခင်းသံပြားငယ်များ တွန့်လိန်သွားကာ ပျက်စီးခြင်းနှင့် သွပ်မိုးအိမ် ၁၉ လုံး၊ ဝါးကပ်မိုးအိမ် ၂၀ တို့ အမိုးလန်ပျက်စီးခြင်းများဖြစ်ပွားခဲ့ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျ**





ဖတ်စရာ

# စာနာခြင်းကုသိုလ်

**ခ** တိမ်တမန်

စာနာခြင်းသည် ညှာတာခြင်းဆိုသောစိတ်ကိုပေါက်ပွားသည်။ စာနာမှုသည်နေရာအသီးသီးတွင် လိုအပ်သောအရာပင်ဖြစ်သည်။ လက်ရှိကာလတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောသစ်ပင်ပန်းမန်များ ပြုစုပျိုးထောင်ကာ အစိမ်းရောင်မြို့တော်ဖြစ်အောင် စွမ်းဆောင်နေကြသည်။ ဒေသအသီးသီးတွင်လည်း ဘေးမဲ့တောများ၊ တားမြစ်ချက်များ၊ မေတ္တာရပ်ခံချက်များဖြင့် ရွှေသမင်များ၊ ကြယ်လိပ်များနှင့် အခြားရှားပါး ငှက်မျိုးစိတ်များကို မပစ်ခတ်ရန် နှိုးဆော်တိုက်တွန်း ဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့တွင် စာနာခြင်းကုသိုလ်ဟု အမည်ပေးထားသော ကုသိုလ်ပြုရာ နေရာများစွာရှိသည်။ ထိုနေရာများမှာ မဟာမုနိဘုရားကြီးရှိ ငါးကန်၊ လိပ်ကန် ခိုစာကျွေးသည့်နေရာနှင့် ကျုံးအနောက်ဘက်ဘေးမှ ခိုစာကျွေးရာ နေရာများပင်ဖြစ်သည်။ မန္တလေးမြို့မှ ခိုများသည် ယဉ်ပါးကာ အစာကျွေးပါက လက်ထဲအထိလာရောက် အစာကောက်သည်အထိ ရှိကြသည်။

မန္တလေးမြို့တွင် စာနာခြင်းကုသိုလ်အတွက် အများစု ပြုလုပ်သော ကုသိုလ်မှာ စာကလေးငှက်များအတွက် စာအိမ်ကလေးများ ထားပေးခြင်း စာကလေးများစားရန် စပါးနှံကလေးများ ထားပေးခြင်းတို့ကို ပြုလုပ်ကြသည်။

စာကလေးများအတွက် အစာဖြစ်သည့် စပါးနှံများကို မန္တလေးမြို့အနီးကျေးလက်များမှ လာရောက်ရောင်းချကြသည်။ စာငှက်ကလေးများအတွက် စာအိမ်များကိုမူ ဖောက်သည်ယူကာရောင်းချကြသည်။သစ်သားတိုများဖြင့် လှပသော စာအိမ်ကလေးများကို တစ်နှစ်ပတ်လုံးပြုလုပ်ရောင်းချသူထံ ဖောက်သည်ယူကာ ရောင်းကြရသည်။

အများစုမှာ လမ်းဘေးဈေးဆိုင်များတွင် စာအိမ်နှင့် စာငှက်အစာစပါးနှံကလေးများကို တစ်ဆင့်ဖောက်သည်ယူကာ ရောင်းချပြီး နေ့စဉ်ဝယ်ယူသူရှိနေခြင်းပင်ဖြစ်သည်။ စာအိမ်အသေးတစ်ခုလျှင် ငွေကျပ် ၁၀၀၀ ပေးရပြီး စာအိမ်အကြီးတစ်ခုကိုမူ ငွေကျပ် ၂၀၀၀ ပေးရသည်။

စာငှက်အစာစပါးနှံများကိုမူ တစ်တွဲလျှင် ငွေကျပ်ငါးရာမှ အစားခွဲကာ ရောင်းပေးကြသည်။ တစ်ခါတစ်ရံ စာအိမ်များစွာကို တစ်ဦးတည်း ဝယ်ယူကာ ကုသိုလ်ပြုလုပ်ရန် ဝယ်သွားသည်များလည်း ရှိသည်။

ယခုအခါ မန္တလေးမြို့တွင်စာနာခြင်း ကုသိုလ်စာအိမ်ဝယ်ကာ စာငှက်ကလေးများကို အစာကျွေးသည့် ကုသိုလ်ပြုသည့် ဓလေ့တည်ရှိနေပြီး စာငှက်များ အစာအိမ်အတွင်း ဝင်ရောက်နေထိုင်ခြင်း စပါးစေ့ကလေးများစားနေခြင်းကိုမြင်တွေ့သမျှ ကုသိုလ်ပြုသူမှာ စိတ်ကြည်နူးကာ လက်ငင်းစိတ်ချမ်းသာရကြောင်းစာနာခြင်း ကုသိုလ်ပြုသူတစ်ဦးက ပြောပြသည်။

# မော်လူးဒေသတွင် ဆွေးမြည့် လျှပ်စစ်တိုင်များအား ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်

**မော်လူး ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ မော်လူးကျေးရွာ ရပ်ကွက်များအတွင်းရှိ ဆွေးမြည့်နေသော လျှပ်စစ်ဓာတ်တိုင် (အသား)များအား ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်းများကို ဇွန် ၇ ရက်က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မော်လူးကျေးရွာ ရပ်ကွက်များအတွင်း ၄၀၀ V လျှပ်စစ်ဓာတ်ကြိုး သွယ်တန်းထားသည့် ဆွေးမြည့်နေသော လျှပ်စစ်ဓာတ်တိုင်များ (အသား) နေရာတွင် ၉ m အရှည်ရှိ ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်းဖြစ်ကြောင်း ယင်းကွန်ကရစ်တိုင်များအား မြေဝင် ၆ ပေ၊ တိုင်တစ်တိုင်နှင့် တစ်တိုင် ပေ ၁၂၀ အကွာစိုက်ထူ သွယ်တန်းခြင်း ဖြစ်ကြောင်းသိရသည်။

ဟောင်းနွမ်း ဆွေးမြည့်နေသည့် အိမ်အဝင် ဆားဗစ်ကြိုးများကိုလည်း အိမ်ရှင်များနှင့် ညှိနှိုင်းကာ အသစ်လဲလှယ်ခြင်းများကို ဆောင်ရွက်ပေးခြင်းများ၊ လျှပ်စစ်ဓာတ်ကြိုးများနှင့် မလွတ်ကင်းသည် သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းပြီး ပျောက်ဆုံးလျှပ်စစ်ဓာတ်အား လျှော့နည်းစေရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးတို့ကို မော်လူးမြို့နယ် လျှပ်စစ်မှူးနှင့် လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခင်မောင်ဆွေ

# သွေးလွန်တုပ်ကွေးနှင့်ဝမ်းလျှောဝမ်းပျက်ရောဂါ ကာကွယ်နှိမ်နင်းရေးအသိပေး

**ကွမ်းခြံကုန်း ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဇွန် ၈ ရက် နံနက် ၁၀ နာရီက ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်အရ သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေးဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီးဒေါက်တာသန်းသန်းအေးက သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်နိုင်ခြေ အဆင့်ဆင့်ကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လုပ်ဆောင်သွားကြရန် ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ အခမ်းနားသို့ မြို့နယ်အထောက်အကူပြုအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကျေးရွာ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ကျန်းမာရေးဝန်ထမ်းများ လုပ်သားပြည်သူများ တတ်ရောက်ခဲ့ကြောင်း သိရသည်။

စိန်တိုး(ကွမ်းခြံကုန်း)

# ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

**သထုံ ဇွန် ၁၀**

မွန်ပြည်နယ် သထုံမြို့နယ် အောက်ကွင်းကျေးရွာအုပ်စု ကျေးရွာငါးရွာစုပေါင်း၍ Myanma Power Spectrum Co.,Ltd မှ ဦးဆောင်ကာ သုဝဏ္ဏဝတီမြို့ ဓာတ်အားခွဲရုံမှကျေးရွာများသို့ 11.KV လိုင်း ၁၄ ဒသမ ၄၅ မိုင်နှင့် 200KVA ထပ်ဆင့်ဓာတ်အားခွဲရုံ ခြောက်ရုံကို တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ကြောင်းသိရသည်။

အဆိုပါ ဆောင်ရွက်မှုမှာ ငွေကျပ်သိန်းပေါင်း ၈၀၀၀ ကျော် အကုန်အကျခံဆောင်ရွက်ခဲ့ပြီး ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို မရမ်းကုန်းကျေးရွာ ဂျိုးဖြူကုန်း ဘောလုံးကွင်း၌ ဇွန် ၉ ရက် နံနက် ၉ နာရီက အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ကြောင်းလည်း သိရသည်။

ကြေးမုံ

## အထူးလှိုက်လှဲစွာကျေးဇူးတင်ရှိခြင်း

ဒုတိယဗိုလ်မှူးကြီး ရဲရင့်သွေး(ငြိမ်း)-ဒေါ်ခင်မိုးမိုးသန်းတို့၏သားကြီး မောင်အောင်ဘုန်းပြည့် (မလ-၅၅၆)အား ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကြီးတွင် (၅)ဘာသာဂုဏ်ထူး (အမှတ်ပေါင်း ၅၁၄မှတ်) ဖြင့် ထူးချွန်ထက်မြက် အောင်မြင်အောင် စေတနာကြီးမားစွာဖြင့် သင်ကြားလမ်းညွှန်ပေးခဲ့ကြသော မိသားစုကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း (မလှိုင်မြို့)မှ ဦးကိုကို-ဒေါက်တာဒေါ်ဖြူဖြူစိန်၊ သားဒေါက်တာကိုကြီး၊ ဒေါက်တာကိုလေး၊ အတန်းပိုင်ဆရာမ ဒေါ်ခိုင်ခိုင်စန်းနှင့်တကွ ဆရာ၊ ဆရာမအပေါင်းတို့အား အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**ဒုတိယဗိုလ်မှူးကြီး ရဲရင့်သွေး(ငြိမ်း)-ဒေါ်ခင်မိုးမိုးသန်း**
**BIKERဆိုင်ကယ်ရောင်းဝယ်ရေး၊ မျိုးမျိုးကျော်ပိုးထည်၊**
**သားကြီး မောင်အောင်ဘုန်းပြည့်၊ ပြည်မြို့။**

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ၊
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

Basic Spoken English
Mon to Thurs-10:00-12:00 am 1,22 Jun
Mon to Thurs-7:30-9:30 am 8 Jun
Sat & Sun - 12:30-3:30 pm 13 Jun
MontoThurs-1:00-3:00-5:00pm 15,22,29 Jun
Sat & Sun - 9:00-12:00 am 20 Jun
Mon to Thurs-5:30-7:00 pm 29 Jun
Pre-Intermediate English
Mon toThurs 7:30-9:30 am 1 Jun
Mon to Thurs-10:30-12:30 am 1 Jun
Mon to Thurs-10:00-12:00 am 22 Jun
Mon to Thurs-1:00-3:00 pm 22 Jun
Mon to Thurs-5:00-7:00 pm 29 Jun
Structure & Written Expression
Mon to Thurs-7:30-9:30am 15 Jun
Sat & Sun - 90:00-12:00 am 20 Jun
Mon to Thurs-1:00-3:00pm 22 Jun

Intermediate English
Mon to Thurs-1:00-3:00 pm 8 Jun
Basic Writing Course
Mon to Thurs-3:00-4:30pm 22 Jun
Grammar Foundation Course
Mon to Thurs - 3:30-5:00 pm 8 Jun
Mon to Thurs - 1:00-2:30 pm 29 Jun
Academic Writing Course
San & Sun - 5:00 - 7:00 pm 27 Jun
Academic Preparation For IELTS(API)
Mon to Thurs - 10:30 - 12:30am 29 Jun
SAT Mon to Thurs -3:30-5:00pm 29 Jun
IELTS Mon&Thurs 5:30to7:00pm 29 Jun
IELTS San&Sun 1:30to12:30am 27Jun
IELTS San&Sun 1:00to3:30pm 27 Jun

No.190, 2nd Flr, 28th St(Upper), Pabedan Tsp. Ph: 01-243950, 246910

## စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ [ဦးမျိုးအောင်(ခ)ဦးတင်မောင်အောင်-ဒေါ်ခင်ရီ]၊ (ဗိုလ်မှူးကြီးကျော်ငြိမ်း-ငြိမ်း)(ပညာရေးဝန်ကြီး-ငြိမ်း)-(ဒေါ်မြမြမော်)တို့၏မြေး၊ ဦးမြင့်သန်းအောင်-ဒေါ်စိုးစိုးနွယ်တို့၏သား
**မောင်ဝေယံ** B.E (Mechatronics)
OPERATION ASSISTANT SUPERVISOR(KATOEN NATLE SINGAPORE)(JURONG) PTE.,LTD
နှင့်
မန္တလေးမြို့နေ (ဦးကျော်ရှိန်)(သတင်းညွှန်ကြားရေးမှူး-မော်ကွန်းရုပ်ရှင်)-(ဒေါ်တင်ရီ)၊
[သံအမတ်ကြီး-ဗိုလ်မှူးကြီးရွှေဇံအောင်(ငြိမ်း/ရေ)]-ဒေါ်တင်လေးဇံတို့၏မြေး၊ ရန်ကုန်မြို့(၁၁)လေဆိပ်ရိပ်သာ၊ (၁၀)မိုင်နေ လေယာဉ်မှူးကြီး-ဒုတိယဗိုလ်မှူးကြီးခင်မောင်စန်း(ငြိမ်း/လေ)-ဒေါ်ဥမ္မာအောင်တို့၏သမီး
**မခင်စိုးစံ** B.A (English)YUFL
CABIN CREW (MYANMAR AIRWAYS INTERNATIONAL)
(Director အောင်စည်အောင်စံကုမ္ပဏီလီမိတက်)
တို့၏၆-၆-၂၀၁၅ရက် SEDONA HOTEL ၌ကျင်းပပြုလုပ်ခဲ့သော စုလျားရစ်ပတ်လက်ထပ်မင်္ဂလာပွဲတွင် စုလျားရစ်ပတ်လက်ထပ် ထိမ်းမြားပေးပြီး မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသောဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းနှင့်ဇနီးဒေါ်ထွေးထွေးညွန့်၊ မင်္ဂလာလက်စွပ်များချီးမြှင့်ဝတ်ဆင်ပေးပါသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးခင်ရီနှင့် ဇနီးဒေါ်ခင်မေစိုးတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၏ဇနီးဒေါ်အေးအေးသန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီးအန်တီဒေါ်ခင်သန်းနွဲ့၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ငြိမ်း ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီးဒေါ်မေရီတင်တို့အားလည်းကောင်း၊ မင်္ဂလာလက်ဆောင်မွန်များပေးပို့ချီးမြှင့်ပေးကြသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်နှင့်ဇနီး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုဝန်ကြီးဦးတင်နိုင်သိန်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးဦးစိုးမောင်နှင့်ဇနီးတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လေကြောင်းလိုင်းများမှ လေယာဉ်မှူးကြီးများ၊ လေယာဉ်မောင်မယ်များ၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၁၄)(၁၅)(၁၆)(၁၈)(၁၉)(၂၀)တို့မှကျောင်းဆင်းအရာရှိများ၊ အပတ်စဉ်(၁၇)မှ သူငယ်ချင်းများ၊ (T.T.C),(U.F.L),(M.B.A)တို့မှ သူငယ်ချင်းများနှင့်ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ SEDONA HOTEL တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော အရှေ့ပိုင်းခရိုင်တရားသူကြီးဒေါ်အဲမွန်သန့်နှင့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးရန်အတွက် စီစဉ်ပေးပါသော ဦးကျော်နှင့်အန်တီဖြူအားလည်းကောင်း၊ မင်္ဂလာအဘိသေကမှူးဦးညွန့်ဝေ၊ မင်္ဂလာအခါတော်ပေးဒေါ်စိမ်းမို့မို့နှင့် CUTE CUPID BAND အဖွဲ့၊ ဓာတ်ပုံဗီဒီယို CUPID ဗီဒီယိုအဖွဲ့၊ မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးသော မန္တလေးမြို့ရတနာဦးမှ ဦးသန်းထွန်းဦး နှင့် ဒေါ်ခင်ပြုံးကြည်၊ မင်္ဂလာပန်းသစ်ခွများသယ်ဆောင်ဆင်မြန်းပေးသော ဗန်ကောက်မှ Dr သိန်းထွဋ်နှင့် ကြီးကြီးနီလာ၊ ပန်းအလှဆင်ဒေါ်စန်းစန်းဦး၊ မိတ်ကပ် လင်းလင်း(Artist)၊ မင်္ဂလာဝတ်စုံ-ကြယ်သဇင်၊ ဝတ်စုံဒီဇိုင်း-မန္တဲ့ (Japan)၊ Sedona မှ မဝါ၊ မလီလီနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ၂-၆-၂၀၁၅ ရက် သုခါပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ၌ ပြုလုပ်ခဲ့သော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် ၆-၆-၂၀၁၅ရက် ည M-3 စားသောက်ဆိုင်၌ ကျင်းပခဲ့သော မင်္ဂလာဦးညစာစားပွဲသို့ တက်ရောက်ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟ၊ သူငယ်ချင်းအပေါင်းတို့အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရတင်ရှိ မှတ်တမ်းတင်အပ်ပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်မောင်ဝေယံ-မခင်စိုးစံ**

## ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ဈေးကွက်မြှင့်တင်ရေး ဆွေးနွေး

**မန္တလေး ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ၆/၂၀၁၅ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၈ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာစတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း အစည်းအဝေးခန်းမတွင်ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအောင်သန်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်းနှင့် အလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးအောင်သန်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်းက ဗီယက်နမ်၊ အိန္ဒိယ၊ ထိုင်း၊ ဂျပန်နိုင်ငံများမှ စီးပွားရေးအဖွဲ့များ လာရောက်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး တင်ပြချက်များအားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်အချင်းချင်း တွေ့ဆုံပွဲကျင်းပခဲ့မှုတို့ကို တင်ပြပြီး အတွင်းရေးမှူး ဒေါက်တာမောင်မောင်က ဈေးကွက်မြှင့်တင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မောင်ပြည်သူ**

## နယူးအိန္ဒိယအာမခံလုပ်ငန်းက မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်

**ရန်ကုန် ဇွန် ၁၀**

အိန္ဒိယနိုင်ငံ၏ အစိုးရပိုင် အာမခံလုပ်ငန်းဖြစ်သည့် New India Assurance (ရန်ကုန်)ရုံးခွဲ လာရာက်ဖွင့်လှစ်မည်ဖြစ်ရာ ဇွန် ၇ ရက်က ဆူးလေရှန်ဂရီလာဟိုတယ်တွင် ဖွင့်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရုံးခွဲမှာ ၂၈ နိုင်ငံမြောက်ရုံးခွဲဖြစ်ပြီး လေကြောင်း၊ ရေကြောင်း သင်္ဘောတင်ကုန်များ၊ မော်တော်ယာဉ်၊ လူမှုအာမခံလုပ်ငန်းများပါဝင်ပြီး မြန်မာနိုင်ငံမှ အလုပ်အကိုင်နှင့် အာမခံလုပ်ငန်းအတွေ့အကြုံ ပညာရပ်ဆိုင်ရာသင်တန်းများ ပို့ချပေးသွားမည်ဟု New India Assurance Chairman Managing Director G Srinivasan က ပြောသည်။

၂၀၁၄ ခုနှစ်တွင် တစ်ကမ္ဘာလုံး၌ ပရီမီယံငွေ USD ၂၅၆၈ မီလီယံ၊ စုစုပေါင်းလည်ပတ်မှုမှာ USD ၉၈၇၆ မီလီယံ၊ အသားတင်အမြတ် USD ၂၂၉ မီလီယံ ရရှိထားပြီး ပူးပေါင်းဆောင်ရွက်မှုဆု Golden PEACOCK ကို ရရှိထားကြောင်း သိရသည်။

New India Assurance (ရန်ကုန်) ရုံးခွဲသည် မြန်မာနိုင်ငံ၏ ၁၇ ခုမြောက် ပြည်ပအာမခံလုပ်ငန်းတစ်ခုဖြစ်ပြီး အိန္ဒိယနိုင်ငံအစိုးရပိုင်ဖြစ်ကြောင်း၊ အာမခံလုပ်ငန်းများသည် စီးပွားရေးလုပ်ငန်းများ၏ အဓိကမဏ္ဍိုင်များဖြစ်ပြီး စီးပွားတိုးတက်လာပါက အာမခံလုပ်ငန်းများလည်းတိုးတက်လာမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောသည်။



New India Assurance သည် အာမခံလုပ်ငန်းများကို ၁၉၁၉ ခုနှစ်ကတည်းက စတင်လုပ်ဆောင်ခဲ့ပြီး နိုင်ငံပေါင်း ၂၇ နိုင်ငံတွင် ရုံးခွဲများဖွင့်လှစ်ဆောင်ရွက်ထားသည်။

**သန့်ဇင်ဝင်း**

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ မန္တလေးခရိုင် မဲစာရင်းကြေညာချက်တွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် လျှောက်ထားနိုင်

**မန္တလေး ဇွန် ၁၀**

၂၀၁၅ အထွေထွေရွေးကောက်ပွဲကို အောက်တိုဘာလကုန် နိုဝင်ဘာလဆန်းတွင် ကျင်းပမည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးခရိုင် ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်တို့ရှိ အသက် ၁၈ နှစ်ပြည့်ပြီး မဲပေးပိုင်ခွင့်ရှိသူများ၏ အမည်စာရင်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ဇွန် ၈ ရက် နံနက် ၉ နာရီမှစတင်ပြီး မြို့နယ်နှင့် ရပ်ကွက်ကော်မရှင်များက အသိပေးကြေညာထားသည်။

မဲစာရင်းတွင် မိမိတို့၏အမည်ပါ၊ မပါ သိရှိနိုင်ရန် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် သွားရောက်ကြည့်ရှုကြရန်နှင့် မိမိအမည်စာရင်းမပါလျှင် ပုံစံ (၃) ဖြင့် လျှောက်ထားရန်၊ အချက်အလက်မှားနေလျှင် ပုံစံ (၄-က) ဖြင့် လျှောက်ထားရန်၊ ကွယ်လွန်ပြီးသူများ၊ ထောင်ကျနေသူများနှင့် မဲစာရင်းတွင်မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ (၄) ဖြင့် မြို့နယ်နှင့် ရပ်ကွက်ကော်မရှင်ရုံးများတွင် ကန့်ကွက်နိုင်သည်။

နိုင်ငံရေးပါတီများအနေဖြင့်လည်း ပြည့်စုံမှန်ကန်သော မဲစာရင်းများရရှိရေး၊ မိမိတို့၏ မဲဆန္ဒရှင်များ မဲစာရင်းတွင်ပါပြီး မဲပေးနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်က ဖိတ်ခေါ်ထားသည်။

မန္တလေးခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဇွန် ၈ ရက်နံနက်ပိုင်းက မြို့နယ်အလိုက် မဲစာရင်းများ ကြေညာပေးထားမှုကိုကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကျန်ရှိနေသေးသော မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ ညောင်ဦးခရိုင် မဲစာရင်းကို ဇွန် ၂၂ ရက်တွင် ဆက်လက် ထုတ်ပြန်ပေးမည်ဖြစ်သည်။

**သီဟကိုကို(မန္တလေး)**

## ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ မဲစာရင်းကြေညာမည့်ရပ်ကွက်များသို့ လိုက်လံစစ်ဆေး

**ကော့ကရိတ် ဇွန် ၁၀**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ရပ်ကွက်၊ ကျေးရွာများတွင် ကြေညာမည့်မဲစာရင်းများအား လုံခြုံမှု ရှိ၊ မရှိနှင့် ဇွန် ၈ ရက်တွင် အပြီးသတ်ကြေညာရန် အဆင်သင့်ဖြစ်/မဖြစ်ကို ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ ဇွန် ၇ ရက်က လာရောက်စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့တွင် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခွန်ချစ်သန်း၊ ဦးမြင့်ဦးတို့က ရပ်ကွက်၊ ကျေးရွာအထိ သွားရောက်စစ်ဆေးခဲ့ပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးခင်မောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးစန်းကြည်၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများလိုက်ပါ၍ မဲစာရင်းကပ်မည့်နေရာများသို့ လိုက်လံစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးထက်အောင်(ပြန်/ဆက်)**

UK's Top Computing Degree in Yangon

UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ အတွက် လျှောက်လွှာခေါ်ယူခြင်း

GUSTO INTERNATIONAL COLLEGE

၁။ တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ထားပြီး ပြည်တွင်းပြည်ပအလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာပညာရှင်ဖြစ်လိုသူများ လျှောက်ထားနိုင်ပါသည်။
၂။ အဆင့်မြင့်ကွန်ပျူတာ နည်းပညာဘာသာရပ်များကို နိုင်ငံတကာတက္ကသိုလ်ကြီးများအတိုင်း Student - Center Learning Approach ဖြင့် စာတွေ့လက်တွေ့သင်ယူရမည်ဖြစ်သည်။
၃။ စာသင်ကာလ၂နှစ်တက်ရောက်ပြီးအောင်မြင်ပါက UK's Edexcel မှချီးမြှင့်သော Higher National Diploma ကိုရရှိမည်ဖြစ်သည်။
၄။ နောက်ဆုံးနှစ်တစ်နှစ်ကို ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ၊ UK, USA, Australia, Singapore စသောနိုင်ငံတကာရှိ တက္ကသိုလ်ကြီးများ၌ဖြစ်စေ တက်ရောက်ပြီး B.Sc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။
၅။ ၂၀၁၅ ဇူလိုင်လတွင် တန်းခွဲသစ်တစ်ခု ဖွင့်လှစ်မည်ဖြစ်ပြီး တက်ရောက်လိုသူများအနေဖြင့် ဇွန်လ ၂၉ ရက်နေ့ နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါသည်။

* နယ်မှကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးသည်။

ခြံအမှတ် ၂၈၉ (အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်။ မြေနီကုန်းတံတားအနီး။ ရန်ကုန်မြို့။
Call Now : 09 862 8806, 09 730 31302, 01 504632

**စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မင်းစုရပ်ကွက်နေ ဦးသန်းသန်းထွေး(ခ)ဦးဘော်ဘီး-ဒေါ်တင်တင်စိုး(ခ)မငယ် (မြတ်တော်ဝင် Hotel)တို့၏သားငယ်

**မောင်ထက်ခန့်ကို (ခ) သားဖိုး**

International Diploma in Computer Studies(IDCS)UK
Diploma In Computer Arts (Dip.CA) & B.A(English)

နှင့်

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နေ ဦးတင်အုန်း-ဒေါ်စန်းစန်းတင်တို့၏မြေး၊ မြောင်းမြမြို့နယ်၊ အမှတ်(၈)ရပ်ကွက်နေ ဦးအောင်ကြီး-ဒေါ်စိန်စိန်(ရွှေငါး ငါးရှဉ့် ရောင်းဝယ်ရေး)(ရွှေပြည်အောင် ကုန်စည်ပို့ဆောင်ရေး)တို့၏ တစ်ဦးတည်းသောသမီး

**မခိုင်ဇာနည်အောင် (ခ) ခင်ခင်သစ္စာ**


International Diploma in Computer Studies(IDCS)UK
International Advanced Diploma in Computer Studies (IADCS)UK
Diploma In Computer Arts (Dip.CA) & B.A(English)

တို့သည် ၂၈-၅-၂၀၁၅ရက်(ကြာသပတေးနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ထက်ခန့်ကို-မခိုင်ဇာနည်အောင်

မြို့ပိုင်စေတနာဆေးတိုက်
ခရုသင်း (သမင်ဖြူ)
LEUCODERMA
ခရုသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

ဆိုင်ခန်းအမြန်ရောင်းမည်
ပဲခူးမြို့မှနှစ်ထပ်ဈေး၊ ဈေးရုံဝင်ပေါက်ထိပ်ဆိုင်၊ နှစ်ခန်းတွဲ၊ နေရာကောင်း
သိန်း (၃၅၀) ညှိနှိုင်း
၀၉ ၅၃၀၀၆၆၅


မြင်းကောင်ရေ(၉၀)
(အလျား ၁၈ ပေ×အနံ ၇ ပေ)

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်စာစောင်များပြသ



**မန္တလေး ဇွန် ၁၀**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်စာစောင်များ ပြသခြင်းကို ဇွန် ၉ရက် နံနက် ၉ နာရီက မန္တလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ရှေ့တွင်ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို မန္တလေးခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဇော်နိုင်၊ မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိန်ထွန်း၊ ခရိုင်ပြန်/ဆက် ဦးစီးမှူး ဒေါ်သန်းသန်းဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ၎င်းနောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးဒေါ်သန်းသန်းဝေက ပြပွဲပြသရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးကလည်း မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ ပြောကြားသည်။ ၎င်းနောက် ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များ၊ ဓာတ်ပုံနှင့် စာအုပ်စာစောင်များ ပြသထားမှုကို လိုက်လံကြည့်ရှုခဲ့ကြောင်းသိရသည်။

အခမ်းအနားနှင့်ပတ်သက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်သန်းသန်းဝေက "လူငယ်လူရွယ်တွေ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီးတော့ အသိတရားရရှိစေဖို့ အသိပညာပေးမှုအနေနဲ့လည်း (ယင်းမာ) မူးယစ်ဆေးဝါး နှိမ်နှင်းရေး အထူးစီမံချက်နဲ့ ပတ်သက်ပြီး မူးယစ်အထူးတပ်ဖွဲ့ အမှတ် (၁၇)၊အမှတ် (၁၈) တို့နဲ့ ပူးပေါင်းပြီး ပြည်ကြီးတံခွန်မြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်တို့မှာ ရှိတဲ့ လူစည်ကားရာနေရာတွေမှာ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေး နံရံကပ်နဲ့ မြေစိုက်ဘုတ်တွေ စိုက်ထူခဲ့ပါတယ်။ ဒ့ါအပြင် မြို့နယ်အလိုက်မှာလဲ ပညာရေးဌာနတွေနဲ့ ပူးပေါင်းပြီးတော့ ဦးစီးမှူးတွေကနေ ဟောပြောပွဲတွေ ဆောင်ရွက်ပြီး အသိပညာပေးနေပါတယ်။ လူငယ်တွေ မူးယစ်ဆေးဝါးအန္တရာယ်ကို ရှောင်ရှားနိုင်ဖို့အတွက် အများပြည်သူများ၊ မိဘဆရာသမားများအားလုံးမှာ တာဝန်ရှိပြီး သူတို့တတွေ မူးယစ်ဆေးရဲ့ သားကောင်မဖြစ်စေဖို့ အခုလို ပညာပေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း" ပြောပြသည်။

ပြပွဲသို့ လာရောက်လေ့လာသည့် ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ အလက (၂၅)မှ သတ္တမတန်းကျောင်းသူ မအိမ့်မွန်ကျော်ကလည်း ဒီနေ့ပြထားတာတွေမှာ နံရံကပ်ပန်းချီလေးတွေ ကာတွန်းပုံလေးတွေနဲ့ဆိုတော့ သမီးတို့တွေ ပိုပြီးတော့ ကြိုက်ပါတယ်။ ဘိန်းပင် ဘိန်းပန်းလေးတွေကို အရင်က နဲနဲပဲမြင်ဖူးတာ။ ဒီမှာ အစုံပြထားတာ၊ ဘိန်းပန်းလေးတွေက အရမ်းလှတယ် အရမ်းချစ်စရာကောင်းတယ်။ ဒါပေမယ့် အဲဒီပုံလေးဘေးမှာရေးထားတဲ့ အသိပညာပေး စာတွေက အရမ်းကြောက်ဖို့ကောင်းပါလားဆိုတာကို ဖတ်ရပါတယ်။ အနာဂတ် နိုင်ငံ့ခေါင်းဆောင်ဖြစ်မယ့် သမီးတို့လို ကျောင်းသားကျောင်းသူတွေကို စောစီးစွာ လူညွှန့်တုံးစေတဲ့ စာသားမျိုးကို ဖတ်လိုက်ရတဲ့အခါမှာ ချစ်စရာ ဘိန်းပန်းလေးတွေက တကယ့်ကြောက်စရာကောင်းပါလားဆိုပြီး သိလာတယ်။ သမီးကတော့ ကာတွန်းတွေနဲ့ ဓာတ်ပုံလေးတွေနဲ့ ကြည့်ရတာကို ကြိုက်ပါတယ် ။ သမီးအတွက် တကယ့်ကို အကျိုးရှိပါတယ်။ သူငယ်ချင်းတွေကိုလည်း ပြန်ပြောပါ့မယ်ဟု ပြောသည်။

**ဖြိုးဝေ (ဆင်တဲ၀)**



**မန္တလေးတိုင်းဒေသကြီးတွင် မော်တော်ဆိုင်ကယ်သုံးစွဲမှုများပြားလာပြီး ယာဉ်မတော်တဆမှုများ၊ ထိခိုက်သေဆုံး ဒဏ်ရာရရှိမှုများတွင်လည်း မော်တော်ဆိုင်ကယ်မဆင်မခြင်မောင်းနှင်မှုကြောင့် ဖြစ်ပွားမှု များပြားလျက်ရှိရာ မော်တော်ဆိုင်ကယ်မောင်းနှင်သူများနှင့် စီးနင်းသူများ မော်တော်ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးခိုင်မြဲစွာတပ်ဆင်အသုံးပြုရန်၊ မော်တော်ဆိုင်ကယ်ကို နှစ်ဦးထက်ပို၍ လူပိုတင်မစီးရန်၊ မြို့တွင်းသတ်မှတ်အမြန်နှုန်း ၁ နာရီ ၄၈ ကီလိုမီတာ မိုင် ၃၀ ထက်ပို၍ မောင်းနှင်ခြင်းမပြုရန်၊ မော်တော်ဆိုင်ကယ်အိပ်ဇောစက်သံ ဆူညံစွာမောင်းနှင်ခြင်းမပြုရန်၊ လမ်း၏ ယာဘက်အစွန်ဆုံးယာဉ်ကြောမှမောင်းနှင်ရန် တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက အသိပေးထားပြီး လိုက်နာခြင်းမရှိပါကမြို့တော်စည်ပင်သာယာဥပဒေပုဒ်မ ၂၆ အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။**

သတင်းနှင့်ဓာတ်ပုံ- မောင်ပြည်သူ(မန္တလေး)

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကျင်းပ

**သဲကုန်း ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ကိုယ်ကြီးမြှုပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ဇွန် ၇ ရက် မွန်းလွဲ ၁ နာရီက လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းသို့ ကျင်းပရာတွင် မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဦးက လူကုန်ကူးခြင်းဆိုင်ရာနှင့် မူခင်းကျဆင်းရေးအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ၊ ကျောင်းသားကျောင်းသူများနှင့် ကျေးရွာပြည်သူများက ဟောပြောပွဲ၌ ပြသထားသော လူကုန်ကူးမှုနှင့် မှုခင်းဆိုင်ရာအသိပညာပေး နံရံကပ်စာစောင် နှင့် ဓာတ်ပုံမှတ်တမ်းများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ခရိုင်ပြန်/ဆက်**


**TAXI ငှားမည်**
AD BAN စပေါ် ၃သိန်း။
တစ်ရက် ၁၀၀၀၀ိ/- အိမ်ပေး။
Ph:09450036846

**အမည်ပြောင်း**
ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ မကျွန်းမော်ရွာနေ ဦးဝင်းစိန်၏သမီးဖြစ်သူ လောင်းလုံးအထက ဒသမတန်း(B)မှ မသက်ဇင်ဖြူအား မသက်ဇင်ထွေး ဟုပြောင်းလဲခေါ်ဆိုပါရန်။ မသက်ဇင်ထွေး

ဥယျာဥ်မှူး ဗိုလ်လောင်းဝင်ခွင့်သင်တန်းများ
DSMA, DSTA, DSA အင်္ဂလိပ်၊ သင်္ချာ၊ ဇီဝ အထွေထွေ
တာမွေ၊ရွှေဗဟိုလ်အထူးကျူရှင်။ 09 5114804, 09 420042800

**ပြင်ဆင်ဖတ်ရှုပါရန်**
၃၀-၅-၂၀၁၅ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၈) ကန့်ကွက်နိုင်ကြောင်းကြော်ငြာ တောင်ဥက္ကလာပမြို့နယ်၊ GP ဦးကိုကိုဦး၏ ပိုင်ဆိုင်ကြောင်း မြေပုံကူးတွင် ဦးကိုကို [၁၂/ဥကတ(နိုင်)၁၀၈၀၆၅] အစား ဦးကိုကိုဦး [၁၂/ဥကတ(နိုင်)၁၀၈၀၆၅] ဟု ဖတ်ရှုပါရန်။

**ရင်ခုန်သံ**
နာကျင်မှုမရှိဘဲ၊ ထာဝရလှပသော မျက်ခုံး၊ Eye-liner၊ နှုတ်ခမ်းအရောင် သွင်းသည်။ (တစ်ခါသုံးပစ္စည်းများဖြင့်သာ)
Ph:09-5275493



ကြော်ငြာ

# ဦးအောင်အောင် LCCI

B.A Econ; MPA; ACCA Part(II); D.A(UK); Dip in Stats;DMAc

Level I+II 15%Dis: Level III 15%Dis:

| SAT-SUN | THU-FRI | SUN | (A) MON to WED |
|---|---|---|---|
| 7 - 8:30 am | 9:30 - 11:30 am | 2 - 5:00 pm | 10 am - 4 pm 22.6.15 |
| 20.6.15 | 25.6.15 | 5.7.15 | (B) SUN 9 am - 5 pm 20.6.15 |
| | | | (C) MON to SUN 6 pm - 8 pm 6.7.15 |

အမှတ်(၂၇၉)၊ ၃ထပ်(ဘယ်)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း - ၀၉ ၅၁၀၃၀၀၂၊ ၀၉ ၉၇၅၁၀၃၀၀၂၊ ၀၉ ၇၈ ၅၁၀၃၀၀၂

bwin

ကံစမ်းမဲ အစီအစဉ်မှ ပေါက်မဲနံပါတ်များ



၁၀ သိန်းဆု

E-0152323 E-0155249 E-0211128

၅ သိန်းဆု

E-0192258 E-0238895 E-0251948
E-0152194 E-0166831 E-0161320 E-0170586

(၁) သိန်းဆု

| | | | | |
|---|---|---|---|---|
| D-0105521 | D-0117484 | D-0119905 | D-0152627 | D-0169135 |
| D-0175501 | D-0180746 | D-0197190 | D-0223322 | D-0239401 |
| D-0261474 | D-0272397 | D-0318164 | D-0324449 | D-0334578 |
| D-0346899 | D-0349309 | E-0102539 | E-0112802 | E-0112940 |
| E-0113506 | E-0120026 | E-0123915 | E-0126565 | E-0146700 |
| E-0151224 | E-0151370 | E-0152359 | E-0153723 | E-0154024 |
| E-0158728 | E-0163672 | E-0167012 | E-0167703 | E-0167901 |
| E-0173882 | E-0175670 | E-0179945 | E-0185217 | E-0185462 |
| E-0189834 | E-0197583 | E-0197597 | E-0200877 | E-0201036 |
| E-0213400 | E-0229763 | E-0239490 | E-0240093 | E-0180132 |

## ဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောတောင်ရပ်ကွက်၊ မအူပင်လမ်း၊ ဝါတွင်း၀ါပ လပြည့်/လကွယ် အရှက်ဆွမ်းလောင်းလှူမှုရေးအသင်းနှင့် လမ်းအတွင်း အပတ်စဉ် တနင်္ဂနွေ သန့်ရှင်းရေးအသင်း၏ အသင်းဝင်များဖြစ်ကြသော ဦးတင်ဝင်း-ဒေါ်လှဲ့မူမူတို့၏သမီး **မအိသက်ခိုင်ဝင်း** ခုံအမှတ်(ဆဒဂ-၃၉၆) အထက(၁)ဒဂုံနှင့် ဦးစိုင်းအုန်းကျော်-ဒေါ်ခင်သန်းညွန့်(မငယ်)တို့၏သမီး **နန်းမေရှင်းသန့်** ခုံအမှတ်(ဆစခ-၁၉၉) အထက(၂)စမ်းချောင်းတို့သည် ၂၀၁၄/၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို (၆)ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ကြောင်း ကြားသိရပါသဖြင့် သမီးငယ်နှစ်ဦးကို လှိုက်လှဲစွာဂုဏ်ပြုအပ်ပါသည်။

**စမ်းချောင်းမြို့နယ်၊ မအူပင်လမ်း၊**
**ဝါတွင်းဝါပ၊ လပြည့်လကွယ် အရှက်ဆွမ်းလောင်း လှူမှုရေးအသင်းနှင့်**
**အပတ်စဉ် တနင်္ဂနွေနေ့ တံမြက်စည်းလှည်း အသင်းသူ/သားများ**

အဝေးသင်တက္ကသိုလ်သင်တန်းသားများအတွက်

Nyein အဝေးသင်

ဗွီနှလ တန်းခွဲသစ်များ ဖွင့်ပြီ

ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်

ဝိဇ္ဇာ၊ အင်္ဂလိပ်စာ၊ ဥပဒေ၊ စီးပွားရေး

Nyein Center ■ ၁၆၇/၁၇၃၊ အခန်း B-2၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၅၆၆၂
Nyein လှည်းတန်း ■ မြိုင်အဝေးသင် သင်တန်း၊ အမှတ် ၂၃၊ အခန်း B-4၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၇၇၀၀၉၆၂

ဆရာကြီးဦးထူးအောင် တည်ထောင်အုပ်ချုပ်၍ အင်္ဂလိပ်စာ ဆရာမဒေါ်ခင်ဦးသာ (B.E) ဦးစီးသင်ကြားသည်။ Ph.D,M.Sc,B.E,B.Com ဘွဲ့ရ ဆရာကြီးများသင်ကြားသည်။

မိဘ ဝေ တွ ရှာ ဖွေ နေ ကြ တဲ့ ၂၁-နှစ်ပြည့်

# မြမြင့်မိုရ်

ကိုယ်ပိုင်အထက်တန်းကျောင်း

၅ တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ဖွင့်ပြီ

စာသင်၊ စာကျက်၊ စာစစ် ပိုင်းနှင့် ဘော်ဒါ တန်းခွဲသစ်

ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်အမှတ် (ကက-၁၃/၁၉/၀၂၉)

- ကျောင်းသားဦးရေ ကန့်သတ်
- ကျောင်းသားဆိုသည်။
- အောင်ချက် ၁၀၀ ရာခိုင်နှုန်း
- ဂုဏ်ထူး ၈၅ ရာခိုင်နှုန်း

| အတန်း | ကျောင်းလခ |
|---|---|
| ၅တန်း | ၃၀၀၀၀ |
| ၆တန်း | ၃၀၀၀၀ |
| ၇တန်း | ၄၀၀၀၀ |
| ၈တန်း | ၅၀၀၀၀ |
| ၉တန်း | ၅၀၀၀၀ |
| ၁၀တန်း | ၆၀၀၀၀ |

ခြံအမှတ် (B - ၈၅)၊ ပတ္တမြားနှင်းဆီလမ်း၊ ရွှေပင်လုံအဆင့်မြင့်အိမ်ရာ၊ အပိုင်း(၃)၊ Rose Park-3၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)။ 09-73238230, 09-5160046, 09-36193766

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
## (တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံး ပုံစံ(၄)မျိုးအား ရိုက်နှိပ်လိုပါသဖြင့် ၁၁-၆-၂၀၁၅ ရက်မှစ၍ ၂၄-၆-၂၀၁၅ ရက်အထိ ရိုက်နှိပ်မည့် လုပ်ငန်းသုံးပုံစံ(၄)မျိုး၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် တစ်စောင်လျှင် ငွေကျပ် ၅၀၀၀ိ/- (ကျပ်ငါးထောင်တိတိ)ဖြင့် လာရောက်ဝယ်ယူနိုင်ပြီး ၂၄-၆-၂၀၁၅ရက်၊ ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ တယ်လီဖုန်းအမှတ်-၀၆၇-၄၃၁၀၂၇ နှင့် ၀၆၇-၄၃၁၀၄၂ သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

Golden Win Success ကုမ္ပဏီမှ
The World အမှတ်တံဆိပ် DR-40
အမျိုးအစား (၆)လခန့် သုံးစွဲပြီးသော
စပါးရိတ်သိမ်းခြွေလှေ့စက်များ
ရောင်းချရန် ရှိပါသည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၉၇၈၈၁၀၅၆၉၊ ၀၉-၃၁၄၄၅၈၇၇

**အမည်ပြောင်း** ထားဝယ်မြို့၊ ဘုမ္မော်ရပ်နေ ဦးခန့်ဇော်ထိုက်-ဒေါ်ညိုညိုသက်တို့၏ သမီး ထားဝယ် အထက(၃) ဒသမတန်း(B)မှ မဆုမြတ်ရှင်အား မထူးထက်ထက်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မထူးထက်ထက်အောင်**

ဆရာရာန်နိုင် DRAGON KING

ကွန်ဖူး - ဇန်ဒို - ထိုင်ကွာချီ

ဇန်ဒို အထူးအမြန် ဖိုက်တင်ရက်တိုသင်တန်း

အမှတ်-၃၆၇(၆-လွှာ)၊ မဟာဗန္ဓုလလမ်း၊ နှင့် ၃၈-လမ်းထောင့်၊ ကျောက်တံတားမြို့နယ် ရန်ကုန်။ ဖုန်း- ၀၉၅၀၁၀၆၆၂၃၊ ၀၉ ၇၉၉၂၉၆၀၄၅

*3M Lady Only Beauty School*

ပညာဒါန (အလှပြင်သင်တန်းကျောင်း) (အမျိုးသမီးသီးသန့်)

Hight Light

Foot Maassage & Cleansing

ဖုန်း- 09-259294814 , 09972365665၊ 09799481490 , 01-9699653




ရန်ကုန်-သမ္မတ၊ သွင်၊ မင်္ဂလာ(၁)သိမ်ကြီးဈေး၊ မင်္ဂလာစံပြ(ဘုန်းကြီးလမ်း)၊ Top Royal(စိန်ဂေဟာ-ပါရမီ)၊ Junction Cineplex(Square)၊ Junction Cineplex(Maw Tin)
မန္တလေး-ဝင်းလိုက်၊ မြို့မ၊ ပြည်-မင်္ဂလာထွန်းသိရိ၊ တောင်ကြီး-မြသုခ၊ လားရှိုး-သီတာအေး၊ အောင်သီရိ၊ ဘားအံ-တက်နေဝင်း၊ ပုသိမ်-ရွှေပြည်တော် အဆင့်မြင့် ရုပ်ရှင်ရုံများတွင် တစ်ပြိုင်တည်းပြပြီ။

**GL** အဆင့်မြင့်ခရီးသွားလုပ်ငန်း

- ကျိုက်ထီးရိုး ဝါဆိုပွဲတော် (နေ့ချင်းပြန်) July 30
- ပြည်၊သရေခေတ္တရာ (နေ့ချင်းပြန်) July 18,30
- ဘားအံ၊ကျုံထော်ရေတံခွန် (နေ့ချင်းပြန်) July 18,30
- နေပြည်တော် ၊ဗုဒ္ဓဂယာ (နေ့ချင်းပြန်) July 19,31
- မော်လမြိုင်၊ကျိုက္ခမီ၊စက်စဲ၊ဘားအံ July 30
- ပုဂံ(စွယ်တော်လေးဆူ)၊ပုပ္ပါး၊ပခုက္ကူ July 30
- မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း July 30
- ကယားပြည်နယ်၊လွိုင်ကော် July 30

Ph;09 73040050,09 73040051,09 73040052,09 73040053

**ဖခင်အမည်မှန်**

ဒဂုံမြို့သစ်မြောက်ပိုင်း၊ အထက(၃)၊ သတ္တမတန်း(C)မှ မဇင်မာအောင်၏ဖခင် အမည်မှန်မှာ ဦးအောင်ကြီး[၁၂/သဃက (နိုင်)၀၀၀၁၆၁] ဖြစ်ပါသည်။

**ဦးအောင်ကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ ညောင်ပင်ကြီးစု ကွက်သစ်တွင် နေပြည်တော်ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ တိုင်းရုံး (၇၀'×၅၀'×၂၄') RC နှစ်ထပ်အဆောက်အအုံနှင့် ဆက်စပ်လုပ်ငန်းများ ဆောက်လုပ်ခြင်းအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၅-၆-၂၀၁၅

(ခ) တင်ဒါပုံစံပိတ်မည့်ရက်နှင့်အချိန် - ၅-၇-၂၀၁၅ ၊ ၁၆း၀၀ နာရီ

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို နေပြည်တော်အဆင့် တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ၊ နေပြည်တော်ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန၊ ပေါင်းလောင်း(၁၇)လမ်း၊ ပေါင်းလောင်းတိုးချဲ့ (၂) ရပ်ကွက်၊ ပျဉ်းမနားမြို့တွင် လာရောက်ထုတ်ယူနိုင်ပြီး တင်ဒါအာမခံကြေး ပေးသွင်းပြီးမှသာ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။

၃။ တင်ဒါဖွင့်မည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက နေပြည်တော် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန (ဖုန်း ၀၆၇- ၂၂၆၅၁) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နေပြည်တော်အဆင့် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## သတ္တုတွင်းဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာနရှိ ဝန်ကြီးရုံး/ဦးစီးဌာန/လုပ်ငန်းခုနစ်ခုတွင် အသုံးပြုမည့် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်-

(က) မော်တော်ယာဉ် တာယာနှင့်ဘက်ထရီ၊

(ခ) မော်တော်ယာဉ် စက်ဆီ၊ ချောဆီ၊

(ဂ) Electronic & Accessories

၂။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၀-၆-၂၀၁၅ရက်၊ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။


၃။ တင်ဒါပုံစံများကို သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံး/ဦးစီးဌာန/လုပ်ငန်းခုနစ်ခုတွင် သတင်းစာကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သတ္တုတွင်းဝန်ကြီးဌာန**

**ရုံးအမှတ်(၁၉)၊ ဖုန်း-၀၆၇-၄၀၉၃၇၂၊ ၀၆၇-၄၀၉၁၆၀**

## ထင်၏ နိုင်ငံတကာပညာရေးလမ်းကြောင်းကို မလေးရှားတွင်စတင်ပါ။

### နိုင်ငံတကာအသိအမှတ်ပြု (Washington Accord *) ဒီဂရီတစ်ခုရယူရန်ဘယ်လောက်ကုန်ကျမလဲ ?




* WASHINGTON ACCORD ဆိုသည်မှာ Professional Engineers များအဖြစ်အသိအမှတ်ပြုသော နိုင်ငံတကာသဘောတူညီချက်ဖြစ်သည်။ Forbes Survey 2013

LEARN MORE affordably | Education MALAYSIA

မလေးရှားပညာရေးစုံညီပွဲတော်ကို လာရောက်လေ့လာရင်း ဘွဲ့ ၊ မဟာဘွဲ့များအတွက် စကောလားရှစ် အခွင့်အလမ်းများကိုရယူပါ။ မလေးရှားပညာရေးမှတဆင့် ယူကေ ၊ ဩစတြေးလျ နှင့် အမေရိကန် နိုင်ငံများသို့ ဆက်လက်ပညာသင်ကြားနိုင်သော လမ်းကြောင်းများကို လာရောက်လေ့လာပါ။

ဝင်ကြေး (အခမဲ့)

**ရန်ကုန် – ဇွန်လ (၁၃) ရက် ၂၀၁၅**

ROSE GARDEN ဟိုတယ် ၊ နံနက် (၁၁)နာရီမှညနေ (၄)နာရီ

ဆက်သွယ်စုံစမ်းရန်၊ ၀၉ ၅၀၆၂၈၉၁

www.facebook.com/expomyanmar

education malaysia global services နှင့် ministry of education malaysia

## လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ
ဦးစန်းထိန်-ဒေါ်ညွန့်ညွန့်သန်းတို့၏သား

**မောင်အောင်မိုး**

B.E (Electronic)
99 Purified Drinking Water Factory

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ
ဦးမင်းလွင်-ဒေါ်စန်းစန်းမြင့်တို့၏သမီး

**မစုဝင့်ဖြူ**

B.A (Psychology)
Diploma in Business Management (ABE, UK)
(LCCI, UK)

တို့၏ ၁၇-၅-၂၀၁၅ရက်တွင် ရန်ကုန်မြို့၊ Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ဆင်မြန်းပေးပါသော အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာ ကျော်ဇောနှင့်ဇနီး ဒေါ်မေမျိုးမြတ် (စာပန်းအိမ်၊ ပြင်ဦးလွင်)၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဦးအေးမင်း(မန်နေဂျင်းဒါရိုက်တာ၊ ရွှေနှစ်လှိုင်ကုမ္ပဏီလီမိတက်)နှင့်ဇနီး ဒေါ်ချိုချိုလှိုင်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး ဒေါ်ခိုင်ဝါ၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော ညီမလေးမဆုမြတ်နိုးကျော်၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဇွန်းများ ကိုင်ဆောင်ပေးပါသော တူမလေးမသဇင်နှင်းပွင့်နှင့် မလဝန်းဟေသာတို့အားလည်းကောင်း၊ သတို့သားအရံအဖြစ် ဆောင်ရွက်ပေးကြပါသော မောင်လေး မောင်နေမင်းထက်နှင့် မောင်ကျော်ဇင်လတ်၊ သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးကြပါသော ညီမလေး မပိုးပိုးမင်းလှိုင်နှင့် ညီမလေး မော်ဒယ်အမရာငြိမ်း၊ မင်္ဂလာဝတ်စုံများ ဆင်မြန်းပေးပါသော ချစ်သူငယ်ချင်း ဝင့်ထွေးမွန်(ယဉ်သူထိုက်ပိုးထည် မန္တလေး)နှင့် မနန္ဒာ(သီတဂူ)၊ Designer ကိုမင်းသက်စံ (Sweet & Smart)၊ Designer မအေးနွယ်ချော၊ Designer မချစ်မိုးဖြူ (Purple Rain)တို့အားလည်းကောင်း၊ မိတ်ကပ်လင်းလင်းနှင့် အဖွဲ့၊ မေတ္တာနှင့်ဓာတ်ပုံဗီဒီယိုရိုက်ကူးပေးပါသော မောင်လေး မောင်အောင်ခန့်ကျော်(ART Entertainment)နှင့် အဖွဲ့သားများ၊ Cupid Music Band နှင့် The Four Music Band တို့အားလည်းကောင်း၊ ၁၀-၅-၂၀၁၅ ရက်တွင် ရန်ကုန်မြို့၊ ပုလဲကွန်ဒိုနေအိမ်၌ပြုလုပ်သော လက်ထပ်မင်္ဂလာလက်မှတ်ရေးထိုးပွဲ၊ ၁၇-၅-၂၀၁၅ရက်တွင် Royal Garden Restaurant ၌ ကျင်းပသည့် မင်္ဂလာညစာစားပွဲနှင့် ၁၈-၅-၂၀၁၅ရက်တွင် ရွှေမင်းဝံသာသနာ့ရိပ်သာ၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ တက်ရောက်ချီးမြှင့်ပေးကြပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးများ၊ ရပ်ဝေးမှလာရောက်ချီးမြှင့်ပေးကြပါသော မိတ်ဆွေသူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်အောင်မိုး-မစုဝင့်ဖြူ**



## "သခင်သိန်းဖေ (ဝါးခယ်မ) အတွက် (၉၉) နှစ်ပြည့် မွေးနေ့ဆုမွန်"

(၉. ၆. ၂၀၁၅) အင်္ဂါနေ့တွင် (၉၉) နှစ်ပြည့်မြောက်သည့် ဖခင်ကြီး သခင်သိန်းဖေ (ဝါးခယ်မ) (နိုင်ငံ့ဂုဏ်ရည်-ပထမဆင့်)၏ နိုင်ငံနှင့် လူမျိုးအတွက် ဘဝတစ်လျှောက်လုံး ကိုယ်ကျိုးစွန့် အနစ်နာခံ ဆောင်ရွက်ခဲ့မှုများကို သား၊ သမီး၊ မြေး၊ မြစ်များမှ အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

| | | |
|---|---|---|
| သားကြီး | – | ဦးကျော်စွာ (တူးတူး)၊ (မြေး) မဇာဇာကျော်စွာ၊ မနှင်းဖြူဖွေး၊ (မြစ်) ZACHERY, ZANDRA |
| သားလတ် | – | ဦးဇော်သိန်း (ဆန်နီ) + ဒေါ်စမ်းစမ်းအေး (ပျော်ဘွယ်လေးကြိုးစက်) |
| | | (မြေး) ဒေါက်တာနေဝင်းအောင် + ဒေါက်တာနှင်းအိထွေး၊ (မြစ်) လျှံမင်းသစ်၊ (မြေး) မထက်အိမ်ကျော် |
| သားငယ် | – | ဦးမော်သိန်း (ဘန်နီ) Bunny Balm ဆေးပရုတ်ဆီ |
| သမီး | – | ဦးစိုင်းသက်နိုင်မိုး (ဒု-ညွှန်မှူး၊ အိုးအိမ်ဦးစီးဌာန) + ဒေါ်ထားထားအေး (အေးမိစံ)၊ |
| | | (မြေး) မောင်မြတ်ဟိန်းကျော် + မခမ်းရိပ်မိုး၊ မစမ်းရေမိုး |

"ပျောက်ဆုံးခြင်း"
Kaung San Win Co., Ltd. ၏ Myanma Investment And Commercial Bank ( MICB ) ဘဏ်စာအုပ်၊ စာရင်းအမှတ်-( **FDK-10-0451**) စာအုပ်မူရင်း မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။
Ph: 203023.

## နိုင်ငံသားစိစစ်ရေးနံပါတ်အမှန်

အဖ ဦးကိုလေး၏သား မောင်အောင်ဗိုလ်ကို၏ နိုင်ငံသားစိစစ်ရေးနံပါတ်အမှန်မှာ ၁၄/သပန(နိုင်)၁၃၈၉၁၃ ဖြစ်ပါသည်။

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၆-၂၀၁၅ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၂၀)ပါ Myanma Awba Group ကြော်ငြာတွင် အမှတ်စဉ် (5) Receptionist M-1 Post အစား F-1Post နှင့် thinzarwin@awba-group.biz ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အလင်းရောင် General Services ၏ IDEA HOUSE


**အလင်းရောင် General Services ၏ Idea House မှ ကြီးမှူးပြုလုပ်မည့် အသိနှင့်အတိ Championship TV Program ပြိုင်ပွဲ**

အထက်ပါပြိုင်ပွဲတွင် အောက်ဖော်ပြပါ စာစု များမှ 1st, 2nd, 3rd ရသူများ (၃၀)ဦးသာလျှင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိမည်။

- ၁။ မှန်ကန်သောရည်ရွယ်ချက်
- ၂။ စည်းလုံးခြင်း၏ခွန်အား
- ၃။ အဖြစ်ချင်ဆုံးဆန္ဒ
- ၄။ အချစ်စစ်၏သံစဉ်
- ၅။ ဘဝအမောပြေသံစဉ်
- ၆။ ဘဝလက်တွဲဖော်အပေါ်မျှော်လင့်ချက်သံစဉ်
- ၇။ လက်ရှိမြန်မာနိုင်ငံပညာရေးအပေါ်သုံးသပ်ချက်
- ၈။ လက်ရှိမြန်မာနိုင်ငံကျန်းမာရေးအပေါ်သုံးသပ်ချက်
- ၉။ လက်ရှိမြန်မာနိုင်ငံနိုင်ငံရေးအပေါ်သုံးသပ်ချက်
- ၁၀။ မတူကွဲပြားမှုအပေါ်သုံးသပ်ချက်

**အမှတ်စဉ်(၁ မှ ၃ ထိ)သည် S.G.C Member ဝင်ကျောင်းသားများသီးသန့်။**
**အမှတ်စဉ်(၄) သည် ချစ်သူစုံတွဲများအတွက်သီးသန့်။ အမှတ်စဉ်(၆) သည်အိမ်ထောင်မရှိသူများအတွက်သီးသန့်။**

**အကောင်းဆုံးစာစု ဆု (ပထမ) – ၁၀ ခု အတွက် အရေးခုများ စိစဉ်ထားပြီး**
**Champion ဆုအတွက် ဆုငွေ (၁၃)သိန်း**

ဤ TV Program Show ပြိုင်ပွဲအတွက် အဘက်ဘက်မှ Sponsor ပေးလိုသူများအနေဖြင့် Idea House သို့ (၁၃-၈-၂၀၁၅) နောက်ဆုံးထားဆက်သွယ်နိုင်ပါသည်။

TV Channel တစ်ခုကိုသာမှုပိုင်ပေးသွားမည်ဖြစ်ပြီး Idea House ၏ နောက်ဆက်တွဲပွဲစဉ်များကိုပါစာချုပ်ချုပ်ဆိုသွားပါမည်ဖြစ်၍ (၁၃-၈-၂၀၁၅) နောက်ဆုံးထား ဆက်သွယ်နိုင်ပါသည်။

ဤပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်လိုသူများသည် Idea House ၏ Email(2013htinhlaing@gmail.com) သို့ စာစုများအား အမည်၊ မှတ်ပုံတင်၊ အသက်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ ဓါတ်ပုံ(၁)ပုံတို့နှင့်တကွ(၁၃-၉-၁၅) ရက်နေ့ နောက်ဆုံးလျှောက်ထားပေးပို့နိုင်ပါသည်။

**i m possible**

နိုင်ငံတစ်ဝန်းရှိ အသက်(၁၈နှစ်မှ ၄၀နှစ် အထိ) မည်သူမဆို ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပါသည်။

S.G.C Member ဝင် ကျောင်းသားများအတွက် အထူး အခွင့်အရေးအနေ ဖြင့် တစ်ဦးလျှင် စာစု (၁၀)ခုလုံး ပါဝင် ယှဉ်ပြိုင်ခွင့်ရှိပြီး ကျန်သူများသည် တစ်ဦးလျှင် စာစု (၃) ခုသာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။




အသိ အတိ အရှိ

**Championship ပြိုင်ပွဲ**

အမှတ်(၇၈)၊ ၇-လွှာ(ဘယ်)၊ ဗညားဒလလမ်းနှင့် ၁၂၁ လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၂၅၈၈၅၂၄၀၅၊ ၀၉၂၅၈၈၅၂၄၀၆၊ ၀၉၂၅၈၈၅၂၄၀၇

www.ideahousemyanmar.com


## ကားသန့်ဇင်
## CAR RENTAL

ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
**ဖုန်း-၀၉-၄၃၀၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၁**

## ရောင်းမည်/ငှားမည်

၁။ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေပုဇွန် အအေးဆိုင်အနီး၊ မြေပေ(၁၀၀×၁၀၀)ပေါ်ရှိ (၁)ထပ်တိုက် (၁)လုံး
၂။ ဘောဂသီရိအဝေးပြေးကားဂိတ်အနီး၊ ပေ(၇၅×၅၀)၊ အဆောက်အအုံနှင့် မြေ(၂)ခက
**ဖုန်း-၀၉-၄၄၈၀၂၆၃၈၈၊ ၀၉-၇၃၁၀၄၀၄၇**

## တိုက်နှင့်ခြံရောင်းမည်

မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ (67'×180')၊ RC တစ်ထပ်ခွဲတိုက်၊ အဆင့်မြင့် ပြင်ဆင်ပြီး၊ ရောင်းဈေး သိန်း(၂၈၀၀)။
**ဖုန်း-၀၉-၅၀၇၁၆၄၉၊ ၀၉-၇၉၅၃၇၀၈၈၂၊ ၀၉-၇၃၂၀၀၀၈၆**

## မြေကွက်ဝယ်လိုသည်

ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့၊ ဒဂုံ တောင်မြို့နယ်များရှိ မြေကွက်များဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
**Ph: 09-260664480, 09-260664490**




## FMI Air

### First Job Fair
### June 13th & 14th, 2015 (9 AM– 12 PM)

**Would you like to work for Myanmar's Premium Airline?**

**Have you got a vibrant personality ?**

**Do you enjoy hospitality & most importantly love working with customers?**

**THEN WE WANT YOU!!!**

**Bring your CV and come on down to our Job Fair .**

**Venue : Room No(606,610) , Level 6,**
**FMI Center, No (380), Bogyoke Aung San Road,**

## လူပျောက်ကြော်ငြာ



အမှတ်(၂၈)၊ ရွှေဥဒေါင်းလမ်း၊ ဘုရင့်နောင်ရိပ်သာ၊ (ဂ)ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ မပိုးအိစိုး(ခ)စိုးစိုး (၁၆)နှစ်သည် ၃၁-၅-၂၀၁၅ရက်၊ နံနက် ၇း၃၀ နာရီတွင် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ တွေ့ရှိသူအား ကျေးဇူးဆပ်ပါမည်။ ဖြားယောင်းသွေးဆောင်လက်ခံထားသူအား တည်ဆဲဥပဒေအရ အရေးယူသွားပါမည်။
**ဖုန်း-၀၉-၇၃၁၃၆၆၈၅၊ ၀၉-၉၇၂၅၃၁၅၆၉၊ ၀၉-၇၉၉၈၄၄၆၉၁၊ ၀၉-၂၅၂၅၇၃၈၄၇၊ ၀၁-၅၁၃၂၀၄၊ ၀၁-၆၄၆၄၈၇**

## ရောင်းမည်

(15'×50')၊ (၄)လွှာ၊ ကမ်းနားလမ်းမပေါ်၊ ကြည့်မြင်တိုင်၊ အသင့်နေထိုင်နိုင်။
ဈေးနှုန်း (၅၉၀)သိန်း
Ph:09-798024046

Hot Line No-0930500100

# မြန်မာနိုင်ငံတွင် ပထမဆုံးယူနက်စကို၏ ဇီဝအဝန်းနယ်မြေဖြစ်လာသည့် အင်းလေးကန်ဒေသ



မြန်မာနိုင်ငံ၏ ပထမဆုံး ဇီဝအဝန်းနယ်မြေအဖြစ် အတည်ပြုသတ်မှတ်ခြင်းခံခဲ့ရသည့် အင်းလေးဒေသ။ (ဓာတ်ပုံ-Khin Ouz)

**နေပြည်တော် ဇွန် ၁၀**

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ဇွန် ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပလျက်ရှိသည့် (၂၇)ကြိမ်မြောက် ကုလသမဂ္ဂပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့(ယူနက်စကို)၏ လူသားနှင့် ဇီဝအဝန်းနယ်မြေ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကောင်စီအစည်းအဝေး၌ ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်ဒေသကို မြန်မာနိုင်ငံ၏ ပထမဆုံးဇီဝအဝန်းနယ်မြေ (Biosphere Reserve)အဖြစ် ဇွန် ၉ ရက်တွင် အတည်ပြုသတ်မှတ်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ယူနက်စကိုသို့ နိုင်ငံပေါင်း ၁၉ နိုင်ငံမှ နေရာဒေသ ၂၆ ခုကို ဇီဝအဝန်းနယ်မြေအဖြစ် အဆိုပြုတင်သွင်းခဲ့ရာ နယ်မြေဒေသ ၂၀ ကို အတည်ပြုသတ်မှတ်နိုင်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၄ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၁၉ နိုင်ငံတွင် လူသားနှင့်ဇီဝအဝန်းနယ်မြေပေါင်း ၆၃၁ ခုရှိရာမှ ယခုနှစ်တွင် ၆၅၁ ခုအထိ သတ်မှတ်နိုင်ခဲ့ပြီဖြစ်သည်။

အင်းလေးကန်ဒေသအား လူသားနှင့်ဇီဝအဝန်းနယ်မြေ (Man and the Biosphere Reserve Programme-MAB) အဖြစ်သတ်မှတ်နိုင်ရန် လုပ်ငန်းစဉ်များကို ၂၀၁၃ ခုနှစ်မှစ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ယူနက်စကိုတို့ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ယူနက်စကိုသို့ အမည်စာရင်းပေးပို့ အဆိုပြုနိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ အမည်စာရင်းပေးပို့နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် အင်းလေးကန်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ လူထုအခြေပြုအဖွဲ့အစည်းများ၊ ပညာရှင်အဖွဲ့အစည်းများနှင့် အရပ်ဘက် အဖွဲ့အစည်းများအပါအဝင် အင်းလေးကန်ဒေသနေပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် စာမျက်နှာ ၈ ကော်လံ ၁ သို့



သတင်း - ညီမြတ်သော်တာ
ဓာတ်ပုံ - စိုးညွန့်(ခေတ္တစင်ကာပူ)

# မြန်မာယူ-၂၃ အသင်း အုပ်စုပထမဖြင့် ဆီမီးတက်

**စင်ကာပူ ဇွန် ၁၀**

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ ညနေပိုင်းက စင်ကာပူနိုင်ငံရှိ ဂျလန်းဘီဆာကွင်းတွင် ကျင်းပရာ မြန်မာနှင့် ကမ္ဘောဒီးယားတို့ သုံးဂိုးစီသရေကျခဲ့သည်။

မြန်မာအသင်းမှာအုပ်စုတွင်းရှုံးပွဲမရှိဖြင့် ကစားကာ အုပ်စုပထမဖြင့် ဆီမီးတက်သွားပြီဖြစ်သည်။ အရန်ကစားသမားများကို အသုံးပြုခဲ့သည့် မြန်မာအသင်းမှာ ရှုံးကန်ခဲ့ရပြီး နောက်ကျချေပဂိုးနှစ်ဂိုးကြောင့်သာ သရေကျခဲ့ခြင်းဖြစ်သည်။

ဆီမီးအဆင့်သို့ တက်ရောက်ပြီးဖြစ်သည့် မြန်မာအသင်းမှာ အပြောင်းအလဲများပြုလုပ်ခဲ့ပြီး ပုံမှန်ပွဲထွက်နေကျ ကစားသမားများထဲမှ ကျော်ဇင်လွင်၊ ရဲဝင်းအောင်၊ ဖြိုးကိုကိုသိန်း၊ ရဲကိုဦးနှင့် ရှိုင်းသူရတို့သာ ပါဝင်ခဲ့သည်။ အရန်ကစားသမား အများအပြားပါဝင်လာသည့် မြန်မာအသင်းမှာ စာမျက်နှာ ၉ ကော်လံ ၁ သို့

# မြန်မာ့ရုပ်မြင်သံကြားမှ မြန်မာနှင့်ထိုင်း ပိုက်ကျော်ခြင်း အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်း အမျိုးသားနှစ်ယောက်တွဲ ပွဲစဉ်၌ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြပုံများကို မြန်မာ့ရုပ်မြင်သံကြား News Channel နှင့် Entertainment Channel တို့မှ ဇွန် ၁၁ ရက် နံနက် ၉ နာရီခွဲမှ စတင်ပြီး တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**(၂၈)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ 9-Ball Pool ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သော မောင်မောင် ပြိုင်ပွဲဝင်နေစဉ်။** (ဓာတ်ပုံ-စိုးညွန့်)




themirror.npt@gmail.com
www.facebook.com/themirrordaily